ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်၊ တနင်္လာနေ့။ Monday 12 November 2018 ၉၄၆၈

# နိုင်ငံတော်အစိုးရ၏ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုအခြေအနေများ သိရှိနိုင်ရန် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

နိုင်ငံတော်အစိုးရ၏ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအတွက် လက်တွေ့မြေပြင် အကောင်အထည်ဖော်မှုများ၊ အသင့်ဖြစ်နေမှုအခြေအနေများ သိရှိနိုင်ရန်အတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ ဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးလှိုင်တို့က နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး

**စာမျက်နှာ ၄ ကော်လံ ၁ သို့**



နိုင်ငံတော်အစိုးရ၏ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအတွက် လက်တွေ့မြေပြင်အကောင်အထည်ဖော်မှုများ၊ အသင့်ဖြစ်နေမှုအခြေအနေများ သိရှိနိုင်ရန်အတွက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။



# ရွာသာကြီးကုန်းတွင်းဆိပ် စတင်ဖွင့်လှစ် ကုန်သေတ္တာကွန်တိန်နာရထားတွဲဆိုင်းများ စတင်ပြေးဆွဲ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြည်တွင်းကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ကုန်းတွင်းဆိပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သေတ္တာကွန်တိန်နာရထားပြေးဆွဲခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိရာ ရွာသာကြီး ဘူတာအနီးတွင် တည်ဆောက်ထားသည့် ရွာသာကြီးကုန်းတွင်းဆိပ်ကို ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်လိုက်သဖြင့် ရွာသာကြီးကုန်းတွင်းဆိပ်မှ မြစ်ငယ်ကုန်းတွင်းဆိပ်သို့ပြေးဆွဲမည့် ကုန်တင်ရထားတွဲဆိုင်းနှစ်ဆိုင်းအား နံနက် ၉ နာရီခွဲတွင် တွဲဆိုင်းတစ်ဆိုင်းနှင့် မွန်းတည့် ၁၂ နာရီတွင် တွဲဆိုင်း တစ်ဆိုင်းဖြင့် စတင်ပြေးဆွဲခဲ့သည်။

အဆိုပါ ရွာသာကြီးကုန်းတွင်းဆိပ်ရှိ အကျယ်ဧက ၈၀ ရှိသော မြန်မာ့မီးရထားပိုင်မြေနေရာပေါ်၌ အရင်းအမြစ်အုပ်စု ထောက်ပံ့ရေးကုမ္ပဏီနှင့် KM Terminal & Logistics Limited တို့မှ မြန်မာ့မီးရထားနှင့် BOT စနစ်ဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ပြီး ရွာသာကြီးကုန်းတွင်းဆိပ်တည်နေရာမှာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရွာသာကြီး (အရှေ့ပိုင်း) ရပ်ကွက်အနီး၌တည်ရှိကာ ကုန်သေတ္တာကွန်တိန်နာ

**စာမျက်နှာ ၄ ကော်လံ ၁ သို့**

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

ကြေးမုံ

# သုတေသနဖွံ့ဖြိုးမှ နိုင်ငံတိုးတက်မည်

ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတွင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ သုတေသနအသင်းအဖွဲ့များ တိုးတက်ဖြစ်ပေါ်လာစေရေးနှင့် မြန်မာနိုင်ငံသုတေသနအသင်းကြီး ပြန်လည်ထူထောင်နိုင်ရန် နည်းလမ်းများ ရှာဖွေရေးတို့အတွက် ရည်ရွယ်ကျင်းပသည့် သုတေသနစာတမ်းဖတ်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၌ ကျင်းပလျက်ရှိရာတွင် ပညာရှင်အသီးသီးတို့၏ သုတေသနဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးဟောပြောမှုများမှာ မှတ်သားစရာဖြစ်သည်။

သုတေသနဟူသည်မှာ လက်ငင်းအားဖြင့် အကျိုးရလဒ်ကို မမြင်နိုင်သော်လည်း ရေရှည်အားဖြင့် အကျိုးရလဒ်ကြီးမားသော လုပ်ငန်းဖြစ်သည်။ တစ်နည်းဆိုသော် လက်ငင်း၌ အကျိုးမခံစားရနိုင်သေးသော်လည်း နောင်အရှည်သုံး၍မကုန်သော ပညာရွှေအိုးကြီးပင်ဖြစ်သည်။ လက်ငင်းအကျိုးကို ရှေးရှုခဲ့သော မြန်မာနိုင်ငံ၏ သမိုင်းတစ်ခေတ်တွင် ရေရှည်အကျိုးဖြစ်စေမည့် သုတေသနလုပ်ငန်းဖွံ့ဖြိုးရေးကို အားပေးမြှင့်တင် ထူထောင်ခဲ့ခြင်းမရှိသဖြင့် သုတေသနလုပ်ငန်းများ နှစ်ပေါင်းရှည်ကြာ တိမ်မြုပ်ပျောက်ကွယ်ခဲ့ရသည်။ ယခု ပြန်ကြားရေးဝန်ကြီးဌာနက သုတေသနလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် မြှင့်တင်ဆောင်ရွက်ပေးမှုမှာ အထူးကောင်းမွန်သောလုပ်ဆောင်ချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သုတေသနလုပ်ငန်းများ၊ သုတေသနအသင်းများ ရှေးကာလက ရှိခဲ့ဖူးပါသည်။ ၁၉၁၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသုတေသနအသင်းကို ပထမဆုံးစတင်ဦးဆောင်ထူထောင်သူမှာ မစ္စတာ ဖာနိဗဲလ်ဖြစ်ပြီး ဆက်လက်အကောင်အထည်ဖော်သူမှာ ဦးမေအောင်၊ မော်ဘီဆရာသိမ်း၊ ဦးထွန်းငြိမ်းတို့ဖြစ်သည်။ စတင်ဖွဲ့စည်းစဉ်က အသင်းဝင်ဦးရေ ၂၁၃ ဦးရှိကာ တဖြည်းဖြည်းကျယ်ပြန့်လာပြီး နှစ်စဉ်ဆွေးနွေးပွဲများ ပြုလုပ်နိုင်ခဲ့သည်။ ၁၉၁၁ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်ကို စတင်ထုတ်ဝေခဲ့ပြီး ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် တိမ်မြုပ်ပျောက်ကွယ်သွားခဲ့သည်။

ကောင်းမြတ်သောရည်ရွယ်ချက်၊ ကောင်းမွန်သောလမ်းစဉ်ဖြင့် မြန်မာနိုင်ငံသုတေသနအသင်းကြီးကို တည်ထောင်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံသမိုင်းတွင် အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။ အသင်းကြီးတွင် နိုင်ငံခြားသားများနှင့်တိုင်းရင်းသားများ မျှမျှတတပါဝင်လှုပ်ရှားခဲ့သည်မှာ အားရဖွယ်ဖြစ်သည်။ သုတေသနအသင်းကြီးတွင် ထင်ရှားကျော်ကြားသော ပညာရှင်မျိုးစုံတို့ပါဝင်ပြီး တန်ဖိုးကြီးမားသော ပညာရပ်မျိုးစုံ၊ သိမှတ်ဖွယ်ရာအမျိုးမျိုးတို့ကို စုဆောင်းသိုမှီးကာ ပြည်သူတို့အားပြန်လည်ဝေမျှပေးနေသည့် ပညာဘဏ်တိုက်ကြီး ဖြစ်သည်။

ထိုကဲ့သို့ တန်ဖိုးကြီးမားသော ပညာဘဏ်တိုက် သုတေသနအသင်းကြီး၊ သုတေသနလုပ်ငန်းများ ပြန်လည်ပေါ်ထွန်းလာအောင် ယခုကဲ့သို့ စတင်အကောင်အထည်ဖော်လိုက်ခြင်းကို ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည်ဖြစ်သလို အသင်းကြီးနှင့်လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ အစိုးရအဖွဲ့အစည်းများသာမက စိတ်ဝင်စားသူပြည်သူများပါ ဝိုင်းဝန်းလက်တွဲကာ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် သုတေသနလုပ်ငန်း၊ သုတေသနအသင်းများ ခိုင်မာအားကောင်းသည်ကို တွေ့ရမည်ဖြစ်သည်။ သုတေသန ပြုလုပ်ခြင်းဖြင့် ရရှိလာသည့်အသိအမြင်များဖြင့် အနာဂတ်တွင် ပိုမိုကောင်းမွန်မှန်ကန်တည့်မတ်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ကြောင့် နယ်ပယ်အသီးသီးမှ တတ်သိသူများ၊ ပညာရှင်များ၏ လေ့လာစုဆောင်းမှတ်သားသိရှိထားသည်များကို ပုံနှိပ်ထုတ်ဝေခြင်း၊ ဆွေးနွေးဟောပြောခြင်းတို့ပြုလုပ်ခြင်းဖြင့် ပြည်သူများအား ပြန်လည်မျှဝေအသိပေးခြင်းဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ၏ အသိအမြင် ဗဟုသုတမြင့်မားတိုးတက်ရေး၊ ဘာသာရပ်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီး ဖွံ့ဖြိုးရေးတွင် အထောက်အပံ့ကောင်းများရရှိရေးအတွက် အထူးအရေးပါသော ယခုကဲ့သို့ သုတေသနစာတမ်းဖတ်ပွဲများ၊ သုတေသနအသင်း ဖွဲ့စည်းထူထောင်ရေးလုပ်ငန်းများတွင် ပြည်သူအားလုံး တက်ကြွစွာဝိုင်းဝန်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် China Development Bank မှ Vice President နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် China Development Bank မှ Vice President Mr. Wang Nanfeng နှင့် အဖွဲ့အား နိုဝင်ဘာ ၉ ရက် ညနေ ၄ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေး၊ တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေး၊ မြန်မာ အထူးစီးပွားရေးဇုန် (SEZ)၊ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ နည်းပညာနှင့် အရင်းအနှီး ပံ့ပိုးကူညီမှုများ ရယူဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်နေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**လှိုင်ကော် နိုဝင်ဘာ ၁၁**

ကယားပြည်နယ်အစိုးရ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ယူနီဆက်၊ World Vision၊ Save The Children နှင့် ကိန္နရာ ကျေးလက် လူမှုဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်မည့် (၂၉) နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမနှင့် နောင်ယား(ခ)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း ပုလဲဆောင်တို့၌ ကျင်းပသည်။

ပြိုင်ပွဲတွင် စာစီစာကုံး (ထက်/လယ်)အဆင့် ၃၉ ဦးက "မေတ္တာဖြင့်သာ ပျိုးထောင်ပါ" ခေါင်းစဉ်ဖြင့် လည်းကောင်း ၊ ကဗျာ (ထက်/လယ်)အဆင့် လေးဦးက "မေတ္တာဖြင့်သာ ပျိုးထောင်ပါ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပန်းချီ (ထက်/လယ်)အဆင့် ၁၇ ဦး၊ ကာတွန်း (ထက်/လယ်)အဆင့် ၂၈ ဦး၊ ပိုစတာ (ထက်/ လယ်) အဆင့် ၁၇ ဦးတို့က "ကလေးသူငယ်အခွင့်အရေး အားလုံးပါဝင် ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ (၂၉)နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မူကြိုအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာပြိုင်ပွဲများကို နိုဝင်ဘာ ၁၃ ရက်တွင် လွိုင်ကော်မြို့ အစိုးရမူလတန်းကြိုကျောင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသူများအား (၂၉)နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့ဖြစ်သည့် နိုဝင်ဘာ ၂၀ ရက်တွင် လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ ပြည်နယ်ခန်းမ၌ ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရစာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ကျမ်းစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ ပုသိမ်အောင်သန်းဦး၏ "ခရီးသည်" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ရှမ်းပြည်နယ် တောင်ပေါ်ဒေသနှင့် ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေဒေသတို့ကို နောက်ခံ၍ စာရေးသူ၏ မူလတန်းကျောင်းဆရာဘဝ ဖြတ်သန်းမှုများနှင့် စာရေးဆရာဘဝ ခရီးသွားအတွေ့အကြုံများကို အချက်အလက်၊ အကိုးအကား၊ အထောက်အထားများနှင့်တကွ ရေးသားထားသည်။ "ခရီးသည်"ဟူသည့်အတိုင်း စာရေးသူ ဖြတ်သန်းခဲ့ရသည့် ဘဝ၊ လျှောက်လှမ်းခဲ့သည့်လမ်း၊ တွေ့ကြုံခဲ့ရသည့် ရိုးရာဓလေ့၊ လူမှုပတ်ဝန်းကျင်၊ ဘဝအားမာန်များကို ထိတွေ့ခံစားရမည်ဖြစ်သည့်အတွက် စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၈၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် ၈-၅၅ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၃၀၁၈၆နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## နေပြည်တော်နှင့် အနီးတစ်ဝိုက်

ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်

ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်

ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်၌ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

# နိုင်ငံတော်အစိုးရ၏ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအတွက် လက်တွေ့မြေပြင် အကောင်အထည်ဖော်မှုများ၊ အသင့်ဖြစ်နေမှုအခြေအနေများ သိရှိနိုင်ရန် သတင်းစာရှင်းလင်းပွဲမှ မေးမြန်းဖြေကြားချက်များ

နေပြည်တော် နိုဝင်ဘာ ၁၁

**နိုင်ငံတော်အစိုးရ၏ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအတွက် လက်တွေ့မြေပြင် အကောင်အထည်ဖော်မှုများ၊ အသင့်ဖြစ်နေမှုအခြေအနေများ သိရှိနိုင်ရန်အတွက် သတင်းစာရှင်းလင်းပွဲတွင် တက်ရောက်လာသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် တာဝန်ရှိသူများ၏ ပြန်လည်ရှင်းလင်းဖြေကြားချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**



**အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ**



**ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ**



**ဒုတိယဝန်ကြီး ဦးစိုးအောင်**



**ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး**



**ညွှန်ကြားရေးမှူးချုပ် ဦးဌေးလှိုင်**

နိုဝင်ဘာ ၁၅ ရက်တွင် စတင်လက်ခံမည့် နေရပ်စွန့်ခွာသူ ၂၂၆၀ သည် အမှန်တကယ် ပြန်လာ/မလာ၊ မြန်မာနိုင်ငံအနေဖြင့် ပြန်လည်လက်ခံရန် အဆင်သင့် ဖြစ်/မဖြစ်နှင့် ကျေးရွာအိမ်ခြေ မည်မျှစီစဉ်ထားသလဲမေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ နောက်ဆုံး ဘင်္ဂလားဒေ့ရှ်တွင်သွား၍ အစည်းအဝေးလုပ်စဉ်မှာပင် နိုဝင်ဘာလလယ်တွင် စမည်ဟု ပြောခဲ့ပါကြောင်း၊ လူဦးရေမည်မျှ ပို့မည်ဆိုသည့် စာရင်းဇယားလည်း ရှိပါကြောင်း၊ မည်သည့်ရွာများတွင် ရှိသည်ဆိုသည့် စာရင်းဇယားအရ စိစစ်ပြီး ရွာများကိုလည်း သိရပြီဖြစ်ပါကြောင်း၊ လွှတ်မည်/မလွှတ်ဘူးဆိုသည်မှာ ၎င်းတို့အပေါ် မူတည်ပါကြောင်း၊ မိမိတို့ဘက်က အဆင်သင့်လုပ်ထားပါကြောင်း၊ မိမိတို့ ဆောင်ရွက်ရမည့်ကိစ္စများ၊ တာဝန်ဝတ္တရားများကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ရေရှည်ဆောင်ရွက်ရမည့် ကိစ္စများ၊ ကြိုတင်ပြင်ဆင်ရမည့်ကိစ္စများကို ကိုဖီအာနန်ကော်မရှင် အကြံပြုချက်များအတိုင်း ဆောင်ရွက်နေပါကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်ပြီး အကောင်းဆုံးအခြေအနေကို ဆောင်ရွက်ထားပါကြောင်း၊ ပြန်လည်နေရာချထားမည့် ကျေးရွာ ၄၂ နေရာကိုလည်း ပြင်ဆင်ပြီးဖြစ်ပါကြောင်း။

## အောင်မြင်မှုခြေလှမ်းများ စတင်

မိမိတို့ ဆောင်ရွက်မှုများသည် ရိုးသားစွာဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်ထားခြင်းကြောင့် မိမိတို့၏ လုပ်ဆောင်ချက်သည် ရှင်းပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အာဆီယံနိုင်ငံများ၏ ပူးပေါင်းကူညီမှု ရရှိပါကြောင်း၊ နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ ကမ်းလှမ်းမှုများ ကိုလည်း လက်ခံဆောင်ရွက်နေပါကြောင်း၊ မိမိတို့၏ လုပ်ဆောင်ချက်များကို နိုင်ငံတကာက ယုံကြည်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ရှိလာပါကြောင်း၊ ယင်းသည် အောင်မြင်မှုခြေလှမ်းများ စတင်သည်ဟု ပြော၍ရပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလက ပြည်ထဲရေးဝန်ကြီးနှင့် ရန်ကုန်မြို့တွင် အစည်းအဝေးပြုလုပ်ခဲ့ပါကြောင်း၊ ထိုစဉ်က ၎င်းတို့ဘက်မှ ၈၀၃၂ ဦးစာရင်းပေးခဲ့ပါကြောင်း၊ ၎င်းတို့အထဲမှ လူ ၅၀၀၀ ကို စိစစ်ပြီးဖြစ်ပါကြောင်း၊ ယင်းတို့ထဲမှ ၂၂၆၀ ကို ပထမအသုတ်အနေဖြင့် နိုဝင်ဘာလတွင် ငါးခူရရေလမ်းမှ စတင်ခေါ်ယူမည်ဖြစ်ပါကြောင်း၊ ဒုတိယအသုတ် ၂၀၉၅ ဦးကို တောင်ပြိုလက်ဝဲ ကုန်းလမ်းမှ ခေါ်ယူမည်ဖြစ်ပါကြောင်း၊ တစ်ဖက်နိုင်ငံနှင့် ညှိနှိုင်းထားပြီး ဖြစ်ပါကြောင်း၊ ကော့ဘဇားတွင် ရုံးစိုက်သည့် refugee commissioner ခေါင်းဆောင်သည့် special third force ကို ဘင်္ဂလားဒေ့ရှ်ဘက်တွင် ဖွဲ့ထားပြီးဖြစ်ပါကြောင်း၊ အဖွဲ့ဝင် ကိုးဦးရှိပါကြောင်း၊ ၎င်းတို့နှင့် မိမိတို့ စခန်းတာဝန်ခံ ဆက်စပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိ

လုံခြုံရေးနှင့် ပတ်သက်ပြီး ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်များ တစ်ဖက်တွင် လှုပ်ရှားနေသည်မှာ ဟုတ်/မဟုတ် သိရှိလိုကြောင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ၎င်းကိစ္စနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် သတင်းရရှိမှုမရှိပါကြောင်း၊ ရှိသည်ဟုလည်း မကြားမိပါကြောင်း ဖြေကြားသည်။

UNDP၊ UNHCR တို့အနေဖြင့် ယခုကိစ္စတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရှိ/မရှိနှင့် UN အပါအဝင် နိုင်ငံတကာမှ မေးခွန်းထုတ်နေမှုများနှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက မိမိတို့နှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ၏ ပြဿနာဖြစ်ခြင်းကြောင့် နှစ်နိုင်ငံဆွေးနွေးပြီး သဘောတူညီမှုရကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပိုပြီးလျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးရန် UNHCR၊ UNDP နှင့် လူဝင်မှုကြီးကြပ်ရေး၊ သုံးပွင့်ဆိုင် MoU ထိုးပါကြောင်း၊ ပါဝင်ဆောင်ရွက်နေသည်များလည်း ရှိပါကြောင်း၊ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ ဆိုပြီး ဖော်ဆောင်နေပါကြောင်း၊ ထို့ကြောင့် ၎င်းတို့ ပါဝင်နေပြီဟု ပြောလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက နံပါတ် ၁ အချက်အနေဖြင့် ပြည်ထောင်စုဝန်ကြီးနှင့် ကော်မတီဖွဲ့ပြီး လုပ်ဆောင်ပါကြောင်း၊ နေရာ ၄၂ နေရာရွေးချယ်ပြီး ပြန်လည်ဝင်ရောက်လာပါက နေရာချထားမည်ဆိုသည့် ရည်ရွယ်ချက်နှင့် နေအိမ်များ ဆောက်လုပ်ပါကြောင်း၊ သင့်တော်သည့် လုံခြုံရေးပိုင်းနှင့် သင့်တော်သလောက် ဆောက်ထားပါကြောင်း၊ ပြန်လာမည့်သူ ၂၂၆၀ အတွက် တူရာတူရာစုပြီး တူရာတူရာကျေးရွာများတွင် ချထားပေးမည်ဖြစ်ပါကြောင်း၊ ယင်းနောက် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးသူငယ်များအတွက် စောင့်ရှောက်မှု တစ်ခါတည်းပါဝင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ဘက်မှ အဆင်သင့် ဖြစ်ပါကြောင်း၊ ၎င်းတို့အတွက် ယခင်ကလုပ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းမှုပုံစံကို ပြန်လည်လုပ်ကိုင်နိုင်ရန်လည်း စီစဉ်ထားပါကြောင်း။

ယင်းကိစ္စကို မဖြစ်မြောက်စေချင်သည့်သူများလည်းရှိပါကြောင်း၊ အဆင်သင့် မဖြစ်သေးသည့်အတွက် ပြန်မပို့သင့်ဘူးဟု ပြောနေသည်များရှိပါကြောင်း၊ သို့သော်လည်း နှစ်နိုင်ငံသဘောတူစာချုပ်အတိုင်းဆောင်ရွက်နေပါကြောင်း၊ အချိန်မရွေး လက်ခံနိုင်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ပြောထားပါကြောင်း၊ ဝင်ရောက်လာသည့်အချိန်တွင် လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ရန် ဆင့်ကဲဆင့်ကဲလုပ်ဆောင်နေပြီး မြန်မာနိုင်ငံအစိုးရအနေဖြင့် အဆင်သင့်ဖြစ်အောင် ကြိုးပမ်းထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

## တစ်ပြည်နယ်လုံးအတွက် ဆောင်ရွက်ခြင်းဖြစ်

ပြန်လည်ဝင်ရောက်လာမည့်ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသခံများကို တိုင်ပင်မှုမရှိခြင်း၊ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးနေထိုင်သူများက ကန့်ကွက်ခြင်းနှင့် ပြန်လည်ဝင်ရောက်သူများတွင် အကြမ်းဖက်သမားများ ပါဝင်လာပါက မည်သို့ဆောင်ရွက်မလဲမေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယခု ဆောင်ရွက်သည့် ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စများတွင် ကော်မတီများဖွဲ့၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြည်နယ်လုံးအတွက် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ကိုဖီအာနန်၏ အကြံပြုချက်များကို အကောင်အထည်ဖော်သည့်နေရာတွင်လည်း တစ်ပြည်နယ်လုံး အတိုင်းအတာအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေးအပိုင်းတွင် တစ်ပြည်နယ်လုံးနှင့်ဆိုင်သည့်ကိစ္စဖြစ်ပါကြောင်း၊ မိမိတို့ ဆောင်ရွက်မှုတိုင်းတွင် ကော်မတီဖြင့် ဆောင်ရွက်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

နံပါတ် ၂ အနေဖြင့် မိမိတို့ဆောင်ရွက်မှုတိုင်းကို ရခိုင်ပြည်နယ်တွင် ရှင်းလင်းတင်ပြမှုများ အကြိမ်ကြိမ်လုပ်ပါကြောင်း၊ မိမိကိုယ်တိုင် ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များ၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး မိမိတို့ ဆောင်ရွက်နေသည်များကို ရှင်းလင်းပါကြောင်း၊ အကြံဉာဏ်များလည်းယူပါကြောင်း၊ ရေရှည်ပဋိပက္ခကင်းဝေးရေး၊ သဟဇာတဖြစ်ရေးအတွက် ပြည်သူများနှင့်ပူးပေါင်း၍ လက်တွေ့ကျကျ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## လူသားချင်းစာနာမှု အကူအညီပေးရန် စတင်ဆွေးနွေး

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးတွင် လတ်တလောအချက်အလက်များအရ လူသုံးထောင်ခန့်ရှိပါကြောင်း၊ ၎င်းတို့နှင့်စပ်လျဉ်း၍ ပြီးခဲ့သည့် ဩဂုတ်လက ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့လာသည့်အချိန်တွင် နှစ်နိုင်ငံဝန်ကြီးအဆင့် ဆွေးနွေးပါကြောင်း၊ လတ်တလောတွင် ICRC နှင့်ပူးပေါင်းပြီး လူသားချင်းစာနာမှုအကူအညီပေးရန် စတင်ဆွေးနွေးနေပါကြောင်း၊ စက်တင်ဘာလအတွင်း ICRC၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က နယ်နိမိတ်မျဉ်းအနီး နေထိုင်ကြသူများထံ သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဒီဇင်ဘာလအတွင်း ထပ်မံသွားရောက်မည်ဖြစ်ပါကြောင်း၊ မိမိတို့ Physical Arrangement ထဲတွင်လည်း နယ်နိမိတ်မျဉ်းအနီး နေထိုင်သူများကို ဦးစားပေးပြီး ပြန်ပို့ရန် ဖော်ပြထားပါကြောင်း၊ တစ်ချိန်တည်းမှာပင် လူသားချင်းစာနာမှုအကူအညီပေးရန် ICRC နှင့် မိမိတို့ လုပ်ဆောင်နေပြီဖြစ်ပါကြောင်း။

## အချိန်နှင့်တစ်ပြေးညီပေးပို့ခဲ့

အကြမ်းဖက်သမားများကိစ္စနှင့်ပတ်သက်၍ အကြမ်းဖက်သမားများစာရင်းကိုလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို အချိန်နှင့်တစ်ပြေးညီပေးပို့ခဲ့ပါကြောင်း၊ လတ်တလော အနေအထားတွင် ပြည်ထဲရေးဝန်ကြီးဌာန အချင်းချင်းလည်း ယခုကိစ္စကို ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက အကြမ်းဖက်သမား ၆၅ ဦးပါဝင်သည်ကို တွေ့ရှိရပါကြောင်း၊ ၎င်းတို့နှင့်ပတ်သက်၍ စိစစ်ရန်အတွက် သက်ဆိုင်ရာ သတင်းတပ်ဖွဲ့၊ မှုခင်းတပ်ဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့တို့ကို တာဝန်ချထားပြီးဖြစ်ပါကြောင်း၊ ရောက်ရှိလာပါကလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပြန်လည်ဝင်ရောက်လာမည့်သူများအား လက်ခံရန် မည်မျှကြာမလဲ၊ ပြန်လည်ဝင်ရောက်လာနိုင်ရေးအတွက် ပြင်ဆင်ထားသည့်ကိစ္စရပ်များကို တစ်ဖက်မှ မည်မျှအထိ သိရှိထားသလဲဆိုသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက မိမိကိုယ်တိုင် တစ်ဖက်နိုင်ငံသို့ သွားရောက်ခဲ့ရာတွင် အဓိကကျေးရွာအုပ်စု ကိုယ်စားလှယ်များနှင့် တွေ့ခဲ့ရပါကြောင်း၊ ထို့အပြင် ကြားစခန်း၌ ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အချက်အလက်များကို ဗီနိုင်းစာရွက်များဖြင့် အသေးစိတ် ရှင်းပြခွင့်ရခဲ့ပါကြောင်း၊ အဓိကပေးချင်သည့်အရာမှာ ၎င်းတို့ဘာသာစကားနှင့် ရေးထားသည့်အကြောင်းအရာဖြစ်ပါကြောင်း၊ ၎င်းတို့ နားလည်နိုင်မည့် အထောက်အထားအနေဖြင့် ဖြန့်ဝေခဲ့ခြင်း ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက လူဦးရေ ၂၂၆၀ ကို တစ်ရက်လျှင် ၁၅၀ နှုန်း လက်ခံမည်ဖြစ်ပါကြောင်း၊ အကြမ်းဖျင်းတွက်ပါက ၁၅ ရက် ကျော်ကြာမည်ဖြစ်ပါကြောင်း၊ စိုးရိမ်မှုများ လျော့ကျရန် နိုင်ငံတကာ ပါဝင်မှုသည် အရေးကြီးပါကြောင်း၊ UNDP၊ UNHCR၊ လဝကနှင့် MoU ထိုးထားပါကြောင်း၊ သင့်တော်သည့်အချိန်တွင် ၎င်းတို့ဝင်လာမည်ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် ဝေဖန်မှုများ လျော့ကျမည်ဟု ခန့်မှန်းပါကြောင်း ရှင်းလင်းဖြေကြားသည်။

တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက မိမိတို့ မြန်မာနိုင်ငံဘက်မှတာဝန်ရှိသူများသည် ကူတူပါလောင်စခန်းသို့ ရောက်ရှိသွားချိန်တွင် မိမိတို့နှင့် တွေ့ဆုံရန် ယင်းစခန်းတွင်ရှိနေသူများက အားတက်သရော လိုလားမှုကို ပြသခဲ့ကြောင်း၊ ဟိန္ဒူအသိုက်အဝန်းနှင့် မိမိတို့တွေ့ဆုံခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင် လက်ရှိနေထိုင်လျက်ရှိကြသော ဟိန္ဒူဘာသာဝင် ၄၃၈ ဦး ရှိကြောင်း၊ ၎င်းတို့သည် မြန်မာနိုင်ငံသို့ ပြန်လာရန် အလွန်စိတ်အားထက်သန်မှုကို ပြသခဲ့ကြောင်း၊ ယင်းစခန်းတွင်ရှိနေသူများက ၎င်းတို့နေထိုင်စားသောက်ရပုံ၊ ပညာရေး၊ ကျန်းမာရေး စသည့်အကြောင်းကိစ္စရပ်များကို ပြောဆိုခဲ့ကြပြီး မြန်မာနိုင်ငံသို့ ပြန်လာရန် လွန်စွာပင် ဆန္ဒရှိနေကြကြောင်း၊ မိမိတို့ နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံ သဘောတူညီချက်အရ ၎င်းတို့အနေဖြင့် ၎င်းတို့၏ ဆန္ဒနှင့်အညီ ပြန်လာနိုင်စေရေးအတွက် ကူညီမည်ဖြစ်ကြောင်း၊ မိမိတို့ကလည်း ၎င်းတို့ ဂုဏ်သိက္ခာရှိရှိဖြင့် ပြန်လာခြင်းကို စာမျက်နှာ ၆ သို့

### ❍ နိုင်ငံတော်အစိုးရမှ

လုပ်ငန်းစဉ်များအတွက် လက်တွေ့မြေပြင် အကောင်အထည်ဖော်မှုများကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာသွားကြသူများနှင့်ပတ်သက်၍ ၎င်းတို့၏ ဆန္ဒအလျောက် မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ချင်သူများကို ပြန်လည်လက်ခံရေးသည် အစိုးရ၏ တာဝန်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်ဖက်သဘောတူ ကတိကဝတ်များ၊ သဘောတူညီချက်များ ရရှိပြီး ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံ ညှိနှိုင်းမှုများပြုလုပ်မှုကြောင့် သဘောတူညီမှုများ ရရှိခဲ့ကြောင်း။

**ပထမအသုတ်**

ရရှိခဲ့သည့် သဘောတူညီချက်များအရ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း၊ အဓိက သဘောတူညီချက်အရ လက်ခံကြိုဆိုရေးစခန်းနှစ်ခုနှင့် ကြားစခန်းတစ်ခုကို ဇန်နဝါရီ ၂၃ ရက်အမီ တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ လက်ခံရေးလုပ်ငန်းစဉ်ကိုလည်း နှစ်နိုင်ငံသဘောတူညီချက်များအရ တိတိကျကျ ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များအတိုင်း ပြန်လည်လက်ခံရန်ကြိုးပမ်းဆောင်ရွက်နေကြောင်း။

ကြိုးပမ်းဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရန် ဘင်္ဂလားဒေ့ရှ် -မြန်မာ နှစ်နိုင်ငံ လုပ်ငန်းအဖွဲ့ထားရှိကြောင်း၊ ယင်းအဖွဲ့မှ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ မကြာမီကာလက ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြောကြားချက်အရ နိုဝင်ဘာလအတွင်းတွင် ပထမအသုတ်အနေဖြင့် လူ ၂၂၆၀ ကို မြန်မာနိုင်ငံဘက်သို့ ပြန်လည်ပို့ပေးမည်ဟု ပြောကြားခဲ့ကြောင်း။

**အဆင်သင့်ဖြစ်နေ**

ထိုသို့ပို့ဆောင်ရာတွင် ရေလမ်းကြောင်းဖြစ်သည့် ငါးခူရဘက်မှ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း ငါးခူရတွင် လက်ခံရေးစခန်းရှိကြောင်း၊ ကုန်းလမ်းအနေဖြင့် တောင်ပြိုလက်ဝဲရှိပြီး ကြားစခန်းအနေဖြင့် လှဖိုးခေါင်ရှိကြောင်း၊ လတ်တလောတွင် ငါးခူရရေလမ်းကြောင်းမှ ပို့မည်ဖြစ်သည့်အတွက် ယနေ့ရှင်းလင်းပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း။

ယင်းကိစ္စနှင့်ပတ်သက်၍ အဆင်သင့်ဖြစ်နေသည့် အခြေအနေကို ယနေ့တွင် မှတ်တမ်းများ ရယူခဲ့ကြောင်း၊ တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ခဲ့ကြောင်း၊ ယခုကဲ့သို့ အခြေအနေကိုရောက်ရှိရန် မိမိတို့နိုင်ငံအနေဖြင့် လပေါင်းများစွာ ဆောင်ရွက်ခဲ့ရကြောင်း၊ အဖွဲ့အစည်းများစွာကိုလည်း ဖွဲ့စည်းခဲ့ရကြောင်း၊ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီကို ဖွဲ့စည်းထားရှိကြောင်း၊ ပြန်လည်လက်ခံမှုများပြုလုပ်ရာတွင် တစ်နေ့တာအတွက် သတ်မှတ်ထားသည့် ဦးရေအတိုင်း လက်ခံပေးသွားမည်ဖြစ်ကြောင်း၊ လက်ခံရေးစခန်းတစ်ခုအနေဖြင့် ၁၅၀ သတ်မှတ်ထားကြောင်း၊ မိမိ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသည့် ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီရှိကြောင်း၊ ထိုကော်မတီတွင် ပြန်လည်လက်ခံရေး ကော်မတီနှင့် ပြန်လည်နေရာချထားရေး ကော်မတီနှစ်ခု ထပ်မံခွဲထားကြောင်း။

**သဘောတူညီချက်များအတိုင်း ဆောင်ရွက်မည်**

ပြန်လည်လက်ခံရေးကော်မတီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်နေရာချထားရေးကော်မတီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ပူးတွဲဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း။

အဆိုပါကော်မတီနှစ်ခုအား သက်ဆိုင်ရာလုပ်ငန်းများ တာဝန်ပေးပြီးဖြစ်၍ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရန် အဆင်သင့်ရှိပြီ ဖြစ်ကြောင်း၊ လက်ခံရာတွင် နေ့စဉ်လက်ခံရန် သတ်မှတ်ထားသည့် လူဦးရေ ၁၅၀ ရှိကြောင်း၊ ကုန်းလမ်းမှဝင်ရောက်မည့်သူနှင့် ရေလမ်းမှဝင်ရောက်မည့်သူ စခန်းနှစ်ခုခွဲပြီး လက်ခံမည်ဖြစ်၍ နေ့စဉ်လူဦးရေ ၃၀၀ လက်ခံနိုင်မည်ဖြစ်ကြောင်း၊ ထိုသဘောတူညီချက်များအတိုင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း။

ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် နေရာချထားပေးမှု၊ အသက်မွေးဝမ်းကျောင်းကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ ဆောင်ရွက်ပေးရန်အတွက် စီမံကိန်းများရှိကြောင်း၊ နိုင်ငံတကာပူးပေါင်းပါဝင်မှုအဖြစ် တရုတ်၊ အိန္ဒိယ၊ ဂျပန် စသည့် နိုင်ငံများမှလည်း ပြန်လည်နေရာချထားရေးတွင် ဆောက်လုပ်မည့် အဆောက်အအုံများ စသည်ဖြင့် ပါဝင်လှူဒါန်းဆောက်လုပ်နေကြောင်း၊ မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းအသီးသီး၊ ကဏ္ဍအသီးသီးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း နိုင်ငံအလိုက်ပါဝင်ရန် ဆွေးနွေးနေကြောင်း၊ မိမိတို့တွင် ငါးခူရနှင့် တောင်ပြိုလက်ဝဲဟူ၍ လက်ခံရေးစခန်းနှစ်ခုရှိကြောင်း၊ အဆိုပါစခန်းနှစ်ခုတွင် ဝန်ကြီးဌာနအသီးသီးက ဝန်ထမ်းများကို တာဝန်ထမ်းဆောင်ရန် သတ်မှတ်ထားရှိပြီး ဖြစ်ကြောင်း။

**အဖွဲ့ငါးဖွဲ့ခွဲ၍ လုပ်ဆောင်နေ**

ပြန်လည်ဝင်ရောက်မည့်သူများအား စိစစ်သည့် လုပ်ငန်းများလုပ်ဆောင်ရန် အဖွဲ့ငါးဖွဲ့ခွဲ၍ လုပ်ဆောင်နေပြီး အဆင်သင့်ဖြစ်နေသည်ကို တွေ့ရကြောင်း၊ National Verification Card (NV ကတ်) ကိုလည်း ဆောင်ရွက်ထားကြောင်း၊ အဆိုပါကိစ္စရပ်များ ဆောင်ရွက်ပြီးပါက နိုင်ငံသားလျှောက်ခွင့်ရမည်ဖြစ်ကြောင်း၊ နိုင်ငံသားဖြစ်မှုကို ဥပဒေအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါအဆင့်များကို ပိုမိုမြန်ဆန်အောင် ဆောင်ရွက်ထား၍ ရသင့်ရထိုက်သူများ နိုင်ငံသားအဖြစ် လျင်လျင်မြန်မြန် ရရှိမည်ဖြစ်ကြောင်း၊ စခန်းများသို့ ရောက်ရှိလာမည့်သူများအတွက် လိုအပ်သည့် ပုဆိုး၊ အင်္ကျီ စသည်တို့ကို ပေးနိုင်ရန် စီစဉ်ထားကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါများနှင့် လိုအပ်သည့် ကျန်းမာရေးလုပ်ငန်းများ စိစစ်ရန်လည်း ဆောင်ရွက်ထားကြောင်း၊ လက်ခံရေးစခန်းများတွင် တစ်ညအိပ် နှစ်ရက် ထားရှိမည်ဖြစ်ပြီး နေထိုင်စားသောက်မှုများအတွက် အစစအရာရာ အားလုံး စီစဉ်ထားကြောင်း။

လက်ခံရေးစခန်းမှတစ်ဆင့် ရောက်ရှိမည့် လှဖိုးခေါင်ကြားစခန်းတွင် ဆန်၊ ဆီ၊ ဆား၊ ပဲ တစ်လစာ စားသောက်နိုင်ရန် စီစဉ်ပေးထားကြောင်း၊ ကလေးများအတွက် ကစားကွင်း၊ အမျိုးသမီးများအတွက်စောင့်ရှောက်ရန် ပြုစုစောင့်ရှောက်ရေး၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ငွေကြေးထောက်ပံ့မှုများ၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ မိသားစုအတွက် သားဆက်ခြားသည့် (Family Planning)၊ သာယာသည့် မိသားစုဘဝနေထိုင်ရေး အစီအစဉ်များ၊ ကျန်းမာရေးအစီအစဉ်များ ဟောပြောပေးသွားမည်ဖြစ်ကြောင်း၊ ၈၅ နှစ်အထက် သက်ကြီးရွယ်အိုများအတွက် လစဉ်ထောက်ပံ့သည့် စနစ်၊ ကျန်းမာရေးကာကွယ်ဆေးထိုးနှံခြင်း၊ ဆေးရုံဆေးခန်းများသို့ ပို့ဆောင်ပေးရန် အရေးပေါ် လူနာတင်ကားများ အဆင်သင့်ထားရှိသည့်အပြင် Mobile Clinic များထားရှိမည်ဖြစ်ကြောင်း၊ ပညာရေးအတွက် လှဖိုးခေါင်စခန်း၌ ရှိနေစဉ်မှာပင် လှဖိုးခေါင် ယာယီပညာသင်ကျောင်းထားရှိပြီး ဆရာ ဆရာမများလည်း အဆင်သင့်ထားရှိပေးထားကြောင်း။

**သွားရောက်နေထိုင်ခွင့်ပြုမည်**

လှဖိုးခေါင်ကြားစခန်းတွင် နေထိုင်စဉ်၌ပင် သက်သေခံကတ်ပြားတစ်မျိုးမျိုး (NV ကတ်) ရှိပါက မောင်တောဒေသတွင် လွတ်လပ်စွာသွားလာခွင့်ပြုမည်ဖြစ်ကြောင်း၊ ရှိပြီးသား နေအိမ်များ၊ ရွာများနှင့် တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါက သွားရောက်နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ အိမ်မရှိပါကလည်း နေထိုင်နိုင်ရန် နေအိမ်များ စတင်ဆောက်လုပ်ပေးနေပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများ အိမ်မရှိပါက ၎င်းတို့နေခဲ့သည့် အနီးဆုံးနေရာတွင် ယာယီနေရာချကာ မိမိတို့အိမ်များ ပြန်လည်ဆောက်လုပ်၊ အိမ်ရာထူထောင်ရာတွင် ပါဝင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ထိုသို့မိမိတို့အိမ်များ ပြန်လည်ဆောက်လုပ်ရာတွင် ပါဝင်သည့်အတွက် လုပ်အားခများကိုလည်း ထပ်မံပေးအပ်မည့် စနစ်ကို ပြုလုပ်ထားကြောင်း၊ အစိုးရ၏ ဆောက်လုပ်ပေးမှုအတိုင်း နေထိုင်လိုပါကလည်း လှဖိုးခေါင်စခန်းတွင် နေအိမ်ပြီးစီးသည်အထိ ဆက်လက်နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း။

လှဖိုးခေါင်စခန်းတွင် နေထိုင်နေစဉ်အတွင်း နေထိုင်စားသောက်မှု လွယ်ကူစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ မီးဖို၊ လောင်စာတောင့် အစရှိသည်တို့ကို တစ်လစာအတွက် ထုတ်ပေးထားမည်ဖြစ်ကြောင်း၊ ထို့အပြင် အသီးအရွက်နှင့် အသားငါးစားနိုင်ရန် လူတစ်ဦးအတွက် တစ်နေ့လျှင် တစ်ထောင်ကျပ်နှုန်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးဝယ်မှုလွယ်ကူစေရန်အတွက်လည်း မောင်တောဒေသမှ ကုန်သည်ကြီးများ လာရောက်ဆိုင်ဖွင့်နိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ သောက်သုံးရေအတွက် ရေတုံးကင်များဖြင့် ရေရရှိအောင်ဆောင်ရွက်ပေးထားကြောင်း၊ ထပ်မံလိုအပ်ပါက မီးသတ်ယာဉ်သုံးစီးဖြင့် ပံ့ပိုးနိုင်ရန် စီစဉ်ထားရှိပြီး ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက်ကိုလည်း အကောင်းဆုံး စီမံဆောင်ရွက်ထားကြောင်း၊ ယင်းဒေသများတွင် လူမှုသဟဇာတဖြစ်ရေးအတွက်ကိုလည်း ရေရှည်ဆောင်ရွက်နေကြောင်း၊ နောက်တစ်ကြိမ် ထပ်မံမဖြစ်ပွားစေရန်အတွက် ဆောင်ရွက်မှုများရှိကြောင်း၊ မိမိတို့ဘက်အနေဖြင့် ပြန်လည်စိစစ်လက်ခံရန် အသင့်အနေအထားရှိနေပြီဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်၍ ပြန်လည်လက်ခံရေးနှင့်ပတ်သက်ပြီး နှစ်ဖက်အစိုးရ ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အခြေအနေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်လျက်ရှိသည့် နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံခဲ့သည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဦးမြင့်သူက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့သည့် အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မိမိတို့အနေဖြင့် အောက်တိုဘာ ၃၀ ရက်က တတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးအဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ပြုလုပ်ခဲ့ကြောင်း။

ဆွေးနွေးမှုများပြုလုပ်ရာတွင် အဓိကအားဖြင့် ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်မှုများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း၊ အောက်ခြေအဆင့် ပြန်လည်လက်ခံရေးနှင့် နေရာချထားရေးတို့အတွက် ဖွဲ့စည်းသွားရန် သဘောတူညီခဲ့ကြောင်း၊ ပြန်လည်လက်ခံရာတွင် အဆင်ပြေချောမွေ့စေရန် စာရင်းတွင် မတွေ့ရှိသူများအား အောက်ခြေအဆင့်တွင် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်နှင့် ပူးတွဲဆွေးနွေးသွားရန် ညှိနှိုင်းရရှိခဲ့ကြောင်း။

**အသေးစိတ်ရှင်းလင်းပြောကြားခဲ့**

ယခုတစ်ကြိမ်တွင် မိမိတို့ ပူးတွဲလုပ်ငန်းအဖွဲ့အနေဖြင့် နေရပ်စွန့်ခွာသူများနေထိုင်သည့် ကော့ဘဇားရှိ စခန်းများသို့လည်း သွားရောက်ခဲ့ပြီး ကိုယ်စားလှယ် ၁၀၀ ခန့်နှင့် တွေ့ခွင့်ရရှိခဲ့ကြောင်း၊ ထို့အပြင် ဟိန္ဒူအသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ခွင့်ရရှိခဲ့ကြောင်း၊ ၎င်းတို့၏ ပြောကြားချက်များအရ စုစုပေါင်း ဟိန္ဒူဘာသာဝင်မိသားစုဝင် ၄၃၈ ဦး ရောက်ရှိနေကြောင်း၊ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံသို့ အမြန်ဆုံးပြန်လာချင်သည်ဟုပြောကြားကြောင်း၊ ဟိန္ဒူဘာသာဝင်မိသားစုဝင်များကို ပြန်လည်လက်ခံနိုင်ရေးအတွက်လည်း ဆောင်ရွက်နေကြောင်း၊ နေရပ်စွန့်ခွာသွားသူများ ရောက်ရှိနေသည့် အခြားဒုက္ခသည် စခန်းနှစ်ခုကိုလည်း သွားရောက်လေ့လာခွင့်ရရှိခဲ့ကြောင်း၊ ထိုသူများကိုတွေ့ဆုံ၍ ပြန်လည်လက်ခံရေးအတွက် အသေးစိတ်ရှင်းလင်းပြောကြားနိုင်ခဲ့ကြောင်း။

**မိမိဆန္ဒအလျောက် ပြန်လာရန်လို**

မိမိတို့ စီမံဆောင်ရွက်ထားမှု အခြေအနေများကိုလည်း ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ရှင်းပြနိုင်ခဲ့ကြောင်း၊ ထို့အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လုံခြုံရေး၊ လူမှုစီးပွားရေးတို့အတွက် UEHRD မှစီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားနိုင်ခဲ့ကြောင်း၊ မိမိတို့ဘက်မှ တိုက်တွန်းပြောကြားမှုအနေဖြင့် မိမိဆန္ဒအလျောက် ပြန်လာရန်လိုကြောင်း၊ ပြန်လာသည့်အခါတွင်လည်း သတ်မှတ်ထားသည့် Verification Form ကို ဖြည့်စွက်ခြင်းဖြင့် ပံ့ပိုးပေးရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ ထို့အပြင် NVC နှင့် ပတ်သက်၍ သိသင့်သိထိုက်သောအချက်များကို ရှင်းပြခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများက ပြန်လည်လက်ခံမည့်အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်း၊ ပြည်ပ သတင်းဌာန ၃၂ ခုမှ သတင်းထောက် ၇၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

### ❂ ရှေ့ဖုံးမှ

ရထားတွဲဆိုင်းတို့အား ယနေ့နံနက်က စတင်ပြေးဆွဲပေးခဲ့ခြင်းလည်း ဖြစ်သည်။ ယနေ့နံနက်ပိုင်းက စတင်ပြေးဆွဲခဲ့သည့် ရွာသာကြီး ကုန်းတွင်းဆိပ်မှ မြစ်ငယ်ကုန်းတွင်းဆိပ်ရထားတွဲဆိုင်းပြေးဆွဲမှုနှင့် စပ်လျဉ်း၍ တစ်ပတ်လျှင် တစ်ကြိမ် ပြေးဆွဲသွားမည်ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်**

အရင်းအမြစ်အုပ်စု ထောက်ပံ့ရေးကုမ္ပဏီအနေဖြင့် ကုန်းတွင်းဆိပ်တည်ဆောက်ရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ရန်ကုန်ရွာသာကြီး ကုန်းတွင်းဆိပ်၌ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၂၆ သန်းနှင့် မြစ်ငယ်ကုန်းတွင်းဆိပ်၌ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇၅ သန်းတို့ဖြင့် စုစုပေါင်း ရင်းနှီးမတည်ငွေ အမေရိကန်ဒေါ်လာ ၄၉ သန်းကို အသုံးပြုကာ မြန်မာ့မီးရထားမှ သတ်မှတ်ပေးထားသည့် စံချိန်၊ စံညွှန်းများနှင့်အညီ လုပ်ငန်းအတွေ့အကြုံ ကြွယ်ဝသည့် ပြည်ပမှကုမ္ပဏီများနှင့်ပူးပေါင်း၍ ကျွမ်းကျင်မှုနှင့် နည်းပညာအကူအညီများကိုရယူကာ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် မေလမှ စတင်၍ တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သောကြောင့် ယခုအခါ ကုန်းတွင်းဆိပ်၏ ပထမအဆင့်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ကုန်းတွင်းဆိပ်၏ ပထမအဆင့်လုပ်ငန်းများ အရှိန်အဟုန်မြင့် တိုးတက်လာသည်နှင့် တစ်ပြိုင်တည်း ဒုတိယအဆင့်တည်ဆောက်ရေး လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရွာသာကြီးကုန်းတွင်းဆိပ်မှ ဆောင်ရွက်မည့်လုပ်ငန်းများသည် ပင်လယ်ဆိပ်ကမ်းတစ်ခုကဲ့သို့ One Stop Service လုပ်ငန်းများအဖြစ် ပို့ကုန်/သွင်းကုန်ဆိုင်ရာ လုပ်ငန်းစဉ်များ၊ ကုန်တင်/ကုန်ချလုပ်ငန်းများ၊ သဘော်လိုင်းများ၊ ပိုးမွှားစစ်ဆေးခြင်းလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက်ကြောင့် လုပ်ငန်းကဏ္ဍအသီးသီးနှင့်ပတ်သက်သည့် သက်ဆိုင်ရာ အစိုးရဌာနများနှင့် စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွာသာကြီးကုန်းတွင်းဆိပ်နှင့် မြစ်ငယ်ကုန်းတွင်းဆိပ်များမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးအကြား မီးရထားဖြင့် ကွန်တိန်နာများ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်ချောမွေ့လာသည်နှင့်အမျှ ဒေသတွင်းနိုင်ငံများနည်းတူ Logistics လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ရရှိသည့် အဆိုပါကုမ္ပဏီများမှ သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

---

## သားအိမ်ခေါင်းကင်ဆာ အခမဲ့ စမ်းသပ်ကုသပေး

**သီပေါ နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ကျောက်မဲခရိုင် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော သားအိမ်ခေါင်းကင်ဆာ အခမဲ့စမ်းသပ်ရှာဖွေကုသခြင်း လုပ်ငန်းကို နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီက ကျောက်မဲမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နန်းရွှေမြင့် ဦးဆောင်သော ရှမ်းပြည်နယ် မိခင်နှင့် ကလေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး သားဖွားမီးယပ်အထူးကု ဒေါက်တာခင်မိုးလှိုင် ကြီးကြပ်သည့် သီပေါဆေးရုံမှ OG ဒေါက်တာစုလှိုင်ဝင်း၊ ကျောက်မဲဆေးရုံမှ OG ဒေါက်တာသီတာဝင်း၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာရဲလွင်မောင်နှင့် ဆရာဝန်အဖွဲ့တို့သည် ကင်ဆာရောဂါ အခမဲ့စမ်းသပ်ရှာဖွေကုသခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ သားအိမ်ခေါင်းကင်ဆာစမ်းသပ်ရှာဖွေကုသရေးသို့ သီပေါ၊ နောင်ချိုမြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကလေးမိခင် ၃၂၈ ဦး တက်ရောက်စမ်းသပ်ကုသကြပြီး ကျန်ရှိသည့်မြို့နယ်များတွင်လည်း ဆက်လက်စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကဏ္ဍပေါင်းစုံတွင် လုပ်ကိုင်နေကြသည့် လူငယ်ပညာရှင်များနှင့် တွေ့ဆုံပြီး လူငယ်နှင့် ရုပ်ရှင်ဆိုင်ရာဆွေးနွေးပွဲများသို့ တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်နေကြသည့် လူငယ်ပညာရှင်များနှင့် တွေ့ဆုံသည်။ ထို့နောက် ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Myanmar Film Development Centre) ၌ ကျင်းပသည့် လူငယ်တို့၏ရုပ်ရှင်အတွေးအမြင်များ ဆွေးနွေးပွဲနှင့် ကလေးများအတွက် မြန်မာ Animation ရုပ်ရှင်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ကိုညဏ်သာမော်လင်းအပါအဝင် လူငယ်ပညာရှင်များနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယနေ့တွေ့ဆုံသည့် လူငယ်များသည် နိုင်ငံရပ်ခြားတွင် ပညာသင်ကြားလာခဲ့သူများဖြစ်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုမ္ပဏီလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေသည့်အတွက် မိမိတို့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် စိတ်ကူးစိတ်သန်းများ များစွာရှိမည်ဖြစ်ကြောင်း၊ လက်ရှိအနေအထားတွင် အဆင်မပြေမှုများ၊ ဝေဖန်ထောက်ပြချင်သည်များ၊ ပြုပြင်ပြောင်းလဲရန် အကြံပြုချင်သည်များ ရှိနေမည်ဖြစ်ကြောင်း၊ ထိုအရာများကို နားထောင်ရပါက တန်ဖိုးရှိမည်ဖြစ်သည့်အတွက် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ မည်သည့်အစိတ်အပိုင်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည်သို့မဟုတ် တန်ဖိုးရှိသည့် စိတ်ကူးစိတ်သန်းများ ပေါ်ထွက်လာအောင် မည်သို့လုပ်ပေးနိုင်မည်ဆိုသည့် သဘောမျိုးဖြင့် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လွတ်လွတ်လပ်လပ်ပြောဆိုဆွေးနွေးကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လူငယ်ပညာရှင် ၁၁ ဦးတို့က ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် အခွင့်အရေးနှင့် ကြုံတွေ့ရသည့် အခက်အခဲများ၊ ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များ၊ ဥပဒေတစ်ခုဖြစ်လာရန် လုပ်ဆောင်သင့်သည့်အချက်များ၊ ရုပ်ရှင်တွင် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ဖော်ပြရန် နည်းလမ်းများ စသည်တို့အပါအဝင် အကြောင်းအရာစုံတို့ကို အကြံပြုဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးရာတွင် နိုင်ငံတကာအတွေ့အကြုံနှင့် အတတ်ပညာများ ရရှိထားသော လူငယ်များအနေဖြင့် နိုင်ငံ့ရေးရာများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးနိုင်သကဲ့သို့ မိမိတို့တစ်ဦးချင်းအတွက်လည်း တိုးတက်စေနိုင်မည်ဖြစ်သဖြင့် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ လူငယ်တို့၏ရုပ်ရှင်အတွေးအမြင်များ ဆွေးနွေးပွဲနှင့် ကလေးများအတွက် မြန်မာ Animation ရုပ်ရှင်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်အားပေးစဉ်။

### ရုပ်ရှင်အတွေးအမြင် ဆွေးနွေးပွဲ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လူငယ်တို့၏ ရုပ်ရှင်အတွေးအမြင်များ ဆွေးနွေးပွဲနှင့် ကလေးများအတွက် မြန်မာ Animation ရုပ်ရှင်များ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ ဝသန်ရုပ်ရှင်ပွဲတော် ပရိုဂရမ် ဒါရိုက်တာ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ခဲ့ကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတကာရုပ်ရှင်ကျောင်းများမှ အတွေ့အကြုံများနှင့် လူငယ်တို့၏ ရုပ်ရှင်အတွေးအမြင်များခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ဝသန်ရုပ်ရှင်ပွဲတော် ပရိုဂရမ် ဒါရိုက်တာ ဦးသိဒ္ဓိက ဦးဆောင်ဆွေးနွေးပြီး နိုင်ငံတကာရုပ်ရှင်ကျောင်းများတွင် ရုပ်ရှင်ဆိုင်ရာ ပညာရပ်များကို လေ့လာဆည်းပူးခဲ့ကြသူများဖြစ်သော မောင်ပညာဇေယျ၊ မောင်အောင်ဖြိုး၊ မမိုးမြတ်မေဇာကြည်တို့က ပါဝင်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ကလေးများအတွက် မြန်မာ Animation ရုပ်ရှင်များ ဖွံ့ဖြိုးတိုးတက်လာစေရေး စကားဝိုင်းဆွေးနွေးပွဲတွင် ဝသန်ရုပ်ရှင်ပွဲတော် ပရိုဂရမ် ဒါရိုက်တာ ဦးသိဒ္ဓိက ဦးဆောင်ဆွေးနွေးပြီး နိုင်ငံတကာရုပ်ရှင်ကျောင်းများတွင် ရုပ်ရှင်ဆိုင်ရာ ပညာရပ်များကို လေ့လာဆည်းပူးခဲ့ကြသူများဖြစ်သော မောင်ဝဏ္ဏစိုး၊ မောင်ရဲဝင်း၊ မောင်နိုဘယ်အောင်၊ မဇူးထိုက်တို့က ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအဖွဲ့ဝင်များ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ရုပ်ရှင်ပညာရှင်များ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ရုပ်ရှင်သင်တန်းကျောင်းများမှ သင်တန်းသားများ၊ ရုပ်ရှင်ကြည့်ပရိသတ်များ တက်ရောက်ခဲ့ကြသည်။



ကလေးများအတွက် မြန်မာ Animation ရုပ်ရှင်များ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပစဉ်။

### ရုပ်ရှင်သင်တန်းကျောင်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပြည်သာယာရိပ်သာ အမှတ် (၅) မြရတနာလမ်းရှိ ရန်ကုန်ရုပ်ရှင်သင်တန်းကျောင်း (Yangon Film School –YFS) သို့ ရောက်ရှိပြီး သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံခဲ့သည်။

ရန်ကုန်ရုပ်ရှင်သင်တန်းကျောင်းသည် နိုင်ငံ၏ မီဒီယာအင်အားစုနှင့် ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လူထုအတွင်း ရုပ်ရှင်ရိုက်ကူးထုတ်လုပ်သူပညာရှင်များ ပေါ်ထွန်းလာစေရန်၊ တိုင်းပြည်အသွင် ပြောင်းလဲရေးတွင် နည်းစနစ်ကျသော ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ပြောင်းလဲလုပ်ဆောင်နိုင်ရန် ရည်ရွယ်လျက် ရုပ်ရှင်ဖန်တီးရိုက်ကူးသူ လင်ဆေးမယ်ရစ်ဆင်က ၂၀၀၅ ခုနှစ်တွင် တည်ထောင်ခဲ့သည့် ဘာလင်အခြေစိုက် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ သင်တန်းကျောင်းတွင် နိုင်ငံတကာမှ ဝါရင့်ရုပ်ရှင် ရိုက်ကူးသူများကို ဖိတ်ခေါ်ကာ မြန်မာနိုင်ငံတစ်ဝန်းရှိ အတွေ့အကြုံအနည်းငယ်ရှိသူနှင့် လုံးဝမရှိသူ လူငယ်များအတွက် ရုပ်ရှင်ရိုက်ကူးခြင်းဆိုင်ရာ ပညာရပ်များကို ရှုထောင့်ပေါင်းစုံမှ လည်းကောင်း၊ အဓိကအနေဖြင့် မှတ်တမ်းရုပ်ရှင်ရိုက်ကူးခြင်းကို လည်းကောင်း သင်ကြားပေးလျက်ရှိသည်။

**သတင်းစဉ်**

---

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အကျဉ်းထောင်နှင့် မြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ခင်သင်းဝေနှင့် ဒက္ခိဏခရိုင် တရားသူကြီး ဦးတင့်လွင်၊ ဒုတိယခရိုင်တရားသူကြီး ဦးဝင်းဇော်ညွန့်နှင့် သက်ဆိုင်ရာ မြို့နယ်တရားသူကြီးများ ပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက နေပြည်တော် အကျဉ်းထောင်ရှိ အကျဉ်းသားများနှင့် တရားရုံးစစ်ဆေးဆဲ အချုပ်သားများအား လည်းကောင်း၊ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့မရဲစခန်း အချုပ်ခန်းနှင့် လယ်ဝေးမြို့မရဲစခန်း အချုပ်ခန်းတို့ရှိ တရားရုံးစစ်ဆေးဆဲ အချုပ်သားများအား လည်းကောင်း ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်ထားမှုများ ရှိ၊ မရှိ၊ အချုပ်တရားခံများ၏ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ၊ မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ၊ မရှိ၊ ကျန်းမာရေးပြည့်စုံမှု ရှိ၊ မရှိ၊ မကျန်းမာပါက ဆေးကုသရန်အခွင့်အရေး ရှိ၊ မရှိ၊ အမျိုးသမီးအဖော် အစောင့်အရှောက်များဖြင့် ထားရှိခြင်း ရှိ၊ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ တို့ကို အချုပ်သူ အချုပ်သားများအား တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**ကြေးမုံ**

---

## စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျင့်ဝတ်သိက္ခာခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ နည်းပညာအကူအညီဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား “စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျင့်ဝတ်သိက္ခာ” ခေါင်းစဉ်ဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီးအစိုးရ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ရှင်းလင်းဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ကော်မရှင်ရုံးဝန်ထမ်းများ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်ရက်လျှင် လူ ၁၅၀ ဖြင့် ၁၄၊ ၁၅ ရက်ခန့်ကြာမြင့်မည် ဖြစ်ပါကြောင်း၊ ဆက်လက်လက်ခံရေးအတွက် အင်အားစာရင်း ၂၀၀၀၀ ကျော်အား ဆက်လက်ပေးပို့ထားပါကြောင်း၊ ယခု လုပ်ငန်းစဉ်အား စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်

❐ စာမျက်နှာ ၃ မှ

လက်ခံကြိုဆိုမည်ဖြစ်ကြောင်း၊ UNDP နှင့် UNHCR တို့သည် ဌာနေသို့ ပြန်လည်ဝင်ရောက်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ပေါင်းစည်းရေး အဆင့်သုံးဆင့်တွင် ပါဝင်ကူညီကြလိမ့်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်မည့်သူများအား နေ့စဉ် လက်ခံနိုင်မည့်အခြေအနေနှင့် စုစုပေါင်းကြာမြင့်မည့် အချိန်ကာလနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တစ်ရက်လျှင် လူ ၁၅၀ ဖြင့် ၁၄၊ ၁၅ ရက်ခန့် ကြာမြင့်မည်ဖြစ်ပါကြောင်း၊ ဆက်လက်လက်ခံရေးအတွက် အင်အားစာရင်း ၂၀၀၀၀ ကျော်အား ဆက်လက်ပေးပို့ထားပါကြောင်း၊ ယခု လုပ်ငန်းစဉ်အား စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### ခိုင်လုံသူကို နိုင်ငံသားဆက်လက်ပေးသွားမည်

NVC ကတ်ကိုင်ဆောင်ထားသူသည် မည်သည့်နေရာအထိ သွား၍ရမလဲ၊ နိုင်ငံသားကတ် မီးလောင်သွားပါက မည်သို့ဆောင်ရွက်ပေးမလဲ စသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးလှိုင်က နိုင်ငံသားဖြစ်ပြီးသားသူများ အိမ်မီးလောင်သွားပါက ၎င်းတို့အတွက် မိမိတို့ထံတွင် မှတ်တမ်းများရှိပါကြောင်း၊ နိုင်ငံသားဖြစ်ပြီးသူများ နိုင်ငံသားဆုံးရှုံးသည်မှာ မရှိပါကြောင်း၊ နိုင်ငံသားဖြစ်ပြီးကြောင်း မှတ်တမ်းအထောက်အထားများ ခိုင်လုံသူကို နိုင်ငံသားဆက်လက်ပေးသွားမည်ဖြစ်ပါကြောင်း၊ NVC ကတ်ကိုင်ဆောင်သည့် အပိုင်းတွင် NVC ကတ်မှာ မြို့နယ်အတွင်း လွတ်လပ်စွာ သွားလာခွင့်ရှိပါကြောင်း၊ မြို့နယ်ကျော်၊ ခရိုင်ကျော်၊ ပြည်နယ်ကျော် သွားမည်ဆိုပါက သတ်မှတ်ပုံစံလျှောက်ထားပြီး သွားရမည်ဖြစ်လျှောက်ထားခြင်းများ ရှိခဲ့ပါကြောင်း၊ နိုင်ငံရေးအင်အားစုများကိုလည်း အလွတ်သဘောနှင့် တရားဝင်တွေ့ဆုံပြီး ရှင်းလင်းပြောကြားခြင်းများ ရှိပါကြောင်း။

အထူးသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် Diversity Management တွင် နှစ်ဖက်အဖွဲ့အစည်းများ ပါဝင်ပါကြောင်း၊ လုပ်ဆောင်နေသည့် ကိစ္စရပ်များစွာ ရှိပါကြောင်း၊ ဗုဒ္ဓဘာသာဝင် ရခိုင်တိုင်းရင်းသားများနှင့် မြို၊ သက်၊ ခမီ စသည့် အဖွဲ့ခေါင်းဆောင်များကိုလည်း အလွတ်သဘောတွေ့ဆုံပါကြောင်း၊ နေရာချထားခြင်းနှင့်ပတ်သက်၍ ၎င်းတို့အားဆွေးနွေးပြီး ပွင့်ပွင့်လင်းလင်း ပြောထားပါကြောင်း၊ အထူးသဖြင့် အဆိုပါ ကိစ္စရပ်များအား အဆင်ပြေပြေကိုင်တွယ်နိုင်ခြင်းမရှိပါက မည်သို့ဖြစ်နိုင်သည်ကို ရှင်းပြထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပြန်လည်ဝင်ရောက်လာမည့်သူများ၏ အရေအတွက်၊ ပြန်လည်နေရာချထားရေးနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် အမည်ထပ်နေသည်များကို ပြန်လည်စစ်ဆေးရာတွင် ပြည်နယ်အစိုးရ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ စိစစ်လိုက်သည့်အတွက် လျော့သွားခြင်း ဖြစ်ပါကြောင်း၊ စုစုပေါင်း ၂၂၅၁ ဦး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### အကြမ်းဖက်သမားများကို ဥပဒေအရ လွှဲပြောင်းပေးရမည်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အကြမ်းဖက်သမားများ၏ အမည်စာရင်းအား ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးထားပါကြောင်း၊ လုပ်ထုံးလုပ်နည်းအရ အကြမ်းဖက်သမားများကို ဥပဒေအရ လွှဲပြောင်းပေးရမည်ဖြစ်ပါကြောင်း၊ ယင်းသည် လုပ်ထုံးလုပ်နည်းအသစ်ဖြစ်ပါကြောင်း၊ အကယ်၍ ပြန်လည်ဝင်ရောက်လာသည့် အုပ်စုများတွင် ပါဝင်လာပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

NVC ကတ်တွင် လူမျိုးအမည်အား မည်ကဲ့သို့ ဖော်ပြမည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဌေးလှိုင်က NVC ကတ်တွင်



အေအက်ဖ်ပီသတင်းထောက် မေးမြန်းစဉ်။



ဘီဘီစီသတင်းထောက် မေးမြန်းစဉ်။



ရိုက်တာသတင်းထောက် မေးမြန်းစဉ်။



အင်န်အိတ်ချ်ကေသတင်းထောက် မေးမြန်းစဉ်။



ဗွီအိုအေသတင်းထောက် မေးမြန်းစဉ်။



ခေတ်သစ်ဂျာနယ် သတင်းထောက် မေးမြန်းစဉ်။

ပါကြောင်း၊ NVC ကတ်တွင် ရိုဟင်ဂျာဆိုသည့် အသုံးနှုန်းမပါပါကြောင်း၊ ထည့်သွင်းဖော်ပြရန်လည်း မလိုအပ်ပါကြောင်း ဖြေကြားသည်။

### နိုင်ငံသားဥပဒေနှင့်အညီပေးမည်

တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား နိုင်ငံသားပေးနိုင်မည့် အခြေအနေနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မိမိတို့အနေဖြင့် နိုင်ငံသားဥပဒေနှင့်အညီပေးမည်ဖြစ်ပါကြောင်း၊ ၁၉၈၂ ခုနှစ် တည်ဆဲဥပဒေနှင့်အညီပေးမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် မူလက ကြာမြင့်သော်လည်း ယခုမြန်ဆန်အောင် စီမံဆောင်ရွက်ထားပါကြောင်း၊ ဥပမာအားဖြင့် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့်ကော်မတီများမှ ဆောင်ရွက်ပြီး ပြည်ထောင်စုအဆင့်တွင် ဝန်ကြီးများ Board ထိုင်ရပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အဆင့်ဆင့် မြန်ဆန်အောင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ NVC ကတ်ရရှိသူများကိုလည်း NVC အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

သတင်းရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်သည်နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ စီမံပြီး မီဒီယာများအား သတင်းပေးမည်ဖြစ်ပါကြောင်း၊ မည်သို့စိစစ်၍ မည်သို့လက်ခံသည်ဆိုသည့်လုပ်ငန်းစဉ်ကို ရရှိနိုင်ရေးအတွက် မိမိတို့ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

ဗုဒ္ဓဘာသာဝင် ရခိုင်တိုင်းရင်းသားများ၏ စိုးရိမ်ပူပန်မှုကို မည်သို့ညှိနှိုင်းဆောင်ရွက်မလဲဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးလည်း လွှတ်တော်တွင် သုံးကြိမ် ရှင်းလင်းပြီး ဖြစ်ပါကြောင်း၊ သွားရောက်သည့်အခါတိုင်းတွင်လည်း လူမှုအဖွဲ့အစည်းများနှင့် တွေ့ပါကြောင်း၊ ထို့အပြင် နေပြည်တော်တွင်လည်း အောက်ခြေမှ ခေါင်းဆောင်များနှင့် တွေ့ဆုံပါကြောင်း၊ CSO အဖွဲ့ခေါင်းဆောင်များကိုလည်း ခေါ်ယူတွေ့ဆုံပြီး ရှင်းလင်းပြောကြားခဲ့သည်များ ရှိပါကြောင်း၊ ထို့ပြင် ပါတီခေါင်းဆောင်များကိုလည်း မကြာခဏ တွေ့ဆုံ၍ ရှင်းလင်းပြောကြားသည့်အပြင် ဆရာတော်ကြီးများကိုလည်း ဦးမြင့်သူက မိမိတို့ နှစ်နိုင်ငံအကြား တွေ့ကြုံရသမျှ ပြဿနာတိုင်းနှင့်ပတ်သက်၍ နှစ်နိုင်ငံတာဝန်ရှိသူများအကြား ပုံမှန်တွေ့ဆုံကာ ညှိနှိုင်းဖြေရှင်းသွားကြမည်သာဖြစ်ကြောင်း၊ ပူးတွဲလုပ်ငန်းအဖွဲ့ဟုခေါ်ဆိုသောအဖွဲ့က ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ အောက်ခြေအဆင့်တွင် မိမိတို့ နှစ်နိုင်ငံအကြား လုပ်ငန်းအဆင့်တိုင်းအတွက် ညှိနှိုင်းဆွေးနွေးမှုများရှိကြောင်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့များမှာလည်း ပုံမှန်တွေ့ဆုံဆွေးနွေးမှုများရှိကြောင်း၊ နယ်စပ်ဖြတ်ကျော်ပြဿနာများကို ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဖြေရှင်းလျက်ရှိကြကြောင်း။

### သံတမန်ရေးနည်းလမ်းမှတစ်ဆင့် ဖြေရှင်းသွားမည်

နိုင်ငံခြားရေးအတွင်းဝန်အဆင့်တွင် မိမိတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနေပြန်ပို့ရေးကိစ္စနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသမျှ ပြဿနာတိုင်းကို ဌာနနှစ်ခုအကြား သံတမန်ရေးနည်းလမ်းမှတစ်ဆင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသို့ ပြန်လာမည့်ဦးရေမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် တည်မှီနေကြောင်း၊ ကနဦးစာရင်းအရ လူပေါင်း ၈၀၃၂ ဦး ပြန်လာမည်ဟု သိရှိခဲ့ကြောင်း၊ ၎င်းတို့အနက် ၂၂၆၀ ဦးမှာ ပထမအသုတ်အဖြစ် ပြန်လာမည့်သူများဖြစ်ကြကြောင်း၊ လောလောဆယ်တွင် ပြန်လာသူများအား ကျေးရွာအုပ်စု ၄၂ ခုတွင် ပြန်လည်နေရာချထားပေးရန် စီစဉ်ထားကြောင်း။

မိမိဆန္ဒနှင့်အညီ ပြန်လိုလျှင် ပြန်နိုင်သည်ဟု ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်နှင့် မိမိအနေဖြင့် စခန်းအထိသွားရောက်၍ ရှင်းလင်းပြောဆိုခဲ့ပြီးဖြစ်ကြောင်း၊ ဂုဏ်သိက္ခာရှိရှိ ပြန်လာနိုင်ခွင့်ရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် UNDP၊ UNHCR နှင့်ပါ ပူးပေါင်းလက်တွဲလုပ်ကိုင်နေပြီး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ကြောင်း ဖြေကြားသည်။

ပြန်လည်ဝင်ရောက်လာမည့်သူများ၏အရေအတွက် စာရင်းကွဲလွဲမှုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က စာရင်းကွဲလွဲမှုတွင် တစ်ဖက်နိုင်ငံမှ ပေးလာသည့်စာရင်းထဲ၌ အမည်ထပ်နေသည်များ ပါဝင်ပါကြောင်း၊ ရိုဟင်ဂျာ၊ ဘင်္ဂါလီဟု ဖော်ပြမည် မဟုတ်ပါကြောင်း၊ နိုင်ငံသားဆက်လက်လျှောက်ထားရာတွင်လည်း ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဆိုပြီး သုံးမျိုးရှိပါကြောင်း၊ ယင်းအမျိုးအစားအလိုက် ကိုက်ညီသည့် အထောက်အထားရှိသူကို ပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်း ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း နေထိုင်သူများအားလုံးကို စမတ်ကတ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ကို စီမံချက်ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူတစ်ဦးကို နံပါတ်တစ်ခုပေးပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယင်းနံပါတ်သည် လူတစ်ဦး၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့် ကဏ္ဍပေါင်းစုံအတွက်နှင့် e- government ကို အထောက်အကူပြုသည့် နံပါတ်တစ်ခု ဖြစ်သွားမည်ဖြစ်ပါကြောင်း၊ e-government ကို အထောက်အကူပြုသည့် စမတ်ကတ်ကို အသုံးပြုပြီး နိုင်ငံသားစနစ်ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လက်ရှိလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

### လူမျိုးအငြင်းပွားစရာမရှိ

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယင်းကို ၂၀၁၉ ခုနှစ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လူတစ်ယောက်လျှင် One Identity ဖြစ်ပြီး စမတ်ကတ်ဖြစ်သွားမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ခေါက်ချိုးမဟုတ်တော့ဘဲ ယင်းတွင် နိုင်ငံသား၊ အမည်၊ မွေးသက္ကရာဇ်နှင့် ၎င်း၏ ID နံပါတ်ပါမည် ဖြစ်ပါကြောင်း၊ အသေးစိတ်အချက်အလက်များ မပါဝင်တော့သည့်အတွက် လူမျိုးအငြင်းပွားစရာမရှိတော့ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**သတင်းအဖွဲ့**

---

## ပုပ္ပားတောင်ဝန်းကျင် ကျေးရွာများ၌ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**မြင်းခြံ နိုဝင်ဘာ ၁၁။** ။မြင်းခြံမြို့မှ တိရစ္ဆာန်ဆေးကုဆရာဝန်အဖွဲ့သည် ပုပ္ပားတောင်အနီးတစ်ဝိုက်သို့ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းမှစတင်၍ ခွေး၊ ကြောင်များ၏ ကျန်းမာရေးကို အခမဲ့ကြည့်ရှုကုသပေးခဲ့ပြီး ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့မှ တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာကျော်ဝင်းရွှေ ဦးဆောင်သောအဖွဲ့သည် ပုပ္ပားဒေသမှ ခွေးများကို ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း၊ သန်ချဆေးထိုးနှံပေးခြင်း၊ ခွေးလေခွေးလွင့်များ မျိုးပွားခြင်းထိန်းချုပ်နိုင်ရန် အထီးများကိုသင်းကွပ်ပေးခြင်းနှင့် အထွေထွေရောဂါများကို ကုသပေးခဲ့ကြသည်။

အဆိုပါအဖွဲ့တွင် ဆရာဝန် လေးဦးနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားနှစ်ဦးတို့ ပါဝင်ကုသပေးခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# လျှပ်တစ်ပြက် လွိုင်ကော်



ကိုရွှေအောင်

သီတင်းကျွတ်ပွဲတော်ရက်ဖြစ်ပေမယ့် ပင်လောင်းကနေ လွိုင်ကော်သွားလည်မယ့် အောက်တိုဘာလ ၂၇ ရက်နေ့မှာ မိုးက မိုးလင်းကတည်းက ရွာတယ်။ မနက် ၅ နာရီခွဲလောက်မှာ ပင်လောင်း-လွိုင်ကော် ကားလမ်းပေါ် ရောက်တော့ မိုးရွာပြီးအေးစိမ့်နေတယ်။ ကားမောင်းတဲ့ လူငယ်လေးက ပင်လောင်းက အေးကိုအေးတာ၊ ရှေ့မှာ နောင်ဝိုးတောင်ဆိုတာကိုကျော်ရင် မအေးတော့ဘဲ ပူလာလိမ့်မယ်လို့ အားပေးစကားပြောတယ်။ လမ်းဘေး ဝဲ၊ယာက စိုက်ခင်းတွေကို လက်နဲ့ညွှန်ပြရင်း ဒါကတော့ ဂေါ်ဖီစိုက်ခင်း၊ ဒါက လက်ဖက်ခင်းဆိုပြီး ခရီးသွားလမ်းညွှန်လည်း လုပ်သေးတယ်။ သူပြောတဲ့ နောင်ဝိုးတောင်ဆိုတာကိုဖြတ်ဖို့လုပ်တော့ လမ်းရဲ့ဘယ်ဘက်ခြမ်းမှာရှိတဲ့ နတ်ကွန်းတစ်ခုဆီဆင်းသွားပြီး နတ်ကန်တော့တယ်။ ပြီးတော့ နတ်ကွန်းက ပန်းလေးတစ်ပွင့် ကားပေါ်ယူလာပြီး နောင်ဝိုးတောင်ကို ကားနဲ့စတင်ဖြတ်သန်းတယ်။ အရင်က ဒီနေရာမှာ ကားတိုက်မှုတွေမကြာခဏ ဖြစ်တယ်လို့ ကားဆရာပြောတဲ့နေရာမှာ ကားလမ်းအကျယ်ကြီး ခင်းပေးထားတာ တွေ့မြင်ရတယ်။

**အထူးအဆန်းတွေဖြစ်ခဲ့ရ**

တောင်တက်၊ တောင်ဆင်းလမ်းတွေလည်း ကျော်ပြီးရော ကားက မြေပြန့်တစ်ခုဆီရောက်သွားပြီး ကားဆရာက ဖယ်ခုံရောက်ပြီလို့ပြောတယ်။ မနက်စာစားဖို့ ဆိုင်တစ်ခုခုပို့ပေးဖို့ ကားဆရာကိုပြောတော့ သူကဖယ်ခုံသား ဆိုင်ကောင်းကောင်းပို့ပေးမယ်ဆိုပြီး ဖယ်ခုံမြို့ မိန်းလမ်းဘေးကဆိုင်တစ်ဆိုင်ရှေ့မှာ ကားရပ်ပေးတယ်။ ဆိုင်လေးက သာမန်လမ်းဘေးဆိုင်လေးတစ်ဆိုင်လိုပဲ ခင်းကျင်းထားပြီး ရှမ်းခေါက်ဆွဲ၊ တိုဟူးနွေးနဲ့ အကြော်စုံမှာစားကြတာ လက်ရာတော်တော်ကောင်းလို့ စားကောင်းလှပြီး ရှမ်းပြည်နယ်တောင်ပိုင်းက ပင်လောင်း၊ ကလော၊အင်းလေး တစ်လျှောက်စားခဲ့သမျှ ရှမ်းအစားအစာတွေထဲ အကောင်းဆုံးပဲလို့ မှတ်ချက်ချမိတယ်။ အကြော်စုံကို ဆီသန့်သန့်နဲ့ ပူပူနွေးနွေးကြော်ထားပေးလို့ စားလို့ကောင်းလှပြီး ဈေးလည်းချိုတယ်။ လူ ၁၀ ယောက်လောက် ရှမ်းခေါက်ဆွဲ၊ တိုဟူးနွေးနဲ့ အကြော်စုံမှာစားကြတာ ကျပ် ၆၈၀၀ ပဲကျလို့ ရန်ကုန်သား ခရီးသွားတွေ အံ့အားသင့်ခဲ့ကြရလေရဲ့။ ဒါ့အပြင် အစားအသောက်နဲ့ သုံးထားတဲ့ ပန်းကန်ခွက်ယောက်တွေ သပ်ရပ်သန့်ရှင်းသလို ဆိုင်ကဈေးရောင်းတဲ့သူတွေရော လာထိုင်စားနေကြတဲ့ သူတွေပါ ဆူညံအော်ဟစ်မနေဘဲ တိတ်တိတ်ဆိတ်ဆိတ် ရှိလှတာကြောင့် အထူးအဆန်းတွေဖြစ်ခဲ့ရသေးတယ်။

**ဖယ်ခုံမြို့အထွက် တောင်ကြော**

ဖယ်ခုံကထွက်တော့ မိုးဗြဲဆည်အလှကို စတွေ့ရပြီး ဖယ်ခုံမြို့အထွက် တောင်ကြောတစ်ခုမှာ ဟိုတယ်ကောင်းကောင်းတစ်လုံး တွေ့ရတယ်။ နိုင်ငံခြားသား ခရီးသွားတွေ လာရောက်တည်းခိုပြီး ဆည်ထဲမှာ စက်လှေစီးလေ့ရှိကြတယ်လို့ မြို့ခံကားဆရာက ရှင်းပြတယ်။ ပင်လောင်း-ဖယ်ခုံ-မိုးဗြဲလမ်းက မြို့အဝင်၊အထွက်မှာပဲ နည်းနည်းကျယ်ဝန်းကောင်းမွန်ပြီး အဝေးပြေးလမ်းတွေကျဉ်းသလို လမ်းလည်းမကောင်းသေးတာ သတိထားမိတယ်။ မနက် ၇ နာရီကျော်တော့ မိုးဗြဲမြို့ကို ရောက်ပြီး မိုးဗြဲကျော်ရင်တော့ ရှမ်းပြည်နယ်လွန်ပြီး ကယားပြည်နယ်ထဲ ရောက်ပြီဖြစ်တယ်လို့ ကားဆရာက မနားတမ်း သတင်းပေးတယ်။ မိုးဗြဲက နတလကျောင်းဆရာတစ်ဦးရဲ့ အိမ်သစ်တက်ပွဲလာဖို့ ဖိတ်ထားတာကြောင့် မိုးဗြဲမြို့သစ်က ကျောင်းဆရာအိမ်ဘက်ချိုတက်ခဲ့ကြပြီး မိုးထဲလေထဲသွားခဲ့ရတဲ့ ကြုံတောင့်ကြုံခဲ ကယန်းအိမ်သစ်တက်ပွဲတစ်ခုလည်း ဖြစ်တယ်။ အိမ်ကတော့ သာမန်တိုက်ခံအိမ်တစ်လုံးပဲဖြစ်ပြီး အိမ်ခြံဝင်းထဲမှာရော အိမ်ထဲမှာပါ ဧည့်ခံကျွေးမွေးနေပြီး ဧည့်သည်တွေအတော်များတယ်။ ကျွေးတာထမင်းနဲ့ဟင်းဖြစ်ပေမယ့် ဟင်းပွဲတွေက ထူးပြီး စားလို့လည်းကောင်းတယ်။ ကြက်ဘူးဆိုတဲ့ဟင်းက အောက်ပြည်အောက်ရွာကလို ကြက်သားနဲ့ဘူးသီးဟင်းမဟုတ်ဘဲ ကြက်ကို ဝါးဘူးထဲထည့်ပေါင်းပြီးချက်ထားတာလို့သိရပြီး ချဉ်ဖြုံးချဉ်ဖြုံးနဲ့ ဆီမပါ၊ငရုတ်သီးအရောင်မပါ ချက်ထားတယ်။ အလှူအိမ်က ချက်ထားသမျှ ကြက်သားဟင်း၊ အမဲသားဟင်း၊ အမဲအူပြုတ်သုတ်စတဲ့ ဟင်းအားလုံးကို ဆီမပါ၊ ငရုတ်သီးမထည့်ဘဲ ချက်ထားပြီး အရသာတွေလည်း ထူးကဲကောင်းမွန်တယ်။ ဧည့်ခန်းထဲထိုင်ပြီး စကားပြောနေကြတဲ့ ဒေသခံအမျိုးသားတွေကတော့ ထမင်းမစားကြသေးဘဲ ခေါင်ရည်ထိုင်သောက်နေကြတာ မြင်ရတယ်။ အိမ်ရှင်ကျောင်းဆရာမက စာအုပ်လေးတစ်အုပ်နဲ့ အလှူစာရင်းမှတ်နေပြီး ကြက်တစ်ကောင်လှူတာကအစ ဘယ်သူကလှူတယ်ဆိုတာ မှတ်ထားရတယ်။ ဆိုကြပါစို့ ကိုယ့်အလှူမှာ ကြက်တစ်ကောင်ထည့်ဝင်လှူဒါန်းထားသူကို စာရင်းနဲ့မှတ်ထားရပြီး ကြက်ထည့်တဲ့သူ အလှူပြန်လုပ်ရင် ကိုယ်က ကြက်တစ်ကောင်ပြန်လှူရပါသတဲ့။ ကယန်းရိုးရာဓလေ့တစ်ခုကို သွားရင်းလာရင်းမှတ်သားမိရပြန်တယ်။

**ကယားတို့ဌာနေက ငွေတောင်ဆည်**

အွန်လိုင်းက ဝီကီပီးဒီးယား စွယ်စုံကျမ်းအဆိုအရ မိုးဗြဲမြို့ဟာ ရှမ်းပြည်နယ်နဲ့ကယားပြည်နယ် နယ်နိမိတ်ဖြစ်တဲ့ ဘီလူးချောင်းပေါ်မှာတည်ရှိပြီး အချက်အချာကျတဲ့၊ စီးပွားရေးကောင်းတဲ့မြို့ ဖြစ်တယ်။ လောပိတရေအားလျှပ်စစ်စက်ရုံတည်ဆောက်တုန်းက အလုပ်သမားအဖြစ်လာလုပ်ကြတဲ့ ဗမာတွေ၊ တရုတ်တွေနဲ့ ဂေါ်ရခါးလူမျိုးတွေလည်း တွေ့ရတတ်တယ်လို့ဆိုထားတယ်။ ကားဆရာက မိုးဗြဲကနေ ငွေတောင်ဆည်ရှိတဲ့ ဒီမော့ဆိုကို တိုက်ရိုက်ရောက်တဲ့လမ်းက သွားမယ်ဆိုပြီး မောင်းလာလိုက်တာ သူရွေးချယ်တဲ့လမ်းက မိုးရေတွေနဲ့ချော်ပြီးလမ်းကလည်းကြမ်းဆိုတော့ ကားက ရွှေ့တယ်ဆိုရုံပဲမောင်းနိုင်တယ်။ (အဲဒီ မိုးဗြဲ-ဒီမော့ဆိုလမ်းမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုရဲ့ ဂိတ်တစ်ခုတွေ့မြင်ခဲ့ရပြီး အရင်က ဒီဂိတ်ဖြတ်ရင် ကားတစ်စီး ဝက်သားတစ်ပိဿာ ပေးရတယ်။ ဝက်သား တစ်ပိဿာမပါရင် ငွေကျပ်တစ်သောင်းပေးရတယ်လို့ ကားဆရာပြောတာကြားခဲ့ရသေးတယ်)။ ဒေါပိတဆိုတဲ့ ရွာအပါအဝင် ဒေါအစချီ ကယန်းရွာလေးတွေကိုဖြတ်ပြီး မောင်းလာလိုက်တာ ကယားတို့ဌာနေက ငွေတောင်ဆည်ကိုရောက်တော့ ၁၁ နာရီလောက် ရှိသွားပြီ။ မိုးထဲလေထဲမှာပဲ ဆည်ပေါ်တက်ပြီး အမှတ်တရဓာတ်ပုံရိုက်နေကြတဲ့ ပြည်တွင်းခရီးသွားတွေနဲ့ စည်ကားလှပြီး ဝီကီပီးဒီးယား စွယ်စုံကျမ်းအဆိုအရ ငွေတောင်ဆည်ကို ၁၉၆၅ ခုနှစ်ကတည်းက တည်ဆောက်ဖွင့်လှစ်ခဲ့တာဖြစ်လို့ ကိုယ်တွေထက်ကို အသက်ကြီးနေသေးတယ်။ ကယားပြည်နယ်နဲ့ပတ်သက်လို့ အချက်အလက်တွေအရ သိရတာတွေကတော့ ပြည်နယ်ခုနစ်ခုထဲမှာ အငယ်ဆုံးပြည်နယ်ဖြစ်ပြီး လူနေကျဲပါးတဲ့ တောင်ပေါ်ဒေသဖြစ်တယ်။ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ထိုင်းနိုင်ငံတို့နဲ့ နယ်နိမိတ်ချင်းထိစပ်နေပြီး မြန်မာနိုင်ငံရဲ့ အဓိကလျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်တဲ့ လောပိတ ရေအားလျှပ်စစ်စက်ရုံတည်ရှိတဲ့ ပြည်နယ်လည်းဖြစ်တယ်။ လောပိတဆိုလို့ ကိုယ်တွေရဲ့ လွိုင်ကော်ခရီးစဉ်မှာ လောပိတ ရေအားလျှပ်စစ်စက်ရုံ လေ့လာရေးခရီးလည်းပါတယ်။ ပင်လောင်း နတလကျောင်းက ဆရာတစ်ယောက်ရဲ့ ကြိုတင်လျှောက်ထားခွင့်ပြုချက်အရ လောပိတကို ဝင်လေ့လာကြမှာဖြစ်တယ်။

**လွိုင်ကော်မှာရွာတဲ့မိုး**

လွိုင်ကော်မှာရွာတဲ့မိုးကတော့ သဲသဲမဲမဲဖြစ်ပြီး စိုင်းထီးဆိုင်ရဲ့ မေမြို့မိုးလို လွိုင်ကော်မိုးဆိုပြီး သီချင်းစပ်ဆိုရမတတ်ဘဲဖြစ်တယ်။ မိုးရောလေရော တဝေါဝေါရွာသွန်းကြဲနေတဲ့ကြားကပဲ လွိုင်ကော်မြို့က တောင်ကွဲစေတီကို အပြေးအလွှားဖူးကြရတယ်။ မိုးကသဲသဲမဲမဲရွာနေတာကြောင့် ဘုရားစောင်းတန်းအတိုင်းတက်ပြီး ဘုရားဖူးဖို့မဖြစ်နိုင်လို့ ဓာတ်လှေကားနဲ့ပဲ ပြေးပြေးလွှားလွှားတက်ပြီး ဘုရားဖူးခဲ့ရတယ်။ ဒါလည်း လွိုင်ကော်ခရီးမှာ အမှတ်တရဖြစ်ရပြန်ပြီး မနက်က အလှူအိမ်မှာစားခဲ့တဲ့ ထမင်း၊ ဟင်းနဲ့ မဆာကြသေးတာနဲ့ပဲ လွိုင်ကော်ကနေ လောပိတဓာတ်အားပေးစက်ရုံဆီ ဆက်လက်ချီတက်ခဲ့ကြတယ်။ လွိုင်ကော်ကနေ လောပိတသွားတဲ့လမ်းက ဘယ်လိုမှ မှားနိုင်စရာအကြောင်းမရှိဘဲ လောပိတလို့ နာမည်ပေးထားတဲ့ လမ်းအတိုင်းတည့်တည့်သာသွား လောပိတရောက်တယ်။ ပထမဆုံးလုံခြုံရေး ဂိတ်ကို လွိုင်ကော်ကနေ မိနစ် ၃၀ လောက်မောင်းသွားရပြီး စက်ရုံတည်ရှိတဲ့ တောင်ပေါ်အရောက် နောက်ထပ် မိနစ် ၃၀ ထပ်မောင်းခဲ့ရလို့ လွိုင်ကော်-လောပိတ ခရီးက တစ်နာရီကြာတယ်။ ဓာတ်ပုံတွေထဲက အတိုင်းပါပဲ။ လောပိတ ဓာတ်အားပေးစက်ရုံဆိုတာဟာ တောင်ပေါ်မှာတည်ရှိပြီး ဓာတ်တိုင်၊ ဓာတ်ကြိုး အကြီးကြီး၊ အမြင့်ကြီးတွေနဲ့ တည်ဆောက်ထားတယ်။ ဓာတ်ပုံတွေထဲ မမြင်မတွေ့ဖူးတာတစ်ခုကတော့ တဝေါဝေါကျဆင်းနေတဲ့ လောပိတရေတံခွန်ပဲဖြစ်ပြီး စက်ရုံနံဘေးလမ်းသွယ်လေးကနေ ၁၅ မိနစ်လောက် လမ်းလျှောက်ကာ ရေတံခွန်အလှကို သွားကြည့်ခဲ့ရတယ်။ တွေ့မြင်ဖူးသမျှ ပြည်တွင်းကရေတံခွန်တွေထဲမှာတော့ လောပိတရေတံခွန်ဟာ ရေစီးအကြမ်းဆုံးနဲ့ အလှဆုံးရေတံခွန်ပါပဲ။ လောပိတ ရေတံခွန်လို့ လွယ်လွယ်ဆိုလိုက်ရပေမယ့် အွန်လိုင်းက ဝီကီပီးဒီးယားစွယ်စုံကျမ်းမှာ ရှာကြည့်လိုက်တော့ ဘီလူးချောင်းက စီးဆင်းလာတာဖြစ်လို့ ဘီလူးချောင်း ရေတံခွန်လို့ဆိုရမယ်။ လောပိတရေအား လျှပ်စစ်စက်ရုံကို ၁၉၅၄ ခုနှစ်မှာ လူအင်အား ၇၀၀၀ နဲ့ စတင်တည်ဆောက် အကောင်အထည်ဖော်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်မှာ ဓာတ်အားပို့လွှတ်မှု အောင်မြင်ခဲ့တယ်လို့ အွန်လိုင်းစွယ်စုံကျမ်းက ဆိုပါတယ်။ငွေတောင်ဆည်ထက် အသက်ပိုကြီးတဲ့ လောပိတလျှပ်စစ်စက်ရုံပါ။ အချက်အလက်တွေအရ ဘီလူးချောင်းဆိုတာကလည်း အင်းလေးကန်ကနေ မြစ်ဖျားခံစီးဆင်းခဲ့တာဖြစ်လို့ ကိုယ်တွေလှည့်ပတ် လေ့လာသွားလာခဲ့တဲ့ အရပ်ဒေသတွေဟာ တစ်နည်းနည်းနဲ့ ဆက်စပ်ပတ်သက်နေပါလား ဆိုတာလည်း သိရပြန်တယ်။

ဘီလူးချောင်းရေတံခွန်ဆင်းကြည့်တုန်းက တဖွဲဖွဲရွာနေတဲ့မိုးဟာ အပြန်တောင်ပေါ်လမ်းအဆင်းမှာ သဲကြီးမဲကြီးရွာပြန်လို့ ကားရှေ့မြင်ကွင်းဟာ မသဲကွဲတဲ့အထိ ရွာတာကြောင့် ကားဆရာကို ဖြည်းဖြည်းမောင်းဖို့သတိပေးရပြီး ကိုယ်တွေလည်း ကားဆရာကို လမ်းကူကြည့်ပေးရတယ်။ အပြန်အဆင်းလမ်းမို့ အသွားတုန်းကတစ်နာရီခရီးကို အပြန်ကျ နာရီဝက်သာသာပဲ မောင်းရတော့တယ်။ ညနေ ၃ နာရီထိုးနေပြီမို့ စားဖို့သောက်ဖို့အရေးတွေးပြီး လွိုင်ကော် နောင်ယားကန်နားက ရိုးရာအစားအသောက်ဆိုင်လေးတစ်ခုဆီ ခရီးဆက်တယ်။ ဆာနေကြတာရော၊ အစားအသောက်တွေက စားကောင်းတာရောပေါင်းပြီး ခေါင်းမဖော်နိုင်အောင်စားကြတော့တယ်။ ရိုးရာစားသောက်ဆိုင်လေးက အမဲအူပြုတ်၊ အမဲအူသုပ်နဲ့ ကယားဝက်အူချောင်းတို့ဟာ စားဖူးသမျှ အကောင်းဆုံးဖြစ်ပြီး တိုင်းရင်းသားတို့လက်ရာထုံးစံအတိုင်း ဆီမပါ၊ ငရုတ်သီးအရောင်မပါ ချက်ပြုတ်ပြင်ဆင်ထားတာပါ။ ထမင်းစားပြီးလို့ အစာပိတ် ဖီးကြမ်းငှက်ပျောသီးစားမိပြန်တော့ ငှက်ပျောသီးက အရသာပြည့်ပြည့်ဝဝရှိလှပြီး မေးစမ်းကြည့်တော့ ဆင်စွယ်ငှက်ပျောလို့ဆိုကြတယ်။ လူ ၁၀ ယောက်စားတာ ကျပ်နှစ်သောင်းခွဲလောက်ပဲကျသင့်လို့ ရန်ကုန်သားခရီးသွားတွေ တအံ့တသြ ဖြစ်ကြရပြန်ပြီး ရန်ကုန်မှာဆို အနည်းဆုံး ရှစ်သောင်း၊ တစ်သိန်းကျနိုင်တယ်လို့ ပြောဖြစ်ကြသေးတယ်။ လွိုင်ကော်က ပင်လောင်းအပြန်လမ်းမှာတော့ မိုးတိတ်ပြီး သာသာယာယာရှိလာလို့ လမ်းဘေး ဝဲ၊ယာ ရှုခင်းတွေကို ကြည့်ခွင့်သာတယ်။ ဖယ်ခုံကျော်တော့ မှောင်လာပြီး ကြားကမြို့၊ ရွာလေးတွေမှာ ပအိုဝ်းတိုင်းရင်းသားတွေ ပလိုင်းကိုယ်စီလွယ်လို့ အုပ်စုလိုက်သွားလာနေကြတာမြင်တွေ့ရတယ်။ သီတင်းကျွတ် အဖိတ်နေ့က လူကြီးသူမ ကန်တော့တဲ့နေ့ဖြစ်လို့ မြို့ထဲ၊ရွာထဲလှည့်ပတ်ပြီး ကန်တော့နေကြတာလို့ သိရတယ်။ ဖယ်ခုံကနေ ပင်လောင်းသွားတဲ့လမ်းတစ်လျှောက်မှာ ကန်တော့ဖို့သွားလာနေကြတဲ့ ပအိုဝ်းတိုင်းရင်းသားတွေကို တောက်လျှောက်တွေ့မြင်ခဲ့ရပြီး ပင်လောင်းမြို့ရောက်တော့လည်း အလားတူတွေ့မြင်ရတယ်။ ရိုးရာမပျက်တဲ့မြေဆိုတာ ဒါမျိုးပြောတာဖြစ်မယ်လို့ အတွေးရောက်ခဲ့ပြီး ရိုးရာမပျက်တဲ့မြေဆီက ရိုးရာမဖျက်တဲ့ တိုင်းရင်းသားတွေနဲ့ ရိုးရာအစားအစာတွေကို အကြိမ်ကြိမ်အခါခါ လွမ်းလို့သာနေပါတော့တယ်။ ။

> ❝ ဖယ်ခုံကနေ ပင်လောင်းသွားတဲ့လမ်းတစ်လျှောက်မှာ ကန်တော့ဖို့သွားလာနေကြတဲ့ ပအိုဝ်းတိုင်းရင်းသားတွေကို တောက်လျှောက်တွေ့မြင်ခဲ့ရပြီး ပင်လောင်းမြို့ရောက်တော့လည်း အလားတူတွေ့မြင်ရတယ်။ ရိုးရာမပျက်တဲ့မြေဆိုတာ ဒါမျိုးပြောတာဖြစ်မယ်လို့ အတွေးရောက်ခဲ့ပြီး ရိုးရာမပျက်တဲ့မြေဆီက ရိုးရာမဖျက်တဲ့ တိုင်းရင်းသားတွေနဲ့ ရိုးရာအစားအစာတွေကို အကြိမ်ကြိမ်အခါခါ လွမ်းလို့သာနေပါတော့တယ် ❞

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မည့်အဆောက်အအုံ ကြည့်ရှုစစ်ဆေး



**ရန်ကုန် နိုဝင်ဘာ ၁၁**

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ပြောင်းရွှေ့ဖွင့်လှစ်မည့် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ် ၆၀၄/၆၀၈ ရှိ အဆောက်အအုံအား ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဘတ်ဂျက်ကာလအတွင်း ပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းလျာထားချက်များနှင့်စပ်လျဉ်း၍ ယနေ့နံနက် ၉ နာရီတွင် အဆိုပါ အဆောက်အအုံ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက အဆောက်အအုံနှင့်ပတ်သက်၍ ပြီးစီးမှု၊ ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဗိသုကာပညာရှင် ဦးတင်မြတ်က အဆောက်အအုံနှင့်ပတ်သက်၍ ဒီဇိုင်းဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဥက္ကဋ္ဌ ဒေါ်အဝင်းက စာကြည့်တိုက်နှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့မှ ဒေါ်မိုးမိုးလွင်က အဆောက်အအုံနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဒုတိယဝန်ကြီး ဦးကြည်မင်းတို့က ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။

**ကမ္ပည်းတင်မည်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံ မီးဘေးလုံခြုံရေးအတွက် အထူးဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊ အသုံးပြုမည့် လျှပ်စစ်ပစ္စည်းများသည်လည်း အရည်အသွေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ခေတ်မီစာကြည့်တိုက်ကြီးအဖြစ် ဝိုင်းဝန်းဆောင်ရွက်ပေးကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၊ ဗိသုကာပညာရှင်အဖွဲ့နှင့် ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးသောအဆင့်မြင့် Data Center ပါဝင်သော Digital Library အဖြစ် ကမ္ပည်းတင်မည်ဖြစ်ပါကြောင်း မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်သူများ စာပေ၊ ယဉ်ကျေးမှု၊ သမိုင်း စသည့် ပညာရပ်များလေ့လာနိုင်ရန် အလွယ်တကူ ဝင်/ထွက်သွားလာနိုင်သည့်နေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်တော့မည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အအုံ ပြင်ဆင်မွမ်းမံမှုလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေး မီးရထားလမ်း အဆင့်မြှင့်တင်ခြင်း(ပထမ)အဆင့် ဖွင့်ပွဲကျင်းပ



**ညောင်လေးပင် နိုဝင်ဘာ ၁၁**

ရန်ကုန်-မန္တလေး မီးရထားလမ်း အဆင့်မြှင့်တင်ခြင်း (ပထမ)အဆင့် ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ညောင်လေးပင်ဘူတာ၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E Mr. Ichoro Maruyama တို့က အဖွင့်အမှာစကားပြောကြားကြပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအဖွဲ့၏ အထူးကိုယ်စားလှယ် Mr. Masayuki Karasawa က လုပ်ငန်းဆောင်ရွက်ခွင့်ရရှိခဲ့မှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရန်ကုန်-မန္တလေး မီးရထားလမ်း (ပထမ)အဆင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၁၆၆ မိုင်အနက် ပဲခူး-ညောင်လေးပင်လမ်းပိုင်း CP 102 ၄၆ ဒသမ ၂၅ မိုင်နှင့် ညောင်လေးပင်-တောင်ငူလမ်းပိုင်း CP 103 ၇၃ ဒသမ ၂၅ မိုင် စုစုပေါင်း ၁၁၉ ဒသမ ၅ မိုင်အား အဆင့်မြှင့်တင်သွားမည်ဖြစ်သည့်အတွက် မီးရထားလမ်း အဆင့်မြှင့်တင်ခြင်း ပထမအဆင့်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း ၇၂ ရာခိုင်နှုန်း ပါဝင်မည်ဖြစ်သည်။

အဆိုပါ မီးရထားလမ်း အဆင့်မြှင့်တင်ခြင်းကို ဂျပန်နိုင်ငံ၏ (ODA) ချေးငွေဖြင့် စီမံကိန်းကာလ လေးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ရာ ရန်ကုန်မှပဲခူးသို့ တစ်နာရီ၊ ပဲခူးမှ မန္တလေးသို့ ခုနစ်နာရီသာ ကြာမြင့်တော့မည်ဖြစ်ပြီး လေအေးပေးစက်တပ်ဆင်ထားသည့် လေအိတ်ရထားများဖြင့် အဆင်ပြေစွာ ခရီးသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မီးရထားလမ်း အဆင့်မြှင့်တင်ပွဲ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ လုပ်ငန်းဆောင်ရွက်မည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**ဟိန်းထက်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဆပ်ပြာစက်ရုံခွဲ(ရမည်းသင်း)နှင့် အမှတ်(၈) အထည်စက်ရုံ(ပျော်ဘွယ်)တို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့နံနက်ပိုင်းတွင် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်နေသော ရမည်းသင်းဆပ်ပြာစက်ရုံခွဲသို့ ရောက်ရှိပြီး စက်များ၏ ကြံ့ခိုင်မှု၊ ဈေးကွက်ရရှိနိုင်မှုနှင့် ယှဉ်ပြိုင်ရောင်းချနိုင်မှု၊ ဈေးကွက်လိုအပ်ချက်အရ ခေတ်မီဆပ်ပြာအမျိုးမျိုး ဆန်းသစ်တီထွင် ထုတ်လုပ်နိုင်ရေးနှင့် လက်ရှိထုတ်လုပ်နိုင်မှုအခြေအနေအရ စက်ရုံကို လိုအပ်သလို အဆင့်မြှင့်တင်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

**စွန့်ဦးတီထွင်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက မိမိထုတ်ကုန်ပစ္စည်းများ အရည်အသွေးတိုးတက်မြင့်မားပြီး ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် အရည်အသွေး တိုးမြှင့်ထုတ်လုပ်ရန်၊ ဈေးကွက်သုတေသနပြုပြီး ထိုးဖောက်ဝင်ရောက်နိုင်ရန် သမားရိုးကျလမ်းမှ စွန့်ဦးတီထွင်ပြီး လုပဆန်းသစ်သော ထုပ်ပိုးမှုများဖြင့် PPP စနစ်ကို အောင်မြင်အောင် ဆောင်ရွက်ရန် မှာကြားပြီး စက်ရုံတွင် ထပ်မံတိုးချဲ့တည်ဆောက်နေသော ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ဆောင်ရွက်လျက်ရှိသည့် Waste Treatment Plant ကို ထိရောက်အောင်မြင်အောင် စနစ်တကျတည်ဆောက်ရန်၊ အချိန်ဇယားဆွဲ၍ သတ်မှတ်ကာလအတွင်း အကျိုးရှိထိရောက်စွာ စွန့်ပစ်ရေသန့်စင်ရေးကို ဆောင်ရွက်ရန်၊ ပြင်ပသို့ ရေဆိုးလုံးဝမစွန့်ထုတ်ရန်၊ စောင့်ကြပ်ကြည့်ရှုမည့် တာဝန်ရှိအဖွဲ့ကို ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စနစ်တကျစောင့်ကြည့်လေ့လာပြီး ပတ်ဝန်းကျင်ထိခိုက်မှုကန့်သတ်ချက်များနှင့် မကိုက်ညီပါက စက်ရုံကို လိုအပ်သလို ထိန်းချုပ်ကန့်သတ်ရန်တို့ကို ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့ အမှတ်(၈) အထည်စက်ရုံသို့ရောက်ရှိရာ စက်ရုံမှူးက လုပ်ငန်းလည်ပတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးမှာကြား**

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန်အတွက် အစဉ်ကြံ့ခိုင်မှုကို ထိန်းသိမ်းဆောင်ရွက်ရန်၊ စက်အပိုပစ္စည်းများကို ကြိုတင်၍ အသင့်စီစဉ်ထားရန်၊ မိမိတို့စက်ရုံများသည် စက်အရန်ပစ္စည်းများကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်သည်ဖြစ်၍ မှာယူရန်ခက်ခဲပြီး အချိန်ကြာမြင့်နိုင်သော စက်အရန်ပစ္စည်းများကို မိမိတို့ကိုယ်တိုင်ပုံစံထုတ်၍ နိုင်ငံတကာစံချိန်မီ ဈေးနှုန်းချိုသာစွာထုတ်လုပ်အသုံးပြုရေး၊ သမားရိုးကျ ချည်များသာထုတ်လုပ်နေရာမှ ဆန်းသစ်တီထွင်၍ ဈေးကွက်ဝင် ချည်အမျိုးမျိုးကို ဖန်တီးထုတ်လုပ်ခြင်းဖြင့် သွင်းကုန်အစားထိုးစနစ်ကို ပီပီပြင်ပြင်အကောင်အထည်ဖော်ရန်၊ စက်ရုံအနီးဝန်းကျင်တွင် ကျန်ရှိသောနေရာလွတ်များ၌ ထုတ်လုပ်မှုလုပ်ငန်းအတွက် အသစ်ထပ်မံလိုအပ်လာမည့် စက်ပစ္စည်းထုတ်လုပ်မှုလိုင်းများ တိုးချဲ့ဆောင်ရွက်ရန်၊ ဆန်းသစ်တီထွင်မှုများကို ဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး အထူးဂရုပြုဆောင်ရွက်ရန်နှင့် စီမံချက်များရေးဆွဲပြီး ဇာတ်တိုက်လေ့ကျင့်ရန်၊ စိုက်ပျိုးရေးသုတေသနဌာနနှင့် ညှိနှိုင်းပြီး မျိုးကောင်းမျိုးသန့် ဝါများကို ပြည်တွင်း၌ တွင်တွင်ကျယ်ကျယ် အောင်မြင်စွာ စိုက်ပျိုးအသုံးပြုနိုင်ရေးအတွက် စံပြသုတေသနလုပ်ငန်းအဖြစ် သက်ဆိုင်ရာနှင့်ပူးပေါင်း၍ စမ်းသပ်စိုက်ပျိုးရာမှ မကြာမီထွက်ရှိလာမည့်ဝါများကို စနစ်တကျစမ်းသပ်၍ အကျိုးအပြစ်များကို ဆန်းစစ်ပြီး လက်တွေ့ကျင့်သုံးနိုင်ရန် အလားအလာများကို အမြန်ဆုံးဖော်ထုတ်ကြရန်လိုကြောင်း၊ ဈေးကွက်လိုအပ်ချက်ကို အမြန်ဆုံးဖြည့်တင်းပေးခြင်းဖြင့် သွင်းကုန်အစားထိုးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ကြရန်၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချ၍ ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

# ဟိန္ဒူမျိုးနွယ်စုများ၏ ဒီပါဝလီအထိမ်းအမှတ်ပွဲတော် အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး ဟိန္ဒူမျိုးနွယ်စုများ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစုအသင်းနှင့် မြန်မာ-အိန္ဒိယခနသဟာယ အသင်းတို့ ပူးပေါင်းကျင်းပသော ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ဟိန္ဒူနွယ်ဖွားမျိုးနွယ်စု ၁၀ စုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများက ဒီပါဝလီ အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆီမီးထွန်းညှိကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် သူရဦးအောင်ကိုနှင့် ဒေါက်တာဝင်းမြတ်အေးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းနောက် ဒီပါဝလီအထိမ်းအမှတ်ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ကျေးဇူးတင်စကားပြောကြားပြီး ဟိန္ဒူမျိုးနွယ်စု ၁၀ စု ဖြစ်သည့် အိုရီယာ၊ ပုဏ္ဏား၊ မာရဝါရီ၊ ယူပီ-ဘီဟာရ်၊ အန်ဒရာ၊ ဂူဂျရာသီ၊ နေပါလီဂေါ်ရခါး၊ တမိလ်၊ ပန်ဂျာဘီဆစ်(ခ်)၊ West Bangal ဟိန္ဒူ စသည့်လူမျိုးစုတို့၏ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သန့်ဇင်ဝင်း၊ ဇော်မင်းလတ်၊ ရဲထွန်း**






နိုဝင်ဘာ ၁၁ ရက် နံနက်က ရန်ကုန်မြို့ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တရားရေးဌာနဓမ္မာရုံတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးဝန်ထမ်းများက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ ရွှေအင်းသားခင်မောင်ဝင်း

## ထူးခြားသည့် ညအပူချိန်များ

| | | |
|---|---|---|
| ဟားခါး | ၇ | ဒီဂရီစင်တီဂရိတ် |
| ရပ်ကလောင်း | ၈ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၉ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၁၀ | ဒီဂရီစင်တီဂရိတ် |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရန် အသင့်ပြင်ဆင်ထားမှုများအား သွားရောက်ကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်ရှိ တောင်ပြိုလက်ဝဲ ပြန်လည်စိစစ်လက်ခံရေးစခန်း၊ ငါးခူရ ပြန်လည်စိစစ်လက်ခံရေးစခန်းနှင့် လှဖိုးခေါင် ယာယီကြားစခန်းတို့သို့ သွားရောက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရန် အသင့်ပြင်ဆင်ထားမှု အခြေအနေများကို ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အဖွဲ့သည် တောင်ပြိုလက်ဝဲ ပြန်လည်စိစစ် လက်ခံရေးစခန်းသို့ ရောက်ရှိရာ စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးရဲထူးက ပြန်လည်စိစစ်လက်ခံမည့်နေရာ၊ ဆောင်ရွက်သွားမည့် ရုံးလုပ်ငန်းစဉ်များ၊ ပြန်လည်ဝင်ရောက်လာသူများ ယာယီတည်းခိုနေထိုင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် သောက်သုံးရေ၊ လျှပ်စစ်မီး၊ ယင်လုံအိမ်သာ အလုံအလောက်ရှိအောင် ဆောင်ရွက်ထားမှု၊ စခန်းပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ပြိုလက်ဝဲ ပြန်လည်စိစစ်လက်ခံရေးစခန်းရှိ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများဆောင်ရွက်မည့် နေရာ၊ နေရပ်စွန့်ခွာသူများအား အထောက်အကူပြုပစ္စည်းများ ပေးအပ်မည့်နေရာ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် နေရာနှင့် ယာယီတည်းခိုမည့်နေရာတို့ကို လှည့်လည်ကြည့်ရှုသည်။



### ဖြည့်ဆည်း ဆောင်ရွက်

ထို့နောက် ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြပြီး စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးငွေမောင်က စခန်းအတွင်း ပြန်လည်စိစစ်လက်ခံရန် အသင့်အနေအထားဖြစ်မှုနှင့် ပြန်လည်စိစစ်လက်ခံရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် ထပ်မံဆောင်ရွက်သွားမည့် လုပ်ငန်းများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငါးခူရပြန်လည်စိစစ်လက်ခံရေးစခန်း၌ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းများဆောင်ရွက်မည့်နေရာ၊ အထောက်အကူပြုပစ္စည်းများ ပေးအပ်မည့်နေရာ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့်နေရာနှင့် ယာယီတည်းခိုမည့် နေရာတို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့နယ် ငါးခူရကျေးရွာ၌ နမူနာဆောက်လုပ်ထားသည့် ကျေးလက်လူနေအိမ်ပုံစံများ ပြီးစီးနေမှုအခြေအနေကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် လှဖိုးခေါင် ယာယီကြားစခန်းသို့ ရောက်ရှိကြရာ စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးစိုးရွှေအောင်က စခန်းဆိုင်ရာ အချက်အလက်များ၊ စခန်းအတွင်း ရိက္ခာများသိုလှောင်ထားမှု၊ ကျန်းမာရေး စောင့်ရှောက်မှုပေးရန်၊ သောက်သုံးရေ၊ လျှပ်စစ်မီးနှင့် ယင်လုံအိမ်သာ အဆင်ပြေစွာ အသုံးပြုနိုင်ရန်၊ ပြန်လည်ဝင်ရောက်လာသူများ စခန်း၌ ယာယီနေထိုင်စဉ်ကာလအတွင်း အဆင်ပြေစေရန် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ထပ်မံဖြည့်ဆည်း ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှဖိုးခေါင်စခန်းအတွင်း ဖွင့်လှစ်ပေးထားသည့် ဆေးပေးခန်း၊ သောက်သုံးရေရရှိနေမှုအခြေအနေ၊ ပြန်လည်ဝင်ရောက်လာသူများ ယာယီတည်းခိုမည့်အဆောင်၊ ကလေးကစားကွင်းများ၊ ကစားစရာများဖန်တီးပေးထားမှုနှင့် ကလေးများစာသင်ကြားနိုင်ရန် ဆောင်ရွက်ပေးထားမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

### အသင့်ဖြစ်

အဆိုပါ စခန်းများသို့ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက စခန်းတာဝန်ခံများနှင့် တာဝန်ရှိသူများအား နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးတွင် မိမိတို့ဘက်က ဆောင်ရွက်ရမည့်လုပ်ငန်းများ အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ပြန်လည်လက်ခံစိစစ်ခြင်း လုပ်ငန်းများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

နိုင်ငံတော်ကဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အမြင်အာရုံချွတ်ယွင်းသူများက ပူးပေါင်းပါဝင်သည့်အနေဖြင့် မန္တလေးမြို့မှ ရန်ကုန်မြို့အထိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စုန်ဆင်းမည့် ငြိမ်းချမ်းရေးခရီးစဉ် လိုအပ်မှုများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးခန်း၌ ပြည်ထောင်စုဝန်ကြီးက ပေးအပ်ရာ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)မှ အတွင်းရေးမှူး ဦးသိန်းလွင်နှင့်အဖွဲ့က လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ" သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းသို့ ရောက်ရှိခဲ့ကာ၊ အိန္ဒိယနိုင်ငံ၊ ချင်းနိုင်မြို့ (Chennai)၏ အရှေ့ဘက် မိုင် ၄၇၀ ခန့်နှင့် ဆရီဟာရီကိုတမြို့ (Sriharikota)၏ အရှေ့-အရှေ့တောင်ဘက် မိုင် ၄၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။

ဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပြီး ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၁၃ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၈ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၅ မိုင်မှ မိုင် ၅၀ နှုန်းအထိ ဖြစ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ"အဖြစ်သို့ ရောက်ရှိနိုင်ပြီးနောက် ၄၈ နာရီအတွင်း အနောက်-အနောက်တောင်ဘက်သို့ ကွေ့ကာ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်း "ဂါဂျာ"၏အရှိန်ကြောင့် ယနေ့ ညနေမှနောက် ၄၈ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

# OAOC ရွက်လှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ငွေဆောင်ရွက်ကလပ်၌ ကျင်းပ

**ငွေဆောင် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်နှင့် မြန်မာ့ရွက်လှေ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၁၅ နှစ်အောက် Optimist Asian & Oceanian Championship (OAOC) ရွက်လှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေရှိ ငွေဆောင်ရွက်ကလပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွက်လှေပြိုင်ပွဲဝင်မည့် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများက အသင်းလိုက် မိတ်ဆက်ကြသည်။



ထို့နောက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဖုန်းကျော်မိုးမြင့်က OAOC ရွက်လှေပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး International Optimist Dinghy Association(IODA) ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် ရွက်လှေပြိုင်ပွဲ ဖွင့်ပွဲနှင့် ပြိုင်ပွဲအကြိုဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ရွက်လှေပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အားကစားသမား အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ရှစ်ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသနှင့် မြောက်အမေရိကတို့မှ လူငယ်ရွက်လှေကစားသမားများအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အားကစားသမား ၁၃၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၁၆ ရက်အထိ ခြောက်ရက်တိုင်ကျင်းပလျက်ရှိပြီး Ngwe Saung Yacht Club and Resort တွင် ပြည်သူများ လာရောက်အားပေးကြည့်ရှုနိုင်ရန် Public Access Area သတ်မှတ်စီစဉ်ထားကြောင်း သိရသည်။

OAOC ရွက်လှေပြိုင်ပွဲသည် ကမ္ဘာ့ရွက်လှေအဖွဲ့ချုပ်အောက်ရှိ ရွက်လှေပြိုင်ပွဲ အဖွဲ့အစည်းတစ်ခုဖြစ်သော IODA က ပြုလုပ်သည့် နိုင်ငံတကာအသိအမှတ်ပြု ရွက်လှေပြိုင်ပွဲဖြစ်သည်။

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်အနေဖြင့် ရွက်လှေအားကစားကို လူအများ စိတ်ဝင်စားလာစေရန်၊ လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များ ခိုင်မာလာစေရန်၊ ရွက်လှေအားကစားဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် အထောက်အပံ့များ ပိုမိုတိုးတက်လာစေရန်နှင့် နိုင်ငံတကာခရီးသွားများ လာရောက်လည်ပတ်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)**

## ✻ အာဆီယံဒေသတွင်းမှ

နံနက် ၆ နာရီခွဲတွင် ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ မြန်မာနိုင်ငံ စက်ဘီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### ယှဉ်ပြိုင်စီးနင်း

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံစက်ဘီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားသိပ္ပံမှ တာဝန်ရှိသူများ၊ မန္တလေးစက်ဘီးစီး ကလပ်အသင်းမှ စက်ဘီးစီးအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ အင်အား ၁၀၀ ကျော်တို့က "Ride for Peace" အစီအစဉ်အဖြစ် ပြိုင်ပွဲကွင်းပတ်လမ်းအတိုင်း စက်ဘီးနှစ်ပတ်စီးနင်း၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင် ငါးနိုင်ငံမှ စက်ဘီးစီးအားကစားသမားများက အငယ်တန်း ၁၉ နှစ်အောက်ပြိုင်ပွဲ(ကွင်းပတ်ရေ ၂၀)၊ အမျိုးသား ၂၃ နှစ်အောက်ပြိုင်ပွဲ(ကွင်းပတ်ရေ ၃၀)၊ ပြည်တွင်းအားကစားသမားများ၏ အလွတ်တန်းပြိုင်ပွဲ (ကွင်းပတ်ရေ ၃၀)၊ မာစတာတန်းပြိုင်ပွဲ (ကွင်းပတ်ရေ ၂၀)တို့ကို ကျင်းပရာ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက တာလွှတ်ပေးကြပြီး ပြိုင်ပွဲဝင်စက်ဘီးသမားများက အကြိတ်အနယ် ယှဉ်ပြိုင်စီးနင်းပန်းဝင်ခဲ့ကြသည်။

### စိတ်ဝင်စားမှုတိုးပွား

ပြိုင်ပွဲများကျင်းပနေစဉ်နှင့် ပွဲစဉ်တစ်ခုနှင့်တစ်ခုကြားတွင် နာမည်ကျော် ဂီတအနုပညာရှင်များဖြစ်သော Rဇာနည်၊ သားငယ်၊ ဇင်ကြီးနှင့် ချမ်းမြေ့မောင်ချိုတို့က ပရိသတ်များကို သီဆိုဧည့်ခံဖျော်ဖြေကြသည်။

အဆိုပါစက်ဘီးပြိုင်ပွဲသည် အာဆီယံဒေသတွင်း ကွင်းပတ်စက်ဘီးစီးပြိုင်ပွဲများ ထပ်မံကျင်းပနိုင်ရေး အစပျိုးစမ်းသပ်ကျင်းပလိုက်သည့် ပြိုင်ပွဲဖြစ်သောကြောင့် ထူးခြားသော ပြိုင်ပွဲတစ်ခု ဖြစ်သည်။ နိုင်ငံအသီးသီးမှ စက်ဘီးစီးအားကစားသမားများ လာရောက်ယှဉ်ပြိုင်ခြင်းဖြင့် အာရှဒေသတွင်း စက်ဘီးပြိုင်ပွဲများကို စိတ်ဝင်စားမှု တိုးပွားလာစေပြီး ယှဉ်ပြိုင်လိုစိတ်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

### တတ်နိုင်သမျှလုပ်ပေးဖို့ စိတ်ကူး

ပြိုင်ပွဲနှင့်ပတ်သက်၍ "မန္တလေးမှာ နိုင်ငံတကာပွဲလုပ်ချင်တယ်ဆိုတာ ကျွန်တော့်ရဲ့အာသီသပါ။ ဒီက ကလေးတွေလည်း နိုင်ငံတကာ အားကစားပွဲတွေ မြင်တွေ့စေချင်တယ်။ အထူးသဖြင့်တော့ လူငယ်တွေအတွက် ရည်ရွယ်တာပါ၊ နောက်တစ်ချက်က မန္တလေးမြို့မှာ မူးယစ်ဆေးနဲ့ပတ်သက်ပြီး ကလေးတွေ လူငယ်သင်တန်းကျောင်းပို့ပြီး ဖြတ်ဖို့လုပ်ရသလို နောင်မျိုးဆက်သစ်တွေကို မူးယစ်ဆေးဝါး မစွဲအောင်ဆိုရင် တစ်နည်းပဲရှိတယ်။ အားကစားပွဲတွေ၊ ခန်းမတွေဆီရောက်ဖို့ အရေးကြီးပါတယ်။ လူငယ်တွေအတွက် အားကစားလုပ်ရမယ့်နေရာတွေ ရှိရမယ်။ အားကစား ပစ္စည်းမျိုးစုံလုပ်ပေးရမယ့်အပြင် နိုင်ငံတကာအားကစားပွဲတွေ မြင်ရင်အားကျစိတ်များ ပေါ်မလားဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပါ။ နိုင်ငံတကာပြိုင်ပွဲတွေ ရှိတယ်ဆိုတာလည်း ကလေးတွေသိစေချင်တယ်။ ဒါနဲ့ စက်ဘီးအဖွဲ့ချုပ်ကို မေတ္တာရပ်ခံတယ်။ သူတို့ကလည်း လုပ်ချင်တယ်ဆိုတော့ ကျိုးဘေးမှာပဲလုပ်တယ်။ လုပ်ရတဲ့ အကြောင်းအရင်းကလည်း ဒီကျုံးကြီးကို မန္တလေးက ဂုဏ်ယူရမှာ၊ ဒီကျုံးကြီးကို ထိန်းသိမ်းရမှာ။ စက်ဘီးပြိုင်ပွဲမှာ ငါးနိုင်ငံပါတယ်။ ဘာပဲပြောပြောလူငယ်တွေ လာကြည့်တယ်။လူငယ်တွေအားကျစေချင်တယ်။ ကျွန်တော်တို့ ဒီလိုများများ လုပ်ပေးဖို့ လိုလိမ့်မယ်။ မန္တလေးတိုင်းဒေသကြီးအနေနဲ့ကတော့ လူငယ်တွေကို အားကစားဘက်ကို ပြန်ပြီး လှည့်စေချင်တယ်။ ပြိုင်ပွဲအမျိုးမျိုးကို တတ်နိုင်သမျှလုပ်ပေးဖို့ စိတ်ကူးထားပါတယ်" ဟု ဝန်ကြီးချုပ်က သတင်းမီဒီယာများကို ပြိုင်ပွဲနှင့် ပတ်သက်၍ပြောကြားသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စက်ဘီးစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အား/ကာ ဦးစီးဌာန ညွှန်ကြားရေးမှူး၊ အား/ကာသိပ္ပံကျောင်းအုပ်ကြီးတို့က အမျိုးသားအငယ်တန်း ၁၉ နှစ်အောက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ကမ္ဘောဒီးယားနိုင်ငံမှ KIM Chanthou၊ ဒုတိယဆုရရှိသော မြန်မာနိုင်ငံမှ လှိုင်ကောင်းဝေ၊ တတိယဆုရရှိသော ကမ္ဘောဒီးယားနိုင်ငံမှ VON Savin နှင့် အခြားဆုများကို လည်းကောင်း၊ အမျိုးသား ၂၃ နှစ်အောက်ပြိုင်ပွဲတွင် ပထမဆုရရှိသော တရုတ်နိုင်ငံမှ GUI Tengda၊ ဒုတိယဆုရရှိသော ကမ္ဘောဒီးယားနိုင်ငံမှ YOEUN Phyuth၊ တတိယဆုရရှိသော အိန္ဒိယနိုင်ငံမှ NAYAKODI Krishna နှင့် အခြားဆုများကို လည်းကောင်း၊ ပြည်တွင်း အလွတ်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးကျော်ထွန်း၊ ဒုတိယဆုရရှိသော အောင်ဇော်ဇော်၊ တတိယဆုရရှိသော ကျော်လင်းလင်းနှင့် အခြားဆုများကို လည်းကောင်း၊ မာစတာတန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ချိုခင်မောင်၊ ဒုတိယဆုရရှိသော အောင်နေမျိုး၊ တတိယဆုရရှိသော ထိုက်ဇော်ဝင်းနှင့် အခြားဆုများကိုလည်းကောင်း ဆုများအသီးသီးချီးမြှင့်ကြသည်။

### ဆုချီးမြှင့်

ဆုများအဖြစ် အမျိုးသား ၂၃ နှစ်အောက်နှင့် အမျိုးသားအငယ်တန်း ၁၉ နှစ်အောက်ပြိုင်ပွဲတွင် ပထမဆုငွေ အမေရိကန်ဒေါ်လာနှစ်ထောင်၊ ဒုတိယဆုငွေ ဒေါ်လာတစ်ထောင်၊ တတိယဆုငွေ ဒေါ်လာငါးရာကို လည်းကောင်း၊ အလွတ်တန်းပြိုင်ပွဲတွင် ပထမဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ်သုံးသိန်း၊ တတိယဆုငွေကျပ် နှစ်သိန်းကို လည်းကောင်း၊ မာစတာတန်းပြိုင်ပွဲတွင် ပထမဆုငွေကျပ် သုံးသိန်း၊ ဒုတိယဆုငွေကျပ် နှစ်သိန်း၊ တတိယ ဆုငွေကျပ် တစ်သိန်းတို့ကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ✻ အမျိုးသားအလွတ်တန်းမှ

အားမာန်အသင်းက ၁၀၆၉ မှတ်ဖြင့် တတိယနှင့် တပ်မတော်(လေ)အသင်းက အမှတ် ၇၀၀ ဖြင့် စတုတ္ထအသီးသီး အနိုင်ရရှိကြသည်။

ဆက်လက်ပြီး ဆုပေးပွဲများကို ကျင်းပရာ အမျိုးသားအလွတ်တန်း(၆)ပေါက်တန်း ဝိုင်းဖွဲ့ပြိုင်ပွဲ၌ အထူးဆုရရှိသော ကယားပြည်နယ်အသင်းအား မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်က လည်းကောင်း၊ စတုတ္ထဆုရ မျိုးဆက်သစ်တပ်မတော်(လေ) အသင်းအား ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းကို အဖွဲ့ချုပ်အမှုဆောင်ဦးမျိုးသန့်က လည်းကောင်း၊ တတိယဆုရ လူငယ်အားမာန်အသင်းအား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းနှင့် တစ်ဦးချင်းဆုများကို အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က လည်းကောင်း၊ ဒုတိယဆုရ မြင်းခြံအသင်းအား ဂုဏ်ပြုဆုငွေကျပ် ခုနစ်သိန်းနှင့် တစ်ဦးချင်းဆုများကို မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးကျော်ကျော်က လည်းကောင်း၊ ပထမဆုရ 2TWO(A) ကျောက်မြောင်းအသင်းအား တစ်ဦးချင်းဆုများကို ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းကလည်းကောင်း အသီးသီးချီးမြှင့်ပေးခဲ့သည်။

ဆက်လက်ပြီး (၁၄)ကြိမ်မြောက် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ခြောက်ပေါက်တန်းအမျိုးသား အလွတ်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲတွင် ၂၀၁၈ ခုနှစ်အတွက် ပထမတံခွန်စိုက်ဗိုင်းဆုရ 2TWO (A) ကျောက်မြောင်းအသင်းအား မြန်မာနိုင်ငံပိုက်ကျော်ခြင်းနှင့် ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က တံခွန်စိုက်ဗိုင်းဆု ချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**မြန်မာအသင်း နီပေါဘက်သို့ ဂိုးသွင်းရန်ကြိုးပမ်းနေစဉ်။**

## ○ မြန်မာအမျိုးသမီးအသင်းမှ

စီနီယာကစားသမားများကို ဦးဆောင်ကစားစေခဲ့သည်။ ပွဲအစ ၂ မိနစ်မှာပင် ဂိုးပေးလိုက်ရသောကြောင့် အမှတ်ရရန် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။ နီပေါအသင်းအတွက် ဦးဆောင်ဂိုးကို နှစ်မိနစ်တွင် ဘာရန်ဒါရူက ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ဂိုးပေးလိုက်ရသောကြောင့် ချေပဂိုးပြန်ရရန် တိုက်စစ်ဖွင့်ကစားလာသည်။ ၁၃ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး ခင်မိုးဝေက ထောင့်ကန်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ သရေကျပြီးနောက်ပိုင်းတွင် မြန်မာအသင်း ဂိုးထပ်ရရန် ကြိုးစားသော်လည်း နီပေါအသင်း၏ ခံစစ်ကစားပုံကြောင့် ရုန်းကန်ခဲ့ရသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းသည် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ ကစားအားမြှင့်ခဲ့သော်လည်း အဆုံးသတ်အားနည်းခြင်း၊ နီပေါအသင်း ခံစစ်ကစားပုံကောင်းခြင်းကြောင့် ဂိုးထပ်မရဘဲ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပထမပွဲတွင် အိန္ဒိယအသင်းက ဘင်္ဂလားဒေ့ရှ်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အိန္ဒိယနှင့် မြန်မာအသင်းက ငါးမှတ်စီ၊ နီပေါအသင်းက နှစ်မှတ်ရထားပြီး ဘင်္ဂလားဒေ့ရှ်အသင်းက ပွဲတိုင်းရှုံးကာအမှတ်မရသေးပေ။ အုပ်စုနောက်ဆုံးပွဲများကို နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

# မူခင်းဆိုင်ရာ အသိပညာပေးဟောပြော

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကြီးကို နှစ်စဉ်တန်ဆောင်မုန်းလဆန်း ၁၁ ရက်မှ ၁၅ ရက်အထိ မြို့တွင်းလှည့်လည်၍ ဗုဒ္ဓသာသနာပြုဗိမာန်သို့ပို့ဆောင်မည်ဖြစ်ရာ ပွဲတော်ကြီးကျင်းပစဉ်ကာလတွင် ခိုက်ရန်ဖြစ်ပွားခြင်း၊ တုတ်၊ ဓား၊ လက်နက်၊ ဂျင်ကလိ၊ လေးခွ အစရှိသည့် လက်နက်များ မကိုင်ဆောင်ရန်နှင့် အများပြည်သူ အနှောင့်အယှက်ဖြစ်စေသည့် မူးယစ်ရမ်းကားခြင်းများ မပြုလုပ်စေရန်အတွက် ရွှေမြို့ နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ဝင်းနိုင်နှင့်အဖွဲ့ နိုဝင်ဘာ ၁၀ ရက် နံနက်က ကံလှကျေးရွာတွင် မူခင်းဆိုင်ရာအသိပညာပေး ဟောပြောခဲ့ကြသည်။

**တင်ထွန်းတာ (တပ်ကုန်း)**

# ဆွာချောင်းတမံ ရေပိုလွှဲကျိုးပဲ့မှုကြောင့် သဲဖုံးလွှမ်းခဲ့သော စိုက်ပျိုးမြေများအား မြေအောက်ရေရရှိရေး စက်ရေတွင်းများ ထပ်မံတူးဖော်ပေး



**နေပြည်တော် နိုဝင်ဘာ ၁၁**

ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲ ကျိုးပေါက်မှုကြောင့် ဆွာချောင်းဘေးဝဲ၊ ယာရေလွှမ်းမိုးခံရပြီး ရေပြန်ကျသွားချိန်တွင် စိုက်ပျိုးမြေ ၁၂၆၂ ဧကကို သဲများဖုံးလွှမ်းသွားခဲ့သည်။

အဆိုပါ သဲဖုံးမြေများအား ပြုပြင်ပြီး ပြန်လည်စိုက်ပျိုးရာတွင် ဒေသခံ တောင်သူများအတွက် စိုက်ပျိုးရေလိုအပ်ချက်ကို အချိန်တိုအတွင်း ဖြည့်ဆည်းပေးနိုင်ရန် အချင်းလေးလက်မရှိ စက်ရေတွင်းငါးတွင်းကို ရေတာရှည်မြို့နယ် ကြို့ပင်သာကျေးရွာတွင် တူးဖော်ပေးခဲ့ပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေများပေးဝေလျက်ရှိသည်။

ယခုအခါ ဒေသခံတောင်သူများက စိုက်ပျိုးရေတွင်းများ ဆက်လက်တူးဖော်ပေးပါရန် ထပ်မံတောင်းဆိုချက်အရ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ရေတာရှည်မြို့နယ် ကွင်းကြီးကျေးရွာအုပ်စု ကြို့ပင်ထိုက်ကျေးရွာတွင် အချင်းလေးလက်မရှိ စိုက်ပျိုးရေတွင်း ငါးတွင်း ထပ်မံတူးဖော်ပေးခဲ့ရာ ဒေသခံတောင်သူ ၂၀ ဦး၏ စိုက်ပျိုးမြေများတွင် ဆောင်းသီးနှံမတ်ပဲ၊ ပဲလွန်းနှင့်ဖရဲ စသည့်သီးနှံ စုစုပေါင်း ၇၅ ဧကအတွက် စိုက်ပျိုးရေနှင့် ဒေသခံများအတွက် သောက်သုံးရေ ပေးဝေသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေး၌ သက်ကြီးသတင်းစာဆရာများအား ပူဇော်ကန်တော့

**မန္တလေး နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (မန္တလေးတိုင်းဒေသကြီး)က ကြီးမှူး၍ တတိယအကြိမ်မြောက် သက်ကြီးသတင်းစာဆရာများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ ၇၁ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား Shwe Cafe ပထမထပ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးမျိုးမင်းမင်းက အဖွင့်အမှာစကားပြောကြားပြီး အသင်းဗဟိုဥက္ကဋ္ဌ ဦးမြတ်ခိုင်ပေးပို့သည့် သဝဏ်လွှာကို ဗဟိုအတွင်းရေးမှူး ဦးသာဇော်က ဖတ်ကြားခဲ့သည်။ ကန်တော့ခံဆရာ ဆရာမကြီးများ၏ အမည်စာရင်း၊ ကန်တော့သည့် အစီအစဉ်နှင့် ကန်တော့ချီးတို့အား ဦးဟန်သန်းနိုင်က ဦးဆောင်ဆောင်ရွက်ခဲ့ရာ ကန်တော့ခံ ဆရာ ဆရာမများက ဆုံးမစကား ပြန်လည်ပြောကြားခဲ့ပြီး အသင်းနာယကကြီး ဦးသိုက်ထွန်းသက်နှင့် ဦးမာဃိန္ဒတို့က ဩဝါဒစကားပြောကြားသည်။

ထို့နောက် ဆရာဆုငှက်က မုဒိတာစကားပြောကြားခဲ့ပြီး အသင်းဘဏ္ဍာရေးမှူး ဦးရွှေမန်းက ဘဏ္ဍာရေးအခြေအနေကို ရှင်းပြပေးခဲ့ကြောင်း သိရသည်။

**နေလင်း**

# ကမ်းလက်များစာကြည့်တိုက်(နေပြည်တော်) လူထုအခြေပြုဗဟိုဌာနအဆောက်အအုံဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် မြဝတ်မုံလမ်းနှင့် မြမာလာ ၃ လမ်းထောင့်ရှိ ကမ်းလက်များ စာကြည့်တိုက် (နေပြည်တော်) က စီစဉ်ဖွင့်လှစ်သည့် ပညာဒါန၌ ပညာသင်ကြား ပို့ချပေးနေသည့် ဆရာ ဆရာမများအား အာစရိယပူဇော်ပွဲ၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၁၁ ဦးအား ဂုဏ်ပြုပွဲနှင့် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကမ်းလက်များ စာကြည့်တိုက် ပညာဒါန အဆောက်အအုံ၌ ကျင်းပသည်။

အစီအစဉ်အရ လူထုအခြေပြုဗဟိုဌာနကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နေပြည်တော် တိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း (ဗဟို)ဒုတိယဥက္ကဋ္ဌ ကဗျာဆရာ မြင်းမူမောင်နိုင်မိုး၊ မတည်အလှူရှင် Famous Art Advertising မှ ဦးဉာဏ်ထွန်း၊ မြတ်ပညာအိမ်ကိုယ်ပိုင် အထက်တန်းကျောင်းမှ ဆရာဦးသိန်းသန်းဦး၊ ကမ်းလက်များစာကြည့်တိုက်ဥက္ကဋ္ဌ ဦးဝင်းမြတ်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကား ပြောကြားကာ ကဗျာဆရာ မြင်းမူမောင်နိုင်မိုးက စာကြည့်တိုက်နှင့်ပတ်သက်၍ မုဒိတာစကားပြောကြားသည်။ ယင်းနောက် ကမ်းလက်များစာကြည့်တိုက်ဥက္ကဋ္ဌ၊ ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဝင်းမြတ်ကျော်က အခမ်းအနားနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကမ်းလက်များစာကြည့်တိုက်တွင် ပညာဒါနပြုလုပ်နေကြသည့် ဆရာ ဆရာမများအား ကျောင်းသား ကျောင်းသူများက ပူဇော်ကန်တော့ကြသည်။ ထို့နောက် ၂၀၁၇ -၂၀၁၈ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်သည်။ ယင်းနောက်စာရေးဆရာ ဝေမိုးအောင်နှင့်အဖွဲ့က ကမ်းလက်များ စာကြည့်တိုက်အတွက် ဂုဏ်ပြုကဗျာ ရွတ်ဆိုခြင်းနှင့် ကဗျာဆရာ မြင်းမူမောင်နိုင်မိုးက ကဗျာအကြောင်း၊ စာအကြောင်း ဟောပြောကြသည်။

**စိမ်း(ဥပဒေ)**

# ဒီပါဝလီ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**တောင်ငူ နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံ ဘာသာပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (MINA)တောင်ငူအဖွဲ့က ကြီးမှူး၍ ဒီပါဝလီပွဲတော်အထိမ်းအမှတ် ဆီမီးထွန်းညှိပူဇော်ပွဲနှင့် ဆုတောင်းမေတ္တာပို့သပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီက တောင်ငူမြို့ (၂၂)ရပ်ကွက် သျှရီဂျ(ယ်)အမ်ဘေဘုရားကျောင်း၌ ကျင်းပရာ တောင်ငူမြို့ ဝိသုဒ္ဓါရုံသိမ်ဦးစာသင်တိုက်ဆရာတော် မဓုရဘာဏီ အရှင်သောပါကက ဆုတောင်းမေတ္တာပို့သဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ဘာသာကြီးလေးခုတို့မှ ခေါင်းဆောင်များက ဆီမီးထွန်းညှိခြင်းနှင့် ဆုတောင်းမေတ္တာပို့သခြင်းများဆောင်ရွက်ကြသည်။ အခမ်းအနားသို့ တောင်ငူ MINA နာယကဆရာတော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များနှင့်အဖွဲ့ဝင်များ၊ ပရဟိတအသင်းများ၊ မြို့နယ် ဟိန္ဒူကောင်စီ အမှုဆောင်အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဟိန္ဒူမျိုးနွယ် စုဝင်မိသားစုများ တက်ရောက်ကြကြောင်းသိရသည်။

**၁၂၉**

# မော်ဘီမြို့နယ်၌ မွေးမြူရေးကျင့်စဉ်ဆိုင်ရာအသိပညာပေး

**မှော်ဘီ နိုဝင်ဘာ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်း ဦးဆောင်သောကွင်းဆင်းအဖွဲ့သည် တိုင်းရင်းကြက်မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်ဆိုင်ရာ လိုက်နာရမည့် အချက်များကို မှော်ဘီမြို့နယ်အတွင်း စံပြကျေးရွာအဖြစ် ဆောင်ရွက်မည့် ကျေးရွာ ငါးရွာဖြစ်သည့် ရိုးကြီးကျေးရွာ၊ သာယာကုန်းကျေးရွာ၊ ရိုးဝကျေးရွာ၊ မြို့ချောင်းကျေးရွာနှင့် ဥတိုကျေးရွာတို့သို့ ကွင်းဆင်းစည်းရုံးဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# တနိုင်းမြို့နယ် အား/က ကော်မတီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

**တနိုင်း နိုဝင်ဘာ ၁၁**

ကချင်ပြည်နယ် တနိုင်းမြို့နယ် TSDP အစီအစဉ်အရ ၂၀၁၈ ခုနှစ် တနိုင်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

တနိုင်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ၂၁ နှစ်အောက် ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနော်နဂျာတန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး (အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ) ဦးကျော်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဒိုင်အဖွဲ့များအား အားကစားဝတ်စုံများ ပေးအပ်သည်။ မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၁ အောက် ရပ်ကွက်၊ ကျေးရွာ ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၀ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပဋိဇီဝဆေးယဉ်ပါးခြင်းအန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက် (၂)

**ပဋိဇီဝဆေးဆိုသည်မှာ-**

- ဘက်တီးရီးယားပိုးမွှားများကြောင့်ဖြစ်သောရောဂါများကိုကုသနိုင်သောဆေး (တစ်နည်းအားဖြင့်) ပိုးသတ်ဆေးဖြစ်ပါသည်။

**ပဋိဇီဝဆေးယဉ်ပါးခြင်းဆိုသည်မှာ-**

- ပဋိဇီဝဆေးများကို ဘက်တီးရီးယားပိုးများက ခံနိုင်ရည်ရှိလာခြင်းဖြစ်သည်။ ပဋိဇီဝဆေးယဉ်ပါးခြင်းကြောင့် ကူးစက်ရောဂါများကိုကုသနိုင်စွမ်းလျော့နည်းလာသည်။ တစ်နည်းအားဖြင့် ဆေးမတိုးတော့ခြင်းဖြစ်ပါသည်။

**ပဋိဇီဝဆေးများကိုလွဲမှားစွာအသုံးပြုခြင်းကြောင့်-**

- အချိန်တိုအတွင်း ဆေးယဉ်ပါးမှုဖြစ်စေသည်။
- ဆေးယဉ်ပါးမှုဖြစ်ပွားပါကကုသရန်နှင့် ပျောက်ကင်းရန်ခက်ခဲသည်။
- ဆေးယဉ်ပါးမှုသည် လူမျိုးမရွေး၊ အသက်အရွယ်မရွေးဖြစ်ပွားနိုင်သည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် မူလတန်းအဆင့် ကျောင်းသား- ဆရာအချိုး




အချက်အလက် ။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# အမေရိကတိုက်အလယ်ပိုင်းမှ တရားမဝင်အခြေစိုက်မှု လုံးဝလက်ခံခြင်းမပြုရန် သမ္မတထရန့်အမိန့်ထုတ်

**ဝါရှင်တန် နိုဝင်ဘာ ၁၁**

အမေရိကတိုက်အလယ်ပိုင်းဒေသမှ တရားမဝင်ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများအား နိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်းမှ ဟန့်တားနိုင်ရန် ရည်ရွယ်လျက် မက္ကဆီကိုနိုင်ငံ၏ နယ်စပ်ဒေသမှဖြတ်သန်းလာသူများကို ခိုလှုံခွင့်မပေးရေး မူဝါဒတစ်ရပ်ကို အမေရိကန် အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြသည်။

အမေရိကန်နယ်စပ်မှတစ်ဆင့် အမေရိကန်ပြည်ထောင်စုအတွင်းသို့ လူအုပ်စုများအလိုက် ဝင်ရောက်ကာ ခိုလှုံခွင့်တောင်းခံသူများကို လက်ခံခြင်းမပြုရန် သမ္မတ ဒေါ်နယ်ထရန့်က အမိန့်စာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

နယ်စပ်ဒေသကို ဖြတ်ကျော်၍ ဥပဒေမဲ့ဝင်ရောက်လာသူများက ခိုလှုံခွင့်တောင်းခံမှုကို လုံးလုံးလျားလျား ပယ်ချမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ တောင်ပိုင်းဒေသဘက်မှနေ၍ ခွင့်ပြုချက်မရဘဲ နိုင်ငံအတွင်းသို့ ဝင်ရောက်လာသူများကို လုံးဝလက်သင့်ခံမည်မဟုတ်ကြောင်း အဆိုပါ အမိန့်စာချွန်လွှာတွင် ဖော်ပြထားသည်။

သမ္မတ ထရန့်သည် ၎င်း၏ အရေးပေါ်အခြေအနေ လုပ်ပိုင်ခွင့်အာဏာကို ကိုင်စွဲလျက် အမိန့်ထုတ်ပြန်လိုက်ခြင်းဖြစ်သော်လည်း ယင်းသို့ ဆောင်ရွက်ချက်သည် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာ ရောက်ကြောင်း၊ နိုင်ငံတကာ ဥပဒေအရ ခိုလှုံခွင့်တောင်းခံသူများကို ကာကွယ်စောင့်ရှောက်မှုပေးရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဝေဖန်ပြောကြားသည်။

အလားတူပင် အမေရိကန်နိုင်ငံသား လွတ်လပ်ခွင့်သမဂ္ဂ၊ တောင်ပိုင်းဒေသ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေဌာနနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများဌာနတို့ကလည်း သမ္မတထရန့်၏ အမိန့်စာချွန်လွှာနှင့် ပတ်သက်၍ ဝေဖန်ပြောကြားကြသည်။

**အေအက်ဖ်ပီ**



# ဥရောပ ပူးတွဲတပ်မတော် ထူထောင်ရေး ပြင်သစ်သမ္မတ၏ အဆိုပြုချက် မိမိအား စော်ကားရာရောက်ဟု သမ္မတထရန့်ပြော

ပါရီ နိုဝင်ဘာ ၁၁

**ဥရောပတိုက်လုံးဆိုင်ရာ ပူးတွဲတပ်မတော်ထူထောင်ရန် ပြင်သစ်သမ္မတ အီမင်နျူယယ် မေခရွန်၏ အဆိုပြုချက်သည် မိမိအား အကြီးအကျယ်စော်ကားရာရောက်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြင်သစ်နိုင်ငံ မြို့တော်ပါရီသို့ ရောက်ရှိလာစဉ် ဝေဖန်ပြောကြားလိုက်သည်။**

ဥရောပတိုက်အား အမေရိကန်၊ တရုတ်နှင့် ရုရှားနိုင်ငံတို့၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်နိုင်စေရန် ဥရောပတိုက်လုံးဆိုင်ရာ တပ်မတော်ထူထောင်သင့်သည်ဟု သမ္မတ မေခရွန်က အဆိုပြုခြင်းမှာ မိမိအား စော်ကားရာရောက်စေကြောင်း သမ္မတ ထရန့်က နိုဝင်ဘာ ၉ ရက်တွင် ပါရီသို့ လေယာဉ်ဖြင့် ဆိုက်ရောက်လာစဉ် အင်တာနက် လူမှုကွန်ရက်မီဒီယာ တွစ်တာမှတစ်ဆင့် ဖော်ပြခဲ့သည်။

သမ္မတ ထရန့်သည် ပထမကမ္ဘာစစ်ပြီးဆုံးမှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားများသို့ တက်ရောက်ရန် ပါရီသို့လာရောက်ခြင်းဖြစ်သည်။

ဥရောပတိုက်လုံးဆိုင်ရာ ပူးတွဲတပ်မတော် ထူထောင်မည့်အစား ဥရောပနိုင်ငံများသည် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)အတွက် သင့်တော်သည့် ရန်ပုံငွေကို ဦးစွာထည့်ဝင်သင့်ကြောင်း၊ မိမိနိုင်ငံသည် နေတိုးအဖွဲ့အတွက် ရန်ပုံငွေ အဓိကထောက်ပံ့ပေးနေရသည့် နိုင်ငံဖြစ်ကြောင်း သမ္မတ ထရန့်၏ တွစ်တာစာမျက်နှာတွင် ဖော်ပြထားသည်။

သမ္မတ ထရန့်သည် သမ္မတရာထူးတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် သမ္မတကတော် မယ်လာနီယာနှင့်အတူ ပြင်သစ်နိုင်ငံသို့ ဒုတိယအကြိမ် လာရောက်ခြင်း ဖြစ်သည်။

သမ္မတ မေခရွန်သည် ဥရောပ ပေါင်းစည်းရေးအတွက် တက်တက်ကြွကြွထောက်ခံပြောဆိုသူ တစ်ဦးဖြစ်သည်။ ဥရောပနိုင်ငံများသည် အမေရိကန်ပြည်ထောင်စုအပေါ် မှီခိုအားထားမှု လျှော့ချကာ ကာကွယ်ရေးအတွက် မိမိခြေထောက်ပေါ် မိမိရပ်တည်သင့်ကြောင်း သမ္မတမေခရွန်က ဥရောပ-၁ ရေဒီယိုသို့ ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



ပြင်သစ်သမ္မတ အီမင်နျူယယ် မေခရွန်

## အွန်လိုင်းမှတစ်ဆင့် ကာယိန္ဒြေနှောင့်ယှက်မှု ကမ္ဘောဒီးယားအမျိုးသမီးများ တွေ့ကြုံကြရ



**ဖနွမ်းပင် နိုဝင်ဘာ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ၌ အသက် ၁၅ နှစ်မှ ၆၅ နှစ်အထိ အင်တာနက်သုံးစွဲသူများအနက် ၂၆ ရာခိုင်နှုန်းမှာ အွန်လိုင်းမှတစ်ဆင့် ကာယိန္ဒြေနှောင့်ယှက်မှု ပုံစံတစ်မျိုးမျိုးနှင့် တွေ့ကြုံကြရဖူးကြောင်း သတင်းအချက်အလက်နည်းပညာဆိုင်ရာ မူဝါဒလေ့လာရေးအဖွဲ့ တစ်ဖွဲ့က ထုတ်ပြန်သော သုတေသနစာတမ်းတစ်ခုတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ ပြည်နယ် ၂၅ ခုရှိ ကျေးရွာပေါင်း ၁၀၀ မှ လူပေါင်း ၂၀၀၀ အပေါ် အခြေခံ၍ စစ်တမ်းတစ်ရပ် ကောက်ယူခဲ့ရာတွင် အထက်ပါအတိုင်း လေ့လာတွေ့ရှိရကြောင်း သတင်းအချက်အလက်နည်းပညာမူဝါဒလေ့လာရေးအဖွဲ့၏ အမှုဆောင်အရာရှိချုပ် ဟယ်လာနီဒါပါရာက ပြောကြားသည်။

အွန်လိုင်းကို အသုံးပြု၍ ကာယိန္ဒြေစော်ကားခံရသူများမှာ အများအားဖြင့် အမျိုးသမီးများဖြစ်ကြကြောင်း၊ ဆဲရေးတိုင်းထွာခြင်း၊ နှစ်လိုဖွယ်မကောင်းသော ရုပ်ပုံနှင့် စာသားများပေးပို့ခြင်း၊ အနိုင်ကျင့်သည့် သတင်းစကားများပေးပို့ခြင်း စသည်ဖြင့် ကာယိန္ဒြေ စော်ကားလေ့ရှိကြကြောင်း လေ့လာချက်တွင်ဖော်ပြသည်။

**ဆင်ဟွာ**

# ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေးအဖြစ် တောင်နှင့်မြောက်အပြန်အလှန် လက်ဆောင်များပေးပို့

**ဆိုးလ် နိုဝင်ဘာ ၁၁**

စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ကိုရီးယားနှစ်နိုင်ငံထိပ်သီးအစည်းအဝေးပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး သိသာစွာ တိုးတက်ကောင်းမွန်လာခဲ့ရာ တောင်ကိုရီးယားအစိုးရအဖွဲ့က မြောက်ကိုရီးယားနိုင်ငံသို့ လိမ္မော်သီး တန်ချိန် ၂၀၀ ကို လက်ဆောင်အဖြစ် ပေးပို့ခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံကလည်း မှိုနှစ်တန်ကို လက်ဆောင်အဖြစ်ပြန်လည်ပေးပို့ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

တောင်ကိုရီးယားတပ်ဖွဲ့ပိုင် ပို့ဆောင်ရေးလေယာဉ်များက နိုင်ငံတောင်ပိုင်းရှိ ဂျီဂျူးကျွန်းမှ ထွက်ရှိသော လိမ္မော်သီးများကို မြောက်ကိုရီးယားနိုင်ငံသို့ နိုဝင်ဘာ ၁၁ နှင့် ၁၂ ရက်ထိတိုင် ပို့ဆောင်ပေးလျက်ရှိသည်ဟု တောင်ကိုရီးယားအစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

အဆိုပါ ပထမဆုံးပို့ဆောင်ရေး လေယာဉ်ပေါ်တွင် ကိုရီးယားနှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေး ဒုတိယဝန်ကြီး ချွန်ဟေးဆန် လိုက်ပါသွားခဲ့ကြောင်း သိရသည်။



ယခုကဲ့သို့ မြောက်ကိုရီးယားနိုင်ငံသို့ အသီးများပေးပို့ခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုစည်းမျဉ်းစည်းကမ်းများကို ထိခိုက်မှုမရှိပါကြောင်းနှင့် နှစ်နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုအနေဖြင့် အပြန်အလှန်လက်ဆောင်များပေးခြင်းသာ ဖြစ်သည်ဟု တောင်ကိုရီးယားအစိုးရအဖွဲ့၏ သတင်းရင်းမြစ်များကို ကိုးကားပြီး ယွန်ဟပ်သတင်းအေဂျင်စီက သတင်းရေးသားဖော်ပြသည်။

တောင်ကိုရီးယားအစိုးရအဖွဲ့အနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကို ဆိုးလ်မြို့သို့ အလည်အပတ်လာရောက်ရန် ကြိုးပမ်းမှုတစ်ခုအဖြစ် နှစ်နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရန် အစွမ်းကုန်ကြိုးစားလျက်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ထင်မြင်ယူဆကြကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ရေးသားထားသည်။

စက်တင်ဘာလက ကိုရီးယားနှစ်နိုင်ငံခေါင်းဆောင်များ သဘောတူရေးထိုးခဲ့သည့် ပူးတွဲကြေညာချက်တွင် ယခုနှစ်ကုန်ပိုင်း၌ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က တောင်ကိုရီးယားမြို့တော် ဆိုးလ်သို့ အလည်အပတ် လာရောက်မည်ဟု ဖော်ပြထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




## ဒေါ့မွန်အသင်းက ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ဘွန်ဒက်လီဂါအမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်

ဒေါ့မွန်အသင်းသည် ဘွန်ဒက်လီဂါပွဲစဉ် ၁၁ အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားကို ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ဒေါ့မွန်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏ ပွဲစဉ်တွင် ဒေါ့မွန်အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၄၉ မိနစ်နှင့် ၆၇ မိနစ်တို့တွင် မာကိုရူးစ်ကလည်းကောင်း၊ ပွဲကစားချိန် ၇၃ မိနစ်တွင် အယ်လ်ကာဆာကလည်းကောင်း သွင်းယူပေးခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၂၆ မိနစ်နှင့် ၅၂ မိနစ်တို့တွင် တိုက်စစ်မှူး လီဝန်ဒေါစကီးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းသည် ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားတွင် ရမှတ် ၂၇ မှတ်ရရှိထားသည်။ ဒေါ့မွန်အသင်းသည် အမှတ်ပေးဇယား ဒုတိယနေရာက မိုချန်ဂလာဘတ်အသင်းကို ငါးမှတ်ဖြတ်ပြီး တတိယနေရာက ဘိုင်ယန်မြူးနစ်အသင်းကို ခုနစ်မှတ်ဖြတ်ကာ ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကြောင်းလည်း သိရသည်။

## ဆာလာနှင့် ရှာကီရီတို့၏ သွင်းဂိုးများဖြင့် လီဗာပူးက ဖူလ်ဟမ်ကို နှစ်ဂိုးပြတ်နိုင်

လီဗာပူးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ၁၂ အဖြစ် ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဆာလာနှင့် ရှာကီရီတို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့သည် ၄-၂-၃-၁ ဆိုသည့် တူညီသည့်ကစားကွက်ကို အသုံးပြုကာ ပွဲထွက်လာခဲ့ပြီး လီဗာပူးအသင်းက ပွဲကစားချိန် ၄၁ မိနစ်တွင် ဆာလာ၏ သွင်းဂိုးနှင့် ပွဲကစားချိန် ၅၃ မိနစ်တွင် ရှာကီရီ၏ သွင်းဂိုးတို့ရရှိခဲ့သည်။

ထို့ကြောင့် ဖူလ်ဟမ်အသင်းမှာ ချေပဂိုးပြန်လည်ရရှိရေးအတွက် ဒုတိယပိုင်းတွင် လူစားလဲမှုများပြုလုပ်ခဲ့သော်လည်း တစ်ဂိုးမှ ပြန်လည်မသွင်းယူနိုင်ခဲ့ပေ။

ယခုပွဲစဉ်တွင် လီဗာပူးအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဆာလာမှာ လက်ရှိတွင် ပရီမီယာလိဂ်သွင်းဂိုး ခြောက်ဂိုးအထိ သွင်းယူထားနိုင်ခဲ့ခြင်းကြောင့် ဂိုးအများဆုံးကစားသမားစာရင်းတွင် အဆင့် ၄ ၌ ရပ်တည်လျက်ရှိပြီး အူဘာမီယန်၊ ဟာဇက်နှင့် အဂူရိုတို့မှာ ခုနစ်ဂိုးစီဖြင့် ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည်။

လီဗာပူးအသင်းသည် ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် ရမှတ် ၃၀ ဖြင့် ဇယားထိပ်သို့ ယာယီတက်လှမ်းထားနိုင်ခဲ့ကြောင်းလည်း သိရသည်။

ငွေကြယ် - ရေးသားသည်





## အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဂရစ်ဇ်မန်း အနာဂတ်တွင် ဘွန်ဒက်လီဂါသို့ ပြောင်းမည်ဟုဆို

စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းတွင် ခြေစွမ်းပြကစားလျက်ရှိသည့် ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် လာမည့်အနာဂတ်ကာလတွင် ဂျာမန်ဘွန်ဒက်လီဂါသို့ ပြောင်းရွှေ့ကစားရန် စီစဉ်ထားကြောင်း သိရသည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် မကြာသေးသည့်နှစ်များအတွင်းက ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့သူလည်းဖြစ်သည်။

ဂရစ်ဇ်မန်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းတွင် အကောင်းဆုံးခြေစွမ်းပိုင်ဆိုင်ထားခဲ့ခြင်းကြောင့် ဥရောပတစ်ဝန်းမှ ကလပ်အသင်းအတော်များများက ခေါ်ယူရန်စိတ်ဝင်စားနေပြီး ဂရစ်ဇ်မန်းကိုယ်တိုင်ကမူ ဘွန်ဒက်လီဂါသို့ ပြောင်းရွှေ့ကစားမည်ဟုဆိုသည်။

ဂရစ်ဇ်မန်းသည် လီဂါနက်စ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေဖြစ်ခဲ့သည့်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အက်သလက်တီကိုမက်ဒရစ်အသင်းမှာမူ နိုဝင်ဘာ ၁၀ ရက် ညပိုင်းက ကစားခဲ့သည့် ဘီဘာအိုအသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့်လည်း လာလီဂါအမှတ် ပေးဇယား၏ ဒုတိယနေရာသို့ တက်လှမ်းထားကြောင်း သိရသည်။

## ဘာစီလိုနာကွင်းလယ်ကစားသမား ဒန်းနစ်ဆွာရတ်ဇ်အား ချယ်လ်ဆီးအသင်း ခေါ်ယူရန် စိတ်ဝင်စားနေ

ချယ်လ်ဆီးအသင်းသည် ဘာစီလိုနာအသင်း၏ ကွင်းလယ်ကစားသမား ဒန်းနစ်ဆွာရတ်ဇ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းအနေဖြင့် ဒန်းနစ်ဆွာရတ်ဇ်ကို စိတ်ဝင်စားနေခြင်းမှာ နည်းပြဆာရီက ဒန်းနစ်ဆွာရတ်ဇ်နှင့် ကာလရှည်လက်တွဲရန် မျှော်လင့်ထားသောကြောင့် ဖြစ်သည်။

နည်းပြဆာရီသည် ဒန်းနစ်ဆွာရတ်ဇ့်အား နာပိုလီအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်စဉ်ကတည်းက ခေါ်ယူရန်ပစ်မှတ်ထားနေခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်က ခေါ်ယူနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

လက်ရှိတွင် ချယ်လ်ဆီးအသင်း၏ ကွင်းလယ်ပိုင်း၌ ဂျော်ဂျင်ဟို၊ ကန်တီ၊ ရို့စ်ဘာကလေ၊ ကိုဗာဆစ်၊ လော့တတ်ချိခ်နှင့် ဖာဘရီဂတ်စ်တို့ ရှိနေသော်လည်း ကွင်းလယ်ပိုင်းကို ထပ်မံအားဖြည့်ရန် နည်းပြဆာရီက ဒန်းနစ်ဆွာရတ်ဇ်ကို ခေါ်ယူရန်စိတ်ဝင်စားနေခြင်း ဖြစ်သည်။

ဒန်းနစ်ဆွာရတ်ဇ်သည် ဗီလာရီးယဲလ်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ၃၃ ပွဲပါဝင်ကစားခဲ့ပြီး လေးဂိုးသွင်းယူပေးထားနိုင်ခဲ့သူဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ဘာစီလိုနာ အသင်းနှင့်အတူ ၄၄ ပွဲတွင် သွင်းဂိုး သုံးဂိုးသွင်းယူပေးထားကြောင်းလည်း သိရသည်။



# မော်ချီး၌ ခဲကျင်းမြေစာပြိုကျမှုကြောင့် ပိတ်မိနေသည့် လုပ်သား လေးဦးအား ကယ်ထုတ်နိုင်ခဲ့



**ဖားဆောင်း နိုဝင်ဘာ ၁၁**

ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာအုပ်စု တောင်ပေါ် ၁၅ ရပ် ခဲကျင်းအမှတ် နက/ရှေ့ - ၁၀ ကျင်း ဦးစီး ဦးပြေသိန်းထွန်း၏ ခဲကျင်းသည် နိုဝင်ဘာ ၉ ရက် ညနေ ၆ နာရီက ကျင်းအတွင်း မြေစာပြိုကျမှုကြောင့် ဦးဇာနည်ခိုင်၊ ဦးမြင့်ဇော်၊ ဦးအောင်ဟိန်းဝေနှင့် ဦးဇော်ကိုတို့ ပိတ်မိနေကြောင်း သိရသည်။

အဆိုပါ မြေပြိုတွင်းပိတ်မိရာသို့ ဘော်လခဲခရိုင် မီးသတ်ဦးစီးမှူး ဦးဆောင်သည့် အင်အား ၁၀ ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်တာဝန်ခံတို့ဦးဆောင်သော အင်အား ၂၅ ဦး၊ မော်ချီးနယ်မြေခံတပ်မှ တပ်မတော်သားများ၊ ကျေးရွာပြည်သူများက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပိတ်မိနေသူ လေးဦးအား နိုဝင်ဘာ ၁၀ ရက် နံနက် ၄ နာရီ ၃၅ မိနစ်က ထိခိုက်မှုတစ်စုံတစ်ရာမရှိဘဲ ပြန်လည်ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀ ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**တာချီလိတ် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာပြည်သူ့စစ်စခန်းရှေ့ လမ်းမပေါ်၌ နိုဝင်ဘာ ၉ ရက် ညနေပိုင်းက ငွေကျပ်သိန်း ၄၀ ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာအဝင်ပြည်သူ့စစ်စခန်းရှေ့လမ်းမ၌ ပိတ်ဆို့စစ်ဆေးဆောင်ရွက်နေစဉ် မိုင်းဟဲကျေးရွာအုပ်စု ယန်းခေါင်ကျေးရွာဘက်မှ အောင်မိုးဟိန်း(ကျား) မောင်းနှင်ပြီး ဘူးဒို(မ)နောက်မှ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ ဆိုင်ကယ်ဖင်ထိုင်ခုံအောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀(တန်ဖိုးငွေကျပ်သိန်း ၄၀ )ခန့်အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ လက်ဝယ်ဖမ်းဆီးရမိသည့် အောင်မိုးဟိန်းနှင့် ဘူးဒိုတို့နှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝေဖြိုးလေး(မြန်/ဆက်)**

# ဘုရားဖူးယာဉ်နှင့် ကွန်တိန်နာနောက်တွဲယာဉ်တို့ တိုက်မိ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရတနာလမ်းနှင့်ရွှေလီလမ်းထောင့်၌ ဘုရားဖူးယာဉ်နှင့် ကွန်တိန်နာနောက်တွဲယာဉ်တို့ နိုဝင်ဘာ ၁၁ ရက် နံနက် ၄ နာရီခွဲခန့်က မျက်နှာချင်းဆိုင် တိုက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ဘုရားဖူးယာဉ်မောင်းမှာ ဦးခေါင်းတွင် ပြင်းထန်စွာဒဏ်ရာရရှိကာ သတိလစ်နေသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည်ငါးဦးခန့်မှာလည်း ဒဏ်ရာများရရှိခဲ့၍ သယ်န်းကျွန်း စံပြဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၂-၁၁-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၁၅ | BBC Click |
| ၉း၂၅ | "မြန်မာတို့ရဲ့ဂုဏ်ယူဖွယ်ရာ ပုဂံဒေသကကမ္ဘာ့မှတ်တမ်း အမွေအနှစ်များ" |
| ၉း၄၅ | ရတနာအလားကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Sukhothai"(Thailand) |
| ၁၀း၃၀ | စိုက်ပျိုးရေးရာအဖြေရှာ "အဝါရောင်မိုစေ့ရောဂါ" |
| ၁၁း၀၀ | လုံမမှတ်စု (၆၁) |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ် |
| ၁၂း၃၀ | ပြည်သူ့နီတိ "အတုမြင်အတက်သင်" (နေအောင်၊ ခင်မို့မို့အေး၊ ပန်းသော်တာ၊ ခိုင်မာဗို) (ဒါရိုက်တာ- မိုးဇော်ကို) |
| ၁၂း၅၀ | သုခမရင်ခွင်အငြိမ့်သဘင် "ရွှေမြန်မာအငြိမ့်" (မင်းသမီး- မြပန်းစံအိမ်၊ လူရွှင်တော်-ငွေတိုး၊ အော်ရိန်း၊ တိုက်ဂါး၊ စိုပြေ) (ဒါရိုက်တာ- ဖုန်းမြင့်အောင်) |
| ၁၃း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါချောင်အန်း" (အပိုင်း-၃၁) |
| ၁၄း၁၅ | Tasty Trip |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ) |
| ၁၆း၄၅ | This Week's Special Interest |
| ၁၇း၀၅ | ကျန်းမာရေးအတွက်တိုင်းရင်း ဆေးပညာအစီအစဉ် "လူလည်းကျန်းမာ ငွေလည်းသက်သာ တိုင်းရင်းဆေးကိုသုံးစွဲပါ" |
| ၁၇း၃၀ | Yes or No Talk Show |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "ကမ္ဘာမှာထင်ရှားသောမြန်မာအချို့နှင့် ဥပဒေလောကမှာ ထင်ရှားသောမြန်မာများ" (ပထမပိုင်း) (ဦးမြသိန်း(နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်)(ငြိမ်း)၊ ဦးဟန်ညွှန့်(ဥပဒေတရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်) (ဒါရိုက်တာ- ဝေဠု(ဝသန်)) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၅၉) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | စီးပွားရေးစကားဝိုင်း "အကောက်ခွန်နှင့်ပုဂ္ဂလိကကဏ္ဍများပူးပေါင်းမှုစကားဝိုင်း" -နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၇) -အစီအစဉ်ပြီး၏။ |

# ကသာမြို့နယ်၌ ငွေကျပ်သိန်း ၃၅၀ တန်ဖိုးရှိ တရားမဝင် ကျွဲ ၁၅ ကောင်နှင့် နွားရှစ်ကောင် ဖမ်းမိ

**ကသာ နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ညောင်ပင်ကွင်းကျေးရွာအနီး၌ တရားမဝင် ကျွဲ၊ နွားများ သယ်ဆောင်လာသူအား သက်သေခံ ကျွဲ၊ နွားများနှင့်အတူဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၀ ရက် ည ၁၀ နာရီခန့်တွင် နယ်မြေခံတပ်မှ ဗိုလ်ကြီးဇင်မင်းထွန်းနှင့်အဖွဲ့၊ ပျဉ်ထောင်လေးနယ်မြေရဲကင်းစခန်းမှ ဒုရဲအုပ်စိုးသူလွင်နှင့်အဖွဲ့တို့သည် သက်သေများနှင့်အတူ မန္တလေး-ဗန်းမော်သွားကားလမ်း ကသာမြို့နယ် ညောင်ပင်ကွင်းကျေးရွာအနီး၌ ကျွဲ၊ နွားမှောင်ခိုသတင်းအရ စောင့်ဆိုင်းနေစဉ် ထွန်းနိုင်ဝင်း မောင်းနှင်ပြီး ဦးဝင်ကို လိုက်ပါလာသော 9K/--- ၁၂ ဘီးယာဉ်အား စစ်ဆေးရာ အဆိုပါယာဉ်ပေါ်မှ ကျွဲ ၁၅ ကောင်နှင့် နွားရှစ်ကောင် (ကာလတန်ဖိုး ငွေကျပ်သိန်း ၃၅၀)အား တွေ့ရှိ၍ စစ်ဆေးရာ အဆိုပါ ကျွဲ၊ နွားများနှင့်သက်ဆိုင်သော စာရွက်စာတမ်းများမပါရှိဘဲ တစ်ဖက်နိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်းသိရသဖြင့် တရားမဝင်ကျွဲ၊ နွားများ သယ်ဆောင်သူ ထွန်းနိုင်ဝင်း၊ မြတောင်ကျေးရွာ ထီးချိုင့်မြို့နယ်နေသူနှင့် ဦးဝင်ကို နီတာ ကျေးရွာ ထီးချိုင့်မြို့နယ်နေသူတို့ နှစ်ဦးအား ကသာမြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ပင်လောင်း၊ ဆီဆိုင်၊ မိုးနဲ၊ မိုင်းပွန်၊ နမ့်စန်၊ လဲချားနှင့် မိုင်းကိုင်မြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**ပင်လောင်း နိုဝင်ဘာ ၁၁**



ပင်လောင်းမြို့နယ် နန်းနိမ့်ကျေးရွာ အရှေ့မြောက်ဘက် နှစ်မိုင်ခွဲခန့်အကွာ၌ နိုဝင်ဘာ ၁၀ ရက်တွင် ဘိန်းစိုက်ခင်း ၂၁ ဧကခန့်အား ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဟံ ဦးစီးပူးပေါင်းအဖွဲ့ကလည်းကောင်း၊ ဆီဆိုင်မြို့နယ် ဆောဆားကျေးရွာ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်အား ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များကလည်းကောင်း၊ မိုးနဲမြို့နယ် နောင်လိုင်ကျေးရွာ၌ ဘိန်းစိုက်ခင်း တစ်ဧကခန့်အား မိုးနဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က လည်းကောင်း ဖျက်ဆီးခဲ့သည်။

အလားတူ မိုင်းပွန်မြို့နယ် ကျိုင်းခမ်ကျေးရွာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာ၌ ဘိန်းစိုက်ခင်း နှစ်ဧကခန့်အား မိုင်းပွန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ကလည်းကောင်း၊ နမ့်စန်မြို့နယ် တွန်ကျိုင်းကျေးရွာ အရှေ့မြောက်ဘက် ၁၄ မိုင်ခန့်အကွာ၌ ဘိန်းစိုက်ခင်း ၁၁ ဒသမ ၅ ဧကခန့်အား နမ့်စန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က လည်းကောင်း၊ လဲချားမြို့နယ် နမ့်မင်ကျေးရွာ မြောက်ဘက် တစ်မိုင်ခန့်အကွာနှင့် နာယန်းကျေးရွာ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ၌ ဘိန်းစိုက်ခင်း ၃ ဒသမ ၅ ဧကခန့်အား လဲချားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က လည်းကောင်း၊ မိုင်းကိုင်မြို့နယ် ကုံးလုံကျေးရွာ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ ဘိန်းစိုက်ခင်း လေးဧကခန့်နှင့် ဆိုက်ခေါင်ကျေးရွာ မြောက်ဘက် ခုနစ်ဖာလုံခန့်အကွာ၌ ဘိန်းခင်း သုံးဧကခန့်တို့အား မိုင်းကိုင်မြို့မရဲစခန်းမှူးဦးစီးသည့် ပူးပေါင်းအဖွဲ့ကလည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိုးနဲမြို့၌ ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ နှစ်ဦး သေဆုံး



**မိုးနဲ နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မိုးနဲ-မောက်မယ်လမ်းပိုင်း ကုန်းပေါင်းကျေးရွာအနီးတွင် ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မှု ယမန်နေ့မွန်းလွဲ ၁၂ နာရီ မိနစ်၂၀ ခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောက်မယ်မြို့မှ ပြောင်းစံအိတ်များတင်ဆောင်၍ စိုင်းဝင်းလှိုင်(၃၄)နှစ် မောင်းနှင်လာသော ယာဉ်နှင့် စံစိုင်း(၂၃)နှစ် မောင်းနှင်ပြီး နန်းစံ(၂၉)နှစ်နှင့် နန်းစံ၏ သမီး ယိင်းကော်ခမ်း ငါးနှစ်တို့ လိုက်ပါစီးနင်းလာသော မော်တော်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူ စံစိုင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း၊ နန်းစံမှာ ဝဲ၊ ယာဒူး ပွန်းပဲဒဏ်ရာ၊ ဝဲခြေသလုံး ပေါက်ပြဲဒဏ်ရာများဖြင့် ဆေးရုံ၌ သေဆုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် ယိင်းကော်ခမ်းမှာ ယာချိုစောင်း ပေါက်ပြဲဒဏ်ရာ၊ ဝဲ၊ ယာ လက်ချောင်းများ ပေါက်ပြဲဒဏ်ရာ၊ ယာပါးပွန်းပဲ့ (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သဖြင့် စိုင်းဝင်းလှိုင်အား မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၆၆၁**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၈၂၂ သန်း) သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၁၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်များ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၈၂၂ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်

## မြန်မာမှုရိုးရာ ရွှေမျက်ပါး ရွှေဆိုင်း လုပ်ငန်းတည်တံ့ရေး



**à ဆုံးငှက်**

မန္တလေးသည် ယခု ၂၀၁၈ ခုနှစ်တွင် ၁၆၂ နှစ်သက်တမ်းကို ဖြတ်သန်းခဲ့သော မြို့တစ်မြို့ဖြစ်သည်။ ခရစ်နှစ် ၁၈၅၆ ခုနှစ်တွင် ရန်ကုန်မြို့၏ မြောက်ဘက် ကီလိုမီတာ ၇၀၀ အကွာ၊ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းခြေရှိ ကျယ်ပြန့်သော မြေအပြင်ရှိရာ မြောက်လတ္တီကျူ ၂၁° - ၅၈' နှင့်အရှေ့လောင်ဂျီကျူ ၉၆° -၀၄' ဆုံရာအရပ်၌ မင်းတုန်းမင်းတရားကြီးက မန္တလေးကို စတင်တည်ထောင်ခဲ့သည်။ အမရပူရမြို့တော်ဟောင်း၌ မင်းတုန်းမင်း နန်းတက်သော ၁၈၅၃ ခုနှစ် ဖေဖော်ဝါရီလ ကတည်းက အောက်မြန်မာပြည်ရှိ မြို့တော်ရန်ကုန်ကို ကပ္ပတိန်ဖရေဇာက ခေတ်မီမြို့သစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော်နေသောကြောင့် ဝါးကပ်နှင့် သစ်သားအိမ်များ ပေါများကာ လမ်းများကျဉ်းမြောင်းပြီး ဘေးအန္တရာယ်လည်းနီး၊ ကျန်းမာရေးနှင့်လည်း ဆန့်ကျင်သော အမရပူရမြို့ဟောင်းကို စွန့်ခွာကာ အောက်မြန်မာပြည်နည်းတူ မြို့သစ် နန်းသစ် တည်ထောင်လိုသော ဆန္ဒမှာ မင်းပျိုမင်းလွင်တိုင်းရှိနေမည်မှာ သေချာသည်။ ထို့ကြောင့် ဝန်ကြီးများအစုံအညီ သဘောတူညီမှုဖြင့် ခရစ်နှစ် ၁၈၅၆ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် မန္တလေးမြို့သစ်စီမံကိန်းကို ချမှတ်ခဲ့သည်။ ခရစ်နှစ် ၁၈၅၆ ခုနှစ်သည် သာသနာနှစ် ၂၄၀၀ နှင့် ကိုက်ညီသဖြင့်လည်း ထိုနှစ်၌ဆန္ဒတော်ကို အပြီးသတ် အဆုံးအဖြတ် အတည်ပြုခြင်းဖြစ်၏။

### နန်းတော်ကို ဗဟိုပြု၍

မြို့သစ်နန်းသစ်နှင့် ပတ်သက်၍ လုပ်ဆောင်ဖွယ်ရာအသီးသီးကို ဆောင်ရွက်ပြီးနောက် မြို့တည်မော်ကွန်းတွင် မြန်မာကောဇာ သက္ကရာဇ် ၁၂၂၁ ခု (ခရစ်နှစ် ၁၈၅၉ ခု၊ သာသနာနှစ် ၂၄၀၃ ခု)တွင် မန္တလေးမြို့တည်ပြီးကြောင်း မှတ်တမ်းတင်ရေးထိုးခဲ့သည်။

ကျုံးလေးဖက်လေးတန်ကာရံ၍ အုတ်မြို့ရိုးကြီးဖြင့် စတုရန်းကျကျတည်ဆောက်ထားသော နန်းမြို့တော်ကြီးမှာ တစ်ဖက်လျှင် တာ ၆၀၀ အညီအမျှဖြင့် စုစုပေါင်းတာ ၂၄၀၀ ရှိ၏။ မြို့တည်သည့် သာသနာနှစ် ၂၄၀၀ ကို အမှတ်အသားပြုခြင်းဖြစ်သည်။ (တစ်တာလျှင် ခုနစ်တောင်၊ တစ်တောင် ၁၉ လက်မဖြင့်တွက်လျှင် မြို့ရိုးတစ်ဖက် ၁ မိုင် ၂ ဖာလုံ ၅၅ ကိုက်မျှရှိပြီး လေးဖက်ပေါင်း ၅ မိုင် နှင့် ၁ ဖာလုံရှိသည်။) မြို့တော်တွင်း၌ တာ ၅၀ လျှင်တစ်ပြ (ပေ ၅၅၀ ကျော်) ဖြင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် ၁၂ ပြစီဖြင့် စတုရန်းပြကွက်ကြီးပေါင်း ၁၄၄ ကွက်လျာထားသည်။ မြို့ပြင်၌လည်း ၎င်းအတိုင်းအထွာပြများအတိုင်း လမ်းများဖောက်ကာ အရှေ့၊ အနောက်၊ တောင်၊ မြောက် ကန့်လန့်ဖြတ်လမ်းများဖြင့် စတုရန်းပုံဝင်းကြီးများကို ဖွဲ့စည်းသည်။ မြို့ကို လေးပြင်လေးရပ် ခွဲခြားသတ်မှတ်ကာ အရပ်ဦးရေ ၅၄ ဌာနကို အမည်သမုတ်ခေါ်တွင်စေခဲ့၏။ နန်းတော်ကို ဗဟိုပြု၍ နန်းမြို့ရိုး၏ အရှေ့ဘက်ပိုင်းကို အရှေ့ပြင်၊ အနောက်ဘက်ကျသောအပိုင်းကို အနောက်ပြင်၊ မြောက်ဘက်ကျသောအပိုင်းကို မြောက်ပြင်ဟု အကြမ်းဖျင်းသတ်မှတ်သည်။

### လေးပြင်မျက်နှာ၊ ရံကာဝပ်ညောင်း၊ ရပ်ကွက်ပေါင်းကို

ထို့ကြောင့် အရှေ့ပြင်တွင် ရပ်ကွက်ကြီးခုနစ်ကွက်၊ တောင်ပြင်တွင် ရပ်ကွက်ကြီး ၁၃ ကွက်၊ အနောက်ပြင်တွင် ရပ်ကွက်ကြီး ၂၉ ကွက်နှင့် မြောက်ပြင်တွင် ရပ်ကွက်ကြီး ငါးကွက်ဖြင့်ဖွဲ့စည်းထားပြီး စုစုပေါင်း ရပ်ကွက် ၅၄ ကွက်ရှိသည်။ ၅၄ ကွက်စလုံးလည်း လှပခံ့ညားနန်းဆန်သော နာမည်များပေးခဲ့၏။ ယခုတိုင် ထိုရပ်ကွက်များမှာမူ နာမည်များ တိမ်မြုပ်ပျောက်ကွယ်သွားကြ၏။ ဥပမာ-ဝိဇယမဟီ၊ ဇေယမင်္ဂလာ၊ ဘူမိဇေယာ၊ ဇမ္ဗူ့ကြငှန်း၊ တုလွတ်ရန်အောင်၊ ဘေးမဲ့လွတ်ရှောင်၊ ကျွန်းလုံးကြေညာ၊ ဘုန်းတော်ရောင်၊ မြကျွန်းတန်ဆောင်၊ မြနန်းအောင်မြေ၊ မြနန်းစံရာ၊ မြနန်းဘုံသာ၊ မြကျွန်းမြေငူဟူသည့်အမည်နှင့် ရပ်ကွက်များဖြစ်သည်။

မန္တလေး၏ ရပ်ကွက်ကြီးများနှင့် ပတ်သက်၍ ဝက်မစွတ်မြို့စားဝန်ထောက်မင်းက လင်္ကာဖွဲ့ခဲ့သည်။

ရတနာပုံ၊ ဇေယျုံကြငှန်း၊ ပြည်ရွှေမန်းဝယ်၊ နန်း၏ဝန်းကျင်၊ လေးပြင်မျက်နှာ၊ ရံကာဝပ်ညောင်း၊ ရပ်ကွက်ပေါင်းကို၊ ခြီးသောင်းဩဇာ၊ မင်္ဂလာဖြင့်၊ သညာပညတ်၊ တံဆိပ်ခတ်၍၊ တပ်မှတ်တော်မူ၊ လှိုင်ကြူပျံ့မွှေး၊ ငါးဆယ်လေးကို၊ တဝေးလူဗိုလ်၊ မှတ်စေလို၍၊ သံချိုဗျူးတား၊ လင်္ကာအားဖြင့်၊ ပံ့ရှားချိုလွင်၊ သံပိုင်းတင်ပိမ့်။ ဟူ၍ဖြစ်သည်။

### လက်မှုအနုပညာအနေဖြင့် တန်ဖိုးထားသော လုပ်ငန်းများ

မန္တလေး၏ ရပ်ကွက်အမည်များပေးရာတွင် မင်းတဲ အီကင်း၊ ဒေးဝန်း၊ တမ္ပဝတီ စသော မူလကရှိပြီး အမည်များ၊ အောင်နန်းရိပ်သာ၊ ရတနာဘုမ္မိ စသော ရာဇဝင်သမိုင်းဆိုင်ရာ အမည်များ၊ ရွှေလုံ့ဗိုလ်ဝင်း၊ အမြောက်တန်း၊ သူရဲတပ်စသော အမှုထမ်းအမည်စွဲ ရပ်ကွက်များအပြင် မိရိုးဖလာအစဉ်အဆက် လုပ်ကိုင်ကြသော လုပ်ငန်းများ၊ လက်မှုအနုပညာအနေဖြင့် တန်ဖိုးထားသော လုပ်ငန်းများစသည့် အစုအင်းလုပ်ငန်းများနှင့် ပတ်သက်၍လည်း သီးခြားရပ်ကွက်များ စနစ်တကျဖွဲ့စည်းပေးခဲ့သည်။ ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ သုတေသန စာတမ်းအလိုအရ အဆိုပါ ရပ်ကွက်ပေါင်းမှာ ရပ်ကွက်ကြီးအနေနှင့် ရွှေချည်ထိုး၊ မျက်ပါးရပ်၊ ကြေးသွန်းရပ် (တမ္ပဝတီ)၊ ကျောက်ဆစ်တန်းနှင့် စာတိုက်တန်းတို့ဖြစ်ပြီး လုပ်ငန်းအစုအင်းများမှာ ၆၀ အထိရှိသည်ဟု မှတ်သားရပါသည်။

### တန်ဖိုးထားအပ်သည့် အမျိုးသားရေးဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်

လုပ်ငန်းအများစုမှာ ရှေးမြန်မာ့ရိုးရာ လက်မှုလုပ်ငန်းများဖြစ်သဖြင့် ယင်းကဲ့သို့ တစုတစည်းတည်းထားရှိခြင်းဖြင့် လုပ်ငန်းဆိုင်ရာ ထိန်းသိမ်းတည်တံ့စေခြင်းကို အထူးအားပေးချီးမြှင့်ရာ ရောက်ခဲ့သည်။ သို့သော် ပြောင်းလဲလာသော ခေတ်အခြေအနေတွင် သတိမမူ တန်ဖိုးမထားတတ်ခြင်း အခြေအနေများ၌ အများစုမှာ ဆုံးရှုံးပျောက်ကွယ်ခဲ့ကြလေပြီ။ ဂူန္တာန်ထိုးခြင်း၊ ဂူန္တာန်နှိပ်ခြင်းဟူသော လုပ်ငန်း၊ ရွှေချည်ထိုးလုပ်ငန်းတွင် သုံးသော ရွှေကြယ်ငွေကြယ်များ ခတ်လုပ်သည့် ကြယ်ခတ်လုပ်ငန်း၊ ချည်ဆေးဆိုး နီပါးလုပ်ငန်း၊ အိမ်တော်ရာထီးလုပ်ငန်း၊ ထီးရိုးပွတ်ထိုးလုပ်ငန်း၊ ပုရပိုက်လုပ်ငန်းစသည်တို့မှာ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားခဲ့ပြီ။ ဘာမှတ်တမ်းမှတ်ရာမှ မကျန်တော့။ ပြသစရာ နမူနာပင်မရှိတော့။ တကယ်တော့ ထိုအရာများ အားလုံးသည် တန်ဖိုးထားအပ်သည့် အမျိုးသားရေးဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်။

### ရှင်သန်ဆဲ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စစ်စစ်

ဤကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ပေါ်ကြွယ်ဝရာ မန္တလေးတွင် ယခုထက်တိုင် လုပ်ငန်းအဖြစ်ခိုင်မာစွာ တည်ရှိနေသေးသော်လည်း အမျိုးသားရေးဆိုင်ရာ အသိအမြင်တိမ်းပါးမှု၊ ငွေကြေးတန်ဖိုးအပေါ် စီးပွားတွက် တစ်ကြောင်းစွဲမှု၊ ခေတ်မီလိုခြင်းနှင့် ရိုးရာအပေါ် အထင်အမြင်သေးမှု၊ လတ်တလောရင်ဆိုင်ဖြေရှင်းရမည့် အရေးကြီးပြဿနာ မဟုတ်ဟု လျစ်လျူရှုမှုစသော အကြောင်းခြင်းရာများဖြင့် နေ့ချင်းညချင်း ပျောက်ကွယ်သွားနိုင်သော လုပ်ငန်းတစ်ခုလည်း ရှိနေပါပြီ။ အဆိုပါလုပ်ငန်းမှာ မန္တလေး၌သာ အစဉ်အဆက် တည်ရှိနေသော ရွှေမျက်ပါး ရွှေဆိုင်းလုပ်ငန်းဖြစ်ပါ၏။

တကယ်တော့ ရွှေမျက်ပါးရွှေဆိုင်းလုပ်ငန်းက ရှင်သန်ဆဲ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စစ်စစ်ဖြစ်သည်။ လက်မှုနှင့် အနုပညာတန်ဖိုးရှိစွာ တွဲဖက်နေသော ထိုလုပ်ငန်းမှာ ပုဂံခေတ်ကတည်းက ထင်ရှားတည်ရှိခဲ့သည်။ ခေတ်အဆက်ဆက် မတိမ်ကော မပပျောက်ခဲ့ဘဲ တည်ရှိခဲ့ခြင်းမှာ ရှေးက ထီးသုံးနန်းသုံးများတွင်သာမက ဘာသာရေးဆိုင်ရာ ကိုးကွယ်ယုံကြည်မှု အဆောင်အယောင်များ၏ အဓိကအခြေခံဖြစ်သောကြောင့်ဖြစ်သည်။ ယခုအခါ ထီးသုံးနန်းသုံးဆိုင်ရာ ကဏ္ဍ မရှိတော့သော်လည်း ဘာသာရေးနှင့် ပတ်သက်၍ အများဆုံးအသုံးပြုဆဲမို့ အဖိုးတန်ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စစ်စစ်တစ်ခု ကျန်ကောင်းကျန်ရာ ကျန်ရှိနေခြင်းဖြစ်သည်။

### မြန်မာမှုရိုးရာ ရွှေမျက်ပါး ရွှေဆိုင်းလုပ်ငန်း တည်တံ့ရေး

ထို့ကြောင့် မြန်မာမှုရိုးရာ ရွှေမျက်ပါး ရွှေဆိုင်း လုပ်ငန်းတည်တံ့ရေးအတွက် အားထားရာက ရွှေတိဂုံ၊ မဟာမုနိ၊ ကျိုက်ထီးရိုး၊ ရွှေစက်တော်၊ အင်းလေး ဖောင်တော်ဦး၊ ပုသိမ်ရွှေမုဋ္ဌောစသည့် မြန်မာပြည်တွင်းရှိ တန်ခိုးကြီးဘုရားကြီးများပဲ ဖြစ်ပါ၏။ ယခုအခါ တန်ခိုးကြီးဘုရားစေတီကြီးများက မြန်မာမှုရိုးရာ ရွှေမျက်ပါး ရွှေဆိုင်းကို တစ်စုံတစ်ရာ အကြောင်းပြချက်ဖြင့် နိုင်ငံခြားဖြစ် စက်ရွှေများနှင့် အစားထိုးမထိုးကြဖို့ လိုအပ်နေပါပြီ။ အကယ်၍ အစားထိုးလိုက်လျှင် ပုဂံခေတ်ကတည်းက ယခုထက်တိုင် ဘာသာသာသနာ၏ စောင့်ရှောက်မှုဖြင့် တည်တံ့နေသော ရှင်သန်ဆဲ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စစ်စစ်တစ်ခု ဆုံးရှုံး ပျောက်ကွယ်ရမည့်ကိန်းဖြစ်ပါ၏။ ထိုမျှမက ခိုင်မာဆဲ အမျိုးသားစီးပွားရေးလုပ်ငန်းကြီးတစ်ခု ရိုက်ချိုးခံရခြင်းကိန်းဖြစ်ပါ၏။

ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် မြန်မာမှုရိုးရာ ရွှေမျက်ပါး ရွှေဆိုင်းလုပ်ငန်းတည်တံ့ရေးကို အရေးတကြီး စဉ်းစားကြပါဘိကုန်။

> “ရွှေမျက်ပါးရွှေဆိုင်း လုပ်ငန်းက ရှင်သန်ဆဲ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စစ်စစ် ဖြစ်သည်။ လက်မှုနှင့် အနုပညာတန်ဖိုးရှိစွာ . . .”



# တိုင်းဒေသကြီး / ပြည်နယ်ဝန်ကြီးချုပ်များ လှုပ်ရှားမှုသတင်း

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဆိပ်ဖြူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

**ဆိပ်ဖြူ နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် ဆိပ်ဖြူမြို့နယ်၏ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်ရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေပြည့်ဝစွာရရှိရေး ဆောင်ရွက်နေခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးကျော်ဆန်းအောင်၊ ဒေါ်သက်မွန်အေး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများလိုက်ပါ၍ ဆိပ်ဖြူ-ပခုက္ကူကားလမ်းရှိ ဆိပ်ဖြူမြို့နယ် အရှေ့ကံတွင်းကျေးရွာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) တံတားအထူးအဖွဲ့(၅) ဆိပ်ဖြူမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ယောချောင်းတံတား(ကံတွင်း) အသစ်တည်ဆောက်နေသည့် လုပ်ငန်းအား စစ်ဆေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က ယောချောင်းတံတား(ကံတွင်း) သည် ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားကိစ္စရပ်များအတွက် အရေးပါသည့်တံတားတစ်စင်းဖြစ်သည့်အတွက် စံချိန်စံညွှန်းမီ တည်ဆောက်သွားရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ထို့နောက် မြင်ကဝကျေးရွာအုပ်စုရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာန အောက်ဆိပ် လျှပ်စစ်မြစ်ရေတင်သို့သွားရောက်ပြီး ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကျိုးပင်အင်းမှ ပွန်တွန်းရေတင်စနစ်အထိ ရေခေါ်မြောင်း ဆောင်ရွက်ထားရှိမှုနှင့် သဲသောင်များ ဖယ်ရှားရှင်းလင်းနေခြင်းတို့ကို ကွင်းဆင်းကြည့်ရှု၍ ဒေသခံပြည်သူတို့ စိုက်ပျိုးရေပြည့်ဝစွာရရှိရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(မြန်/ဆက်)**





## မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ကလေးစာပေပွဲတော် ဒုတိယနေ့ကျင်းပနေမှု တက်ရောက်အားပေး

**ကျိုက်ထို နိုဝင်ဘာ ၁၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့ အထက (၁)၌ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (ဒုတိယနေ့) ကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူတို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံသည် ကျိုက်ထိုမြို့ ကျောင်းဝင်းအတွင်းရှိ စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုကာ လေ့လာဝယ်ယူနေကြသည့် ကလေးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများနှင့် ပြိုင်ပွဲများအား လိုက်လံကြည့်ရှုသည်။

ယင်းနောက် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၏ တေးသီချင်းများ၊ အကအလှနှင့် တေးသရုပ်ဖော်သီဆိုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးကာ ကလေးစာပေပွဲတော်(ကျိုက်ထို) အောင်မြင်စွာကျင်းပနိုင်ရေး အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ကလေးစာပေပွဲတော်ကို နိုဝင်ဘာ ၁၀ ရက်မှစတင်၍ နှစ်ရက်ကြာ ကျင်းပခြင်းဖြစ်ပြီး စာပေဆွေးနွေးပွဲများ၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများ၊ အခြေခံပညာကျောင်းပြခန်းများ၊ စာအုပ်ပြခန်း၊ ကလေးစာဖတ်ခန်း၊ ကဗျာရွတ်ဆို၊ ဆေးရောင်ခြယ်၊ ပုံပြော၊ ကျပန်းစကားပြော၊ ကာတွန်း၊ ပန်းချီ၊ အရုပ်ဆက်ပြိုင်ပွဲများ၊ ပျော်ရွှင်စရာကလေးတို့ကမ္ဘာအစီအစဉ် ဂိမ်းကစားနည်းမျိုးစုံနှင့်အတူ စာအုပ်အရောင်းဆိုင်ခန်းပေါင်း ၄၀ ကျော်ခန့်တို့ဖြင့် ကျင်းပလျက်ရှိကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**

## ပန်းချီဆရာကြီး ၁၂ ဦး၏ ဂန္ထဝင်သစ်ပန်းချီပြပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကြီးမှူးကျင်းပသော ပန်းချီဆရာကြီး ၁၂ ဦး ရေးဆွဲထားသည့် ဂန္ထဝင်သစ်ပန်းချီပြပွဲ (New Classic Art Exhibition) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းတက်ရောက်၍ အမှာစကားပြောကြားသည်။

ဂန္ထဝင်သစ်ပန်းချီပြပွဲသည် အမျိုးသားပြတိုက်(ရန်ကုန်) ၏ ထူးခြားသောပန်းချီပြပွဲဖြစ်ပြီး မြန်မာနိုင်ငံရှိ ဝါရင့်၊ သမ္မာရင့် ပန်းချီပညာရှင်ကြီး ၁၂ ဦး၏ ပန်းချီလက်ရာများကို ဂုဏ်ပြုခင်းကျင်းပြသသည့် ပြပွဲဖြစ်ကြောင်း၊ အမျိုးသားပြတိုက်သည် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားဂုဏ်ဆောင် ပြတိုက်ကြီးဖြစ်ပြီး နိုင်ငံ၏မျက်နှာစာ အနုပညာလက်ရာမြောက်သော ပစ္စည်းများအား စုဆောင်းသိမ်းဆည်း မှတ်တမ်းတင်သုတေသနပြုကာ ခင်းကျင်းပြသပေးရာနေရာကြီးဖြစ်ကြောင်း၊ ယခုလိုပြပွဲများသည် ပြတိုက်နှင့် ပြည်သူလူထုကို ဆက်သွယ်တံတားထိုးပေးခြင်းဖြစ်ပြီး ပန်းချီလက်ရာမွန်များ နိုင်ငံတော်အဆင့်စုဆောင်းမှုများ ပြုလုပ်နိုင်အောင် ပြတိုက်တာဝန်ရှိသူများနှင့် ပန်းချီပညာရှင်ကြီးများက ဝိုင်းဝန်းကြိုးပမ်းကြရန်လိုကြောင်း ဒုတိယဝန်ကြီးက အခမ်းအနားတွင် ပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ပန်းချီပြပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် အကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့ပြီး အမျိုးသားပြတိုက်(ရန်ကုန်)သို့ ပန်းချီကားများ ခင်းကျင်းပြသနိုင်ရန် ပေးပို့ခဲ့ကြသည့် ပန်းချီဆရာကြီး ၁၂ ဦးနှင့် အများပြည်သူ လေ့လာကြည့်ရှုနိုင်စေရန် ပန်းချီကားများလှူဒါန်းခဲ့ကြသည့် ပန်းချီဆရာကြီးများအား ဒုတိယဝန်ကြီး ဦးကြည်မင်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်၍ ပြသထားသော ပန်းချီကားများအား လိုက်လံကြည့်ရှုခဲ့သည်။

အဆိုပါ ပန်းချီပြပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်ထိ ရက်သတ္တတစ်ပတ်ကြာ ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ပြသသွားမည်ဖြစ်ပြီး ယင်းပြပွဲတွင် လူမှုဘဝသရုပ်ဖော်၊ ကျေးလက်သဘာဝသရုပ်ဖော်၊ ပုံတူပန်းချီနှင့် မြန်မာ့အနုပညာလက်ရာ စသည့်သရုပ်ဖော်ပန်းချီကားပေါင်း ၇၁ ကားကို ပန်းချီပညာရှင်ကြီး ၁၂ ဦးတို့က ဆီဆေး၊ အက်ခရိုင်းလစ်ဖြင့် ရေးဆွဲ၍ ပြသထားကြောင်း သိရသည်။

ပန်းချီပြပွဲ ကျင်းပရခြင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ပြုလုပ်ခဲ့သော ပြတိုက်လှုပ်ရှားမှု ပန်းချီပြပွဲတွင် ပန်းချီကားများကို ပါဝင်ပြသ လှူဒါန်းခဲ့ကြသည့် ပန်းချီဆရာကြီးများကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်ပြီး ပန်းချီပြပွဲများကို သုံးသုတ်ခွဲ၍ ကျင်းပပေးသွားမည်ဖြစ်ရာ ယခုပြသသည့်ပွဲတွင် ပန်းချီဆရာ ၁၂ ဦး၏ ဆီဆေး၊ အက်ခရိုင်းလစ်ဖြင့် ရေးဆွဲထားသော ပန်းချီကားများ၊ ဒီဇင်ဘာလတွင် ပြုလုပ်မည့်ပွဲတွင် ပန်းချီဆရာ ၁၁ ဦး၏ ရေဆေးဖြင့် ရေးဆွဲထားသော ပန်းချီကားများနှင့် လာမည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်မည့်ပွဲတွင် ပန်းချီဆရာ ၁၆ ဦး၏ ခေတ်ပြိုင်ပန်းချီကားများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြသသည့် ပန်းချီကားများကို ရေးဆွဲသည့် ပန်းချီဆရာကြီး ၁၂ ဦးမှာ ဦးသက်ညွှန့်၊ Roxy ဦးတင်ဦး၊ ဒေါက်တာဦးလွန်းကြွယ်၊ ဦးမြဟန်၊ စတားမြသန်း၊ ဦးလှတင်ထွန်း၊ ဦးစောလှိုင်၊ ကြီးမြင့်စော၊ မောင်ကျော်ညွှန့်၊ အလက်ာကျော်စွာပန်းချီစိုးမိုး၊ ဦးအောင်မြင့်နှင့် ဦးကျော်သောင်း စသည့်ပန်းချီဆရာကြီးများ ဖြစ်ကြပြီး ပန်းချီပြပွဲသို့ ပန်းချီချစ်မြတ်နိုးသူဝါသနာရှင်များနှင့် ကလေးများ လာရောက်လေ့လာခဲ့ကြသည်။

**အေးမင်းသူ**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ် ဆွီဒင်နိုင်ငံ သံရုံးမှ သံမှူးကြီး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ



**ဟားခါး နိုဝင်ဘာ ၁၁**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံရုံးမှ သံမှူးကြီး Mr. Johan Hallenborg ဦးဆောင်သောအဖွဲ့အား နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် သံမှူးကြီး Mr. Johan Hallenborg တို့သည် ချင်းပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**

## တာချီလိတ်မြို့၌ အာခါရိုးရာ ခါးထောင်းဖားပွဲတော် ကျင်းပမည်



**တာချီလိတ် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် (၁၁) ကြိမ်မြောက် အာခါရိုးရာ "ခါးထောင်းဖား" ပွဲတော်ကို ဒီဇင်ဘာ ၁၀ ရက်တွင် ရှမ်းရိုးမကွင်း၌ စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး အာခါရိုးရာအဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ ရောင်းချပေးမည့်အပြင် အာခါတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ပြခန်းလည်း ဖွင့်လှစ်ပြသပေးထားမည်ဖြစ်ကာ အိမ်နီးချင်း ထိုင်း၊ လာအို၊ တရုတ်နိုင်ငံက အာခါတိုင်းရင်းသားများလည်း ပျော်ရွှင်စွာ လာရောက်ပူးပေါင်းဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(မြန်/ဆက်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

# မိတ္ထီလာတွင် (၂၆) ကြိမ်မြောက် မီးကြာမျှောပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**မိတ္ထီလာ နိုဝင်ဘာ ၁၁**
မိတ္ထီလာတွင် အန္တကူမိုးကောင်းဆုတောင်းပြည့် ရေလယ်စေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၂၆) ကြိမ်မြောက်မီးကြာမျှောပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၃ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မီးကြာမျှောလိုသူများအနေနဲ့ မီးကြာခွက်များကို ကိုယ်တိုင်မျှောချင်တဲ့သူအတွက်လည်း မီးကြာခွက်များကို ပုံမှန်နှစ်များအတိုင်းရောင်းချပေးသွားမှာဖြစ်ပြီး မီးကြာခွက်ကြီးပေါ်တင်ပြီးတော့ မျှောပေးစေချင်ရင်လည်း ကိုယ်စားမျှောပေးမှာဖြစ်ပါတယ်။ မိတ္ထီလာကန်အတွင်းမှာ မီးကြာမျှောပွဲကို မိတ္ထီလာဒေသခံတွေအပြင် ခရိုင်အတွင်းက ဝမ်းတွင်း၊ သာစည်၊ မလှိုင်မြို့နယ်တွေဘက်ကလည်း လာရောက်ပါဝင်ဆင်နွှဲတာမျိုးရှိပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့လိုရက်မျိုးမှာတော့ မိတ္ထီလာကန်အနီးမှာ မီးကြာမျှောသူတွေနဲ့ နှစ်စဉ် စည်ကားများပြားတတ်ပါတယ်"ဟု မီးကြာမျှောပွဲစီစဉ်ကျင်းပသည့် အန္တကူမိုးကောင်းဆုတောင်းပြည့် ရေလယ်စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မိတ္ထီလာတွင် တန်ဆောင်မုန်းလ၌ ရွှေမြင်တင်စေတီတော်၊ ဖောင်တော်ဦးစေတီတော်၊ ရွှေစောလူးစေတီတော်၊ ဓမ္မသုခရွှေစည်းခုံစေတီတော်၊ မြစည်းခုံစေတီတော် စသည့်ဘုရားစေတီတော်များတွင် ဆီမီးထွန်းညှိပူဇော်ခြင်း၊ မယ်ဇလီဖူးသုပ်များကျွေးမွေးဧည့်ခံခြင်း၊ မဟာပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ခြင်းများကို ပြုလုပ်ကြသည်။ ယခုနှစ်တွင် ထီးသုံးဆင့်၊ ရွှေမြင်၊ လေးမျက်နှာဘုရားဂေါပကအဖွဲ့မှကြီးမှူးကျင်းပသည့် (၃၃) ကြိမ်မြောက် မြန်မာ့ရိုးရာဝက်ပါပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး နဂါးရုံမဟာဗောဓိစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၄၆) ကြိမ်မြောက် မသိုးသင်္ကန်းပြိုင်ရက်ပူဇော်ပွဲနှင့် ဆွမ်းသပိတ်လောင်းလှူပွဲကိုလည်း ကျင်းပမည်ဖြစ်ရာ ၎င်းပွဲတော်များနှင့်အတူ (၂၆) ကြိမ်မြောက် မီးကြာမျှောပွဲတော်တွင်လည်း မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

# အိမ်မဲ၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**အိမ်မဲ နိုဝင်ဘာ ၁၁**
ပြည်ထောင်စုအဆင့် ကရင်ရိုးရာကောက်သစ်စားပွဲတော်နှင့် ဧရာဝတီတိုင်းဒေသကြီး ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီက အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံအား အလေးပြုခဲ့ပြီး သဘာပတိ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျဲ့မိုးမြတ်မြတ်သူက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းကော်မတီများအား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ထို့နောက်အိမ်မဲမြို့နယ် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းသူတို့က အားပေးစကားအသီးသီး ပြောကြားခဲ့သည်။



ပြည်ထောင်စုအဆင့် ကရင်ရိုးရာကောက်သစ်စားပွဲတော်ကို ဒီဇင်ဘာ ၂၈ ရက်နှင့် ဧရာဝတီတိုင်းဒေသကြီး ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၂၀ ရက်မှစ၍ အားကစားပွဲများ စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်သစ်ကူးပွဲတော်ရက်များတွင် သက်ကြီးပူဇော်ပွဲ လက်ဖွဲ့ပွဲ၊ ခေတ်အဆက်ဆက် ကရင်အမျိုးသား ဝတ်စုံပြခန်း၊ ကရင်တိုင်းရင်းသားအသုံးအဆောင်ပြခန်း၊ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ ထူးချွန်ကျောင်းသားကျောင်းသူများ ဆုချီးမြှင့်ပွဲများ၊ဒုံးယိမ်းအကပြိုင်ပွဲများ၊ ဖျော်ဖြေရေးပွဲများ၊ ကရင်ဇာတ်များဖြင့် စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပေါက်ချောင်းပျံကျဈေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းပြီးစီး

**မိတ္ထီလာ နိုဝင်ဘာ ၁၁**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပေါက်ချောင်း ပျံကျဈေးအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ဈေးသည်များအား ပြန်လည်နေရာချထားနိုင်ရေးအတွက် ပျံကျဈေးအတွင်း ရောင်းချလျက်ရှိသည့် ကုန်ခြောက်ရောင်းချသူ ၆၃ ဦး၊ ကုန်စိမ်းရောင်းချသူ ၇၉ ဦး၊ ပန်းသည် ၂၁ ဦး၊ စားသောက်ကုန်ရောင်းချသူ ၄၄ ဦး၊ စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချသူ ၁၈ ဦး၊ အထည်၊ ဖိနပ်ရောင်းချသူ ၁၃ ဦး၊ အသားငါးရောင်းချသူ ၆၆ ဦးနှင့် အိုးရောင်းချသူ တစ်ဦး စုစုပေါင်း ၃၀၅ ဦးအနက်မှ အုပ်စုအလိုက် နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်များတွင် ကန်တော်မင်္ဂလာခန်းမ၌ တွေ့ဆုံကာ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်နီလာဝင်း၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးခင်မောင်တင်တို့က ဆိုင်ခန်းများအား မဲစနစ်ဖြင့် ပြန်လည်နေရာချနိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။



မြို့နယ် စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကြိုင်က ပေါက်ချောင်းပျံကျဈေး ဈေးရုံအတွင်းမှ ဆိုင်ခန်းများမှာ တစ်ခန်းအလျား ၅ ပေ အနံ ၄ ပေ ၆ လက်မရှိပြီး ဈေးဆိုင်ခန်းပေါင်း ၃၀၅ ခန်း ဆောင်ရွက်ထားရှိ၍ ၎င်းဈေးအတွင်း ရောင်းချလျက်ရှိသည့် အသားငါးဆိုင်များ၊ ကုန်စိမ်းဆိုင်များ၊ ကုန်ခြောက်ဆိုင်များနှင့် စားသောက်ဆိုင်များ ရောထွေးခြင်းမရှိစေရေး ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့မှုအပေါ် ဈေးသည်များက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နေပြည်တော် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အခမဲ့ကွင်းဆင်းကုသပေး

**နေပြည်တော် နိုဝင်ဘာ ၁၁**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်) မှ ကျေးရွာများသို့ ကွင်းဆင်း၍ အခမဲ့ဆေးကုသခြင်းကို နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီက လယ်ဝေးမြို့နယ် ခရမ်းကိုင်းအုပ်စု ခရမ်းကိုင်းကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆေးကုသရာတွင် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်းတိုင်းရင်းဆေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူချိုက တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ တိုင်းရင်းဆေးမှူး ဦးစီးအရာရှိ ဦးလှိုင်ကျော်ဦးက ဥတုရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းအရာကိုလည်းကောင်း၊ တိုင်းရင်းဆေးမှူး ဦးစီးအရာရှိ ဒေါ်သင်းသင်းနှင့် ဒေါ်စန်းစန်းဝင်းတို့က တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းအရာနှင့် အရိုးအဆစ်နှင့်ပတ်သက်သော ရောဂါအကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ခရမ်းကိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆွေနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ ကူညီပံ့ပိုးမှုဖြင့် တိုင်းရင်းဆေးဝန်ထမ်း ၁၂ ဦးတို့က ဒေသခံများတွင် ဖြစ်ပေါ်လျက်ရှိသော အရိုးကျိုးပေါင်း၊ ထုံနာ၊ ကျင်နာ၊ ဒူးနာ၊ ခါးနာ၊ သွေးတိုး၊ လေငန်း၊ အာရုံကြောရောဂါ စသည့်ဝေဒနာရှင်များကို အခမဲ့စမ်းသပ်ကုသပေးပြီး ဆေးရုံတက်ရမည့်လူနာများကို ဆေးရုံသို့ ညွှန်ပို့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီး ရာဇသင်္ဂဟအိမ်ရာ ပတ္တာနယ်မြေရဲစခန်းအနီးတွင် တည်ရှိပြီး မည်သူမဆို အခမဲ့တက်ရောက်ကုသနိုင်ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**



# မုံရွာတွင် ဆောင်းကြက်သွန်စိုက်ပျိုးရေးလုပ်ငန်းများ စတင်လုပ်ဆောင်လျက်ရှိ

**မုံရွာ နိုဝင်ဘာ ၁၁**
ယခုနှစ်ဆောင်းရာသီတွင် စိုက်ပျိုးကြမည့် ကြက်သွန်နီသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ပျိုးထောင်ခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများကို စတင်လုပ်ဆောင်နေကြပြီဖြစ်ကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

"ဆောင်းကြက်သွန်နီကတော့ ကျွန်တော်တို့ဒေသမှာ အများဆုံးစိုက်တဲ့သီးနှံလို့ပြောလို့ရတယ်။ အခုနှစ်မှာလည်း အချိန်မီစိုက်နိုင်ဖို့ လုပ်ဆောင်နေကြပါပြီ။ အခုလလယ်လောက်ဆိုရင်တော့ စစိုက်ကြတော့မှာပါ။ ကျွန်တော်လည်း မနှစ်ကထက် စိုက်ဧကပိုပြီးတော့စိုက်ဖို့ လုပ်ဆောင်နေတယ်။ တစ်မြို့နယ်လုံး အနေအထားအရတော့ ဒီနှစ်မှာ စိုက်ဧကကတော့ မနှစ်ကထက်များလာနိုင်တဲ့အနေအထားတော့ရှိတယ်" ဟု မုံရွာမြို့နယ် မြေနဲကျေးရွာမှ ကြက်သွန်စိုက်တောင်သူ ဦးအောင်ထူးက ပြောသည်။

နှစ်စဉ်ဆောင်းရာသီတွင် ကြက်သွန်စိုက်ပျိုးရေးလုပ်ငန်းကို မုံရွာမြို့နယ်အတွင်းရှိကျေးရွာပေါင်း ၂၀ ကျော်တွင် စိုက်ပျိုးကြပြီး ထွက်ရှိသီးနှံများကို မုံရွာမြို့ရှိ ပွဲရုံများသို့လည်းကောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်းကောင်း တင်ပို့ရောင်းချကြောင်း သိရသည်။ **ဝင်းဦး(ဗေယျာတိုင်း)**



သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းထွန်းဦး နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး မူခင်းပြခန်းယာဉ်ဖြင့် သန်လျင်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ကျောင်းသား ကျောင်းသူ ၃၇၀ တို့အား မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းဆိုင်ရာများကို အသိပညာပေး ဟောပြောရှင်းလင်းခဲ့ကြောင်းသိရသည်။
**သက်ခိုင် (သန်လျင်)**



# ဘေဘုတ်ရဲ့ တစ်နှစ်တာရဲ့ အမျိုးသမီးအဖြစ် ဖော်ပြခံခဲ့ရတဲ့ အရီရန်နာဂရန်းဒ်

ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ကို ဘေဘုတ်က ယခုနှစ်ရဲ့ အမျိုးသမီးအဖြစ် ရွေးချယ်ဖော်ပြခဲ့ပါတယ်။ ဘေဘုတ်မဂ္ဂဇင်းက ၂၀၁၈ ခုနှစ်ရဲ့ အမျိုးသမီးအဖြစ် အရီရန်နာဂရန်းဒ်ကို ရွေးချယ်ဖော်ပြခဲ့တာဖြစ်ပြီး လာမယ့်လအတွင်း ဘေဘုတ်က ပြုလုပ်သွားမယ့် ဆုပေးပွဲမှာ အရီရန်နာဂရန်းဒ်ကို ဂုဏ်ပြုဆုပေးအပ်သွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အရီရန်နာဂရန်းဒ်ကို ရွေးချယ်ဖြစ်ခဲ့တဲ့အကြောင်းအရင်းနဲ့ပတ်သက်ပြီး ဘေဘုတ်ရဲ့ ဒုတိယဥက္ကဋ္ဌက အရီရန်နာဂရန်းဒ်ဟာ သူ့ရဲ့ တေးသီချင်းတွေကို ကိုယ်ပိုင်ဟန်နဲ့ ဖန်တီးသီဆိုလေ့ရှိပြီး သူ့ရဲ့ ဂီတလမ်းကြောင်းပေါ်က ဘယ်သောအခါမှ လွဲချော်သွားလေ့မရှိတာကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် အရီရန်နာဂရန်းဒ်ဟာ သူ့ရဲ့ အနုပညာသက်တမ်းတစ်လျှောက် အကောင်းဆုံးတေးသီချင်းတွေကို ဖန်တီးခဲ့သူဖြစ်တာကြောင့် ယခုနှစ်ရဲ့ အမျိုးသမီးဆိုတဲ့ဂုဏ်ပုဒ်နဲ့ ထိုက်တန်ကြောင်း ပြောခဲ့တယ်လို့ သိရပါတယ်။

ဒီလိုဂုဏ်ပြုခံရတာနဲ့ပတ်သက်ပြီး အရီရန်နာဂရန်းဒ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၆ ရက်က ကျေးဇူးတင်မိကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ အရီရန်နာဂရန်းဟာ ပြီးခဲ့တဲ့ မတ်လအတွင်း တေးအယ်လ်ဘမ်သစ် “Sweetener”ကို ထုတ်လွှင့်ခဲ့ပြီး ဘေဘုတ်ရဲ့ တေးဂီတဇယားမှာ ထိပ်ဆုံးကနေ နေရာရခဲ့ပါတယ်။ မကြာသေးမီကလည်း သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ် “Thank You, Next”ကို ထုတ်လွှင့်ခဲ့ပြီး ဒီတေးသီချင်းမှာတော့ သူ့ရဲ့ အချစ်ဟောင်းတွေအကြောင်း ရေးသားထားတာဖြစ်တယ်လို့ သိရပါတယ်။ မကြာသေးမီကမှ  လမ်းခွဲခဲ့ကြတဲ့ မက်ခ်မေလာ၊ ပီးထ်ဒေးဗစ်ဆန်တို့အကြောင်းတွေသာမက ဟိုးယခင်က လက်တွဲခဲ့ကြတဲ့ ချစ်သူတွေအကြောင်းလည်း ပါဝင်နေတာ တွေ့ရပါတယ်။

အရီရန်နာဂရန်းဒ်အတွက်တော့ ယခုနှစ်ဟာ ကြမ်းတမ်းတဲ့ နှစ်တစ်နှစ်ဖြစ်ပြီး မကြာသေးမီက ဝမ်းနည်းဖွယ်တွေနဲ့ ကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လအတွင်းမှာတော့ သူ့ရဲ့ချစ်သူဟောင်း မက်ခ်မေလာ ရုတ်တရက် ကွယ်လွန်ခဲ့ပြီး ဝေဖန်မှုတွေနဲ့ ကြုံခဲ့ရပါတယ်။ အဲဒီနောက် မကြာမီမှာပင် သူနဲ့စေ့စပ်ထားတဲ့ ချစ်သူ ပီးထ်ဒေးဗစ်ဆန်နဲ့ လမ်းခွဲခဲ့ပြန်ပါတယ်။ ဒီလို ကြုံတွေ့ခဲ့ရပြီးနောက်မှာတော့ ယခုနှစ်ရဲ့ အမျိုးသမီးအဖြစ် ဂုဏ်ပြုခံခဲ့ရတာဖြစ်ပါတယ်။ လာမယ့်  ဒီဇင်ဘာ ၈ ရက်မှာ နယူးယော့ခ်မှာ ပြုလုပ်သွားမယ့် “Women in Music dinner and award gala”မှာ အရီရန်နာဂရန်းဒ်ကို ဂုဏ်ပြုဆုပေးအပ်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် – စုစည်းသည်

# ကြော်ငြာသစ်ကို ရိုက်ကူးပေးခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်

နာမည်ကျော်အဝတ်အထည်အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ “Puma”ရဲ့ ပင်တိုင်ကြော်ငြာရှင်ဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ဟာ လတ်တလောမှာတော့ ကြော်ငြာသစ်ကို ရိုက်ကူးနေတာဖြစ်ကြောင်း မေးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆယ်လီနာဂိုမက်ဇ်ဟာ ပြီးခဲ့တဲ့လအတွင်း စိတ်ပိုင်းဆိုင်ရာပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး စိတ်ကျန်းမာရေးအတွက် ကုသမှုတွေ ခံယူနေရကြောင်း သတင်းတွေ ထွက်ခဲ့ပါတယ်။ လက်ရှိမှာတော့ ဆယ်လီနာဂိုမက်ဇ်ဟာ ပြန်လည်ကျန်းမာလာခဲ့ပြီဖြစ်ကာ အနုပညာလှုပ်ရှားမှုတွေ ပြန်လည်လုပ်ဆောင်လာတာဖြစ်တယ်လို့လည်း သိရပါတယ်။

ပေ့ါပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဟာ ချစ်သူဟောင်း ဂျက်စတင်ဘီဘာရဲ့ လက်ထပ်လိုက်တဲ့သတင်းနဲ့ပတ်သက်ပြီး စိတ်ထိခိုက်ခဲ့ရတာဖြစ်တယ်လို့လည်း ကောလာဟလတွေ ပေါ်ထွက်ခဲ့ပါတယ်။ သူဟာ စိတ်ဓာတ်ကျတာကို ခံစားနေရပြီး ကုသမှုတွေ ခံယူနေရကြောင်းလည်း ဆယ်လီနာဂိုမက်ဇ်က ပရိသတ်တွေကို သူ့ရဲ့ လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။



# ချစ်သူသစ်နဲ့ ဂျနီဖာဂါနာ



တစ်ချိန်က ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား ဘန်အက်ဖ်လက်နဲ့ မင်းသမီး ဂျနီဖာဂါနာတို့ဟာ လတ်တလောမှာတော့ အပြီးသတ်ကွာရှင်းပြတ်စဲမှုတွေ လုပ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ကွာရှင်းပြတ်စဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ထွက်ပေါ်လာပြီးနောက် မကြာမီမှာပင် မင်းသမီး ဂျနီဖာဂါနာကို ချစ်သူသစ်နဲ့တွဲကာ အများရှေ့ပေါ်ထွက်လာခဲ့တာကို တွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့မှာတော့ ဂျနီဖာဂါနာနဲ့ သူ့ရဲ့ ချစ်သူသစ် ဂျွန်မေလာတို့ကို အတူတွဲကာ တွေ့ခဲ့ရတာဖြစ်ပါတယ်။ ဒါကလည်း သူတို့နှစ်ဦးအတွက် အများရှေ့ အတူတွဲကာ ပထမဆုံးအကြိမ်အဖြစ် ပေါ်ထွက်လာခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။ သူတို့နှစ်ဦးဟာ လော့စ်အန်ဂျလိစ်မှာ ပြုလုပ်ခဲ့တဲ့ တေးဂီတဖျော်ဖြေပွဲကို အတူအားပေးကြည့်ရှုခဲ့ကြတာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ကြယ်ပွင့်စုံတွဲဟာ အတူတွဲကာ ဓာတ်ပုံရိုက်မခံရအောင် ရှောင်ရှားခဲ့တာကိုလည်း တွေ့ရပါတယ်။ ဖျော်ဖြေပွဲအပြီးမှာလည်း ဂျွန်မေလာက ဦးစွာထွက်ခွာခဲ့ပြီးနောက် ဂျနီဖာဂါနာကို ကားထဲကနေ စောင့်နေခဲ့တာဖြစ်တယ်လို့ မျက်မြင်သက်သေတွေက ပြောကြားခဲ့ပါတယ်။

ဂျွန်မေလာနဲ့ ဂျနီဖာဂါနာတို့ဟာ အတူရှိနေစဉ်မှာ အပြုံးတွေနဲ့ တွေ့ခဲ့ရတာကြောင့် သူတို့နှစ်ဦးအကြား ခိုင်မာတဲ့ ဆက်ဆံရေးမျိုးရှိနေပြီလားလို့ထင်စရာပါ။ ဒါပေမယ့် ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးဟာ အလွန်လေးနက်ခြင်းတော့ မရှိသေးကြောင်း သိရပါတယ်။

ဂျနီဖာဂါနာဟာ ခင်ပွန်းဟောင်းဖြစ်သူ မင်းသား ဘန်အက်ဖ်လက်ခ်နဲ့ ရင်သွေးလေး သုံးဦး ရရှိခဲ့ပြီး ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာတော့ အဆိုပါ ကြယ်ပွင့်စုံတွဲဟာ ကွာရှင်းပြတ်စဲကြောင်း စာချုပ်မှာ အပြီးသတ် လက်မှတ်ရေးထိုးခဲ့ကြတာ ဖြစ်ပါတယ်။ ကလေးတွေ စောင့်ရှောက်ခွင့်နဲ့ပတ်သက်ပြီး နှစ်ဦးအတူ ပူးပေါင်းစောင့်ရှောက်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

သူတို့နှစ်ဦးစလုံးဟာ အသက် ၄၆ နှစ်အရွယ်ရှိပြီဖြစ်ကာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း နှစ်ဦးသား လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ တရားဝင်ကွာရှင်းပြတ်စဲဖို့ရာ ဆောင်ရွက်ခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

# အသက် ၄၄ နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ လီယိုနာဒိုဒီကာပရီယို



ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ လီယိုနာဒိုဒီကာပရီယိုဟာ လတ်တလောမှာတော့ အသက် ၄၄ နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သူ့ရဲ့မွေးနေ့ပါတီကိုလည်း ဟောလိဝုဒ်နာမည်ကျော်တွေ အများအပြားတက်ရောက်ခဲ့တာကိုတွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီယိုနာဒိုဒီကာပရီယိုဟာ တနင်္ဂနွေနေ့က အသက် ၄၄ နှစ်ပြည့်ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့သောကြာနေ့မှာတော့ သူနဲ့လုပ်ဖော်ကိုင်ဖက် ကြယ်ပွင့်တွေအတွက် သီးသန့်မွေးနေ့ပါတီတစ်ခုပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒီပွဲကိုတော့ အနုပညာရှင်ပေါင်း ၅၀၀ ခန့်ကို ဖိတ်ကြားခဲ့တာဖြစ်ပြီး ဧည့်သည် ၅၀ ခန့်ကိုတော့ မွေးနေ့ညစာနဲ့ သီးခြားဧည့်ခံခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ လတ်တလောပြုလုပ်ခဲ့တဲ့ လီယိုနာဒိုဒီကာပရီယိုရဲ့ မွေးနေ့ပါတီကို တက်ရောက်လာခဲ့ကြသူတွေထဲမှာ နာမည်ကျော်မင်းသမီး ဂျနီဖာအန်နစ်စတန်၊ အဲလက်ဇ်ဒရီးဂွက်ဇ်၊ တေးသံရှင်တွေဖြစ်ကြတဲ့ ရီတာအော်ရာ၊ အက်ဖ်ကေအေတွစ်၊ ဂျီအီးဇီးတို့ ပါဝင်နေတာကိုလည်း တွေ့ရပါတယ်။ ယမန်နှစ်က ပြုလုပ်ခဲ့တဲ့ ကြယ်ပွင့်တွေအတွက် မွေးနေ့ပါတီမှာတော့ မင်းသား ရောဘတ်ပတ်တီဆန်နဲ့ တေးသံရှင် သယ်ဝိခ်ကန်းဒ်တို့ တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။



# တေးသီချင်းသစ်အတွက် ဓာတ်ပုံကို ထုတ်ဖော်ပြသလာတဲ့ Red Velvet

ယခုလအတွင်း ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရှိနေတဲ့ တောင်ကိုရီးယားတေးဂီတအဖွဲ့တွေအနက် တစ်ဖွဲ့အပါအဝင်ဖြစ်တဲ့ “Red Velvet”ဟာ လတ်တလောမှာတော့ တေးသီချင်းသစ်အတွက် ဓာတ်ပုံကို ထုတ်ဖော်ပြသခဲ့ကြောင်း အောလကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“Red Velvet”ရဲ့ အစမ်းဓာတ်ပုံမှာတော့ အဖွဲ့ဝင်တွေဟာ တိရစ္ဆာန်တစ်ကောင်ရဲ့ ခံတွင်းဝမှာ ရောက်ရှိနေတာ တွေ့ရပါတယ်။ အဖွဲ့ဟာ နိုဝင်ဘာလအတွင်း ငါးခုမြောက် မီနီတေးအယ်လ်ဘမ် “RBB (Really Bad Boy)”နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ အဖွဲ့ရဲ့ အေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်ရဲ့ ပြောကြားချက်အရ လာမယ့် နိုဝင်ဘာ ၃၀ ရက်မှာ “Red Velvet”ရဲ့ တေးအယ်လ်ဘမ်သစ် “RBB (Really Bad Boy)”ကို စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း သိရပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်မှာတော့ တေးသီချင်းသစ် စုစုပေါင်း ခြောက်ပုဒ်ပါဝင်နေပါတယ်။ ဒီတေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေးဖြစ်တဲ့ “RBB (Really Bad Boy)”ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ထုတ်လွှင့်ခဲ့တဲ့ အဖွဲ့ရဲ့ တေးသီချင်းသစ် “Bad Boy”ရဲ့ နောက်ဆက်တွဲ တေးသီချင်းလည်း ဖြစ်တယ်လို့ သိရပါတယ်။

## မင်္ဂလာလက်မှတ်ရေးထိုးပြီးစီးခြင်း

စင်ကာပူနိုင်ငံနေ MR.CHARLES CHOU SHEW HOONG နှင့်
MRS GAN LAN CHOON တို့၏ သားကြီး
**MR.SAMUEL CHOU ZI HAN (BE Mechanical NTU)**
**Executive Engineer Land Transport Authority**
နှင့်
ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးမောင်မောင်မြတ်စိုး-ဒေါ်စုစုကြည်တို့၏
သမီးကြီး
**မအိသွယ်သွယ်နှင်း @SHERLYN (Bachelor of Information Technology) UOW.SIM.(Senior System Analyst iSwitch Pte.,Ltd.)**
တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ ၂၇-၉-၂၀၁၈ရက် (ကြာသပတေးနေ့)
တွင် စင်ကာပူနိုင်ငံတရားရုံး၌ မင်္ဂလာလက်မှတ်ရေးထိုးပြီးစီးပြီးဖြစ်ပါကြောင်း။
**နှစ်ဖက်မိဘများနှင့်**
**MR.SAMUEL CHOU ZI HAN-မအိသွယ်သွယ်နှင်း**

## STAR ACADEMY | INTERNATIONAL BAKERY & PASTRY COURSE



* ပြည်တွင်း၊ ပြည်ပ ဟိုတယ်ကြီးများနှင့် ကိုယ်ပိုင်ဆိုင်ဖွင့်လှစ်လိုသူများအတွက် နိုင်ငံတကာမှန်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်းဖြစ်သည်။
* သင်တန်းကာလ တစ်လျှောက်လုံးတွင် စာတွေ့သာမက လက်တွေ့ကိုပိုမို သင်ကြားရမှာဖြစ်ပါသည်။

STAR ACADEMY တွင် သင်ကြားပေးနေသော တချို့သောမုန့်များမှာ

| | | | | |
|---|---|---|---|---|
| Breads | Puff | Pudding | Eclir | Soft Roll |
| Cakes | Danish | Jelly | Dough Nut | Hard Roll |
| Cookies | Croissant | Cream Puff | Cheese Cake | Focaccia |

လျှောက်လွှာပိတ်ရက် - (26.11.2018)
လူဦးရေ ကန့်သတ်ထားပါသည်။
Saturday & Sunday တန်းခွဲ သစ်များ စတင်လက်ခံနေပါပြီ။
ENROLL NOW : 09 79 700 4988, 01 523 200
Contact us @ အမှတ်(၂၆၇)၊ အခန်း(၂၀၂)၊ ပြည်လမ်း (ဒဂုံစင်တာ ၂ ရှေ့)၊ စမ်းချောင်း။
Visit us @ https://www.facebook.com/sracademy.edu/

## ဝက်ခြံဘယ်လောက်ဆိုးဆိုး ကုလို့ရပါသလား

**ကုလို့ရပါတယ်**

အရေပြားအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။

**မြင့် အင် ဆန်း** အရေပြားနှင့် အလှအပဆေးခန်း

အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊
(အမေရိကန်ဗီဇာရုံးမျက်မှန်ဆိုင်နှင့်မျက်နှာချင်းဆိုင်)၊ ရန်ကုန်၊ ဖုန်း-၃၀၂၂၄၇၊ ၂၅၆၀၄၅

ကိုမောင်ဇော် + မနီ (အိမ်ခြံမြေ ရောင်း/ဝယ်ရေး)
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း)
မြေကွက်များ ဝယ်လိုသည်။
အိမ်အရောက်ငွေချေပေးပါသည်။ ပွဲခပေးရန်မလိုပါ။
၀၉၄၀၀၅၀၀၈၃၄၊ ၀၉ ၄၅၀၄၅၀၈၃၄

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ဝေါမြို့၊အေးချမ်းသာယာရပ်ကွက်နေ ဦးစိုးနိုင်-ဒေါ်စန်းစန်းထွေးတို့၏သမီး(အထက ဝေါကျောင်း) ပထမတန်းမှ မယွန်းနဒီနိုင်အမည်အား မလမင်းအိမ်ဟု ပြောင်းလဲခေါ်ပါရန်။ **မလမင်းအိမ်**

ကြယ်စင်အောင်
90000
50000
09-451301117, 09-455557873

### ရောင်းမည်။ ငှားမည်။ ဝယ်မည်။

၁။ ဗဟန်း မြေ ပေ(100x100) RC 2 (ရောင်း)
၂။ ဗဟန်း မြေ (0-5ဧက) RC 2 (ရောင်း)
၃။ ဗဟန်း မြေ ပေ(50x70) RC 2 (ရောင်း)
၄။ ကမ္ဘာအေးဘုရားလမ်းသွယ်မြေ
ပေ(60x140) RC 1 (ရောင်း)
၅။ လှိုင်၊ ပြည်လမ်းသွယ် ပေ(90x170) RC 2 (ငှား)
S.K.M Tel - 09-400-500-684
- 09-444-555-684

## YGN အိမ်ခြံမြေအကျိုးဆောင်မှ

EUROPE နှင့် AMERICA နိုင်ငံခြားသားများနေထိုင်ရန် အဆင့်မြင့် ပြင်ဆင်ပြီး အသင့်နေ Condo နှင့်လုံးချင်းကောင်းများငှားရန် လိုပါက ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်အပ်နှံနိုင်ပါသည်။
US Dollar 1,500 မှ 9,000 အတွင်းအမြန်ငှားရမ်းလိုပါသည်။
ရွှေတောင်ကြားရပ်ကွက်၊ ရန်ကင်း၊ ဗဟန်း၊ စမ်းချောင်း၊ ကမာရွတ်နှင့် မရမ်းကုန်းမြို့နယ်များအတွင်းသီးသန့်သာ
09-262626177, 09-779933549




သင့်အတွက် ထူးခြားသစ်လွင်တဲ့

JZU
You deserve more.

အတိုးနှုန်း ၃%(p.a.) အပြင်
အပ်ငွေ ၂ ဆ ရရှိနိုင်မယ့်
အခွင့်အရေး*

Email: info@yomabank.com | www.yomabank.com

YOMA BANK
The Responsible Bank.


သစ် တော မှန် လျှင် အ သုံး ဝင်၊ အ စဉ် ထာ ဝ ရ ထိန်း သိမ်း ကြ

HTOO GROUP
OF COMPANIES

ISO 9001:2015 Cert. No.709654

FNI

CERTIFIED ISO 9001:2015 COMPANY

# "အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း"

ထူးကုမ္ပဏီများအုပ်စုဝင်

**ပထမအမျိုးသားအာမခံ FIRST NATIONAL INSURANCE (FNI)** သည်

နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသော အာမခံအဖွဲ့အစည်းအဖြစ်

**ISO 9001:2015** ***(Provision of Life and Non-Life Insurance Services)*** လက်မှတ်အား

**မြန်မာနိုင်ငံတွင် ပထမဆုံး** ပေးအပ်ချီးမြှင့်ခြင်းခံရပါသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း...

**FNI** အနေဖြင့် အာမခံထားရှိသည့် ပြည်သူအများကို နိုင်ငံတကာအဆင့်မီ

အာမခံစနစ်နှင့်အညီ ကူညီစောင့်ရှောက်ရာတွင် ထူးခြားပြောင်မြောက်စွာ

အောင်ပန်းဆင်နိုင်ပါစေကြောင်း ထပ်လောင်း၍ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

"ထူးကုမ္ပဏီများအုပ်စု"

Htoo Foundation
our environment • our value • our culture

AGDBANK

HTOO PETROL

MYANMAR INTERNATIONAL AGRO PRODUCTION GROUP

HTOO TRADING CO.LTD

HTOO INTERIOR

HTOO CONSTRUCTION DEVELOPMENT GROUP CO., LTD

Myanmar Treasure Resorts

MAA
MYANMAR AVIATION ACADEMY

YUFC 2009

HTOO ZOOS & GARDENS BUSINESS UNIT

Bagan Entertainment

FM Bagan

BLUE DIAMOND CEMENT

Espace Café & Bar

APEX Gourmet
fine food & beverage

ဒါန ဗုဒ္ဓလာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ

ဘီနီ | ဗုဒ် | ဓတော | ဒေဝူဇီ | ဆောင်း | နိ

အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၅ ရက်) 700 USD + ၂၀၀၀၀ဝိ /-
ထွက်ခွာမည့်နေ့ရက်များ နိုဝင်ဘာ ၄၊ ၁၂၊ ၁၈၊ ၂၅၊ ဒီဇင်ဘာ ၁၀၊ ၂၃၊ ဇန်နဝါရီ ၆၊ ၁၃၊ ၂၀၊ ဖေဖော်ဝါရီ ၁၊ ၃၊ ၁၀၊ ၁၇၊ ၂၄၊ မတ် ၃၊ ၁၀၊ ၁၇၊ ၂၄၊ ၃၁၊ ဧပြီ ၇ (သင်္ကြန်ပိတ်ရက်ခရီး)။
အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၈ ရက်) 600 USD + ၁၅၀၀၀ဝိ /-
ထွက်ခွာမည့်နေ့ရက်များ ဧပြီ ၁၄ (သင်္ကြန်ပိတ်ရက်ခရီး)။
သီရိလင်္ကာ / ထိုင်း ဘုရားဖူးခရီးစဉ် (ဟိုတယ် တည်း / စား) (၇ ရက်) 1350 USD
မိသားစုနှင့်အဖွဲ့အစည်း သီးသန့် ဟိုတယ်ခရီးစဉ်အဖြစ် သွားရောက်လိုပါက စိတ်တိုင်းကျညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပါသည်။
(သက်တမ်းရှိနိုင်ငံကူးလက်မှတ် လက်ဝယ်ကိုင်ဆောင်ထားသူများကို အထောက်အထားများအတိုင်း ပို့ဆောင်ပေးပါသည်။)

■ ဒါနဗုဒ္ဓဝထာ ဘုရားဖူးအဖွဲ့ – တိုက် ၂၅၊ အခန်း – ၃၀၃၊ တာထပ်၊ ပုဇွန်တောင်ဈေးရေတာလမ်း၊ ဗိုလ်ချုပ်လမ်း၊ စမ်းချောင်း၊ ရန်ကုန်။ ဖုန်း – ၅၃၆၃၄၈၊ ၅၃၇၇၀၇၊ ၅၃၇၇၀၈၊ ၀၉ ၅၀၀ ၁၇၆၃၊ ၀၉ ၅၀၁၃၇၂၅၊ ၀၉ ၂၅၆၁၇၄၄၁၄၊ ၀၉ ၂၅၆၃၁၈၈၄၃၊ ၀၉ ၅၁၆ ၄၆၆၄
■ မန္တလေးရုံးခွဲ – အမှတ် (1-6) မြေညီထပ်၊ ရတနာမန္တလေးအိမ်ရာ၊ ၆၀ လမ်း၊ ၃၁ × ၃၂ လမ်းကြား၊ မြေသိကြီးမျက်ရှင်ရပ်၊ ချမ်းအေးသာစံ၊ မန္တလေး။ ၀၉ ၄၀ ၂၆၄ ၈၉၈၉ ၊ ၀၉ ၅၃၀၀ ၃၀၅

ခေတ်ရွှေဆောင်
09 449250191
09 773337137
09 953999938
Nov-20
Dec-21
ဟိုက်ပါရေတံခွန်တောင်ကြီးအင်းလေးပင်းတယလှိုင်ကော် (၅)ရက်ခရီး (၁,၃)သိန်း
ဟိုက်ပါတောင်ကြီးအင်းလေးကျိုင်းတုံ-တာချီလိတ်-ချင်းရိုင်-ရွှေတြိဂံ-
ထားဝယ်ရှင်ကိုရှင်းမောင်းမကန်မြိတ်မထော်ကော့သောင်း
ရနောင်းသုဝေးကျွန်းဒေါ်ရှိခန်ပုရကျွတ်ကမ်းခြေ-(၉)ရက်

ပါရမီရှင်
09-260004599, 760140831
တောင်ကြီး-အင်းလေး-ပင်းတယ-ကုံလုံ
မှော်ကဏ္ဍ-ထမ်းစင်လိုက်ရ-လှိုင်ကော်။
ထမင်းကျွေး – ၇၀၀၀၀ဝိ / –
Nov-20 (5) ရက်ခရီး

ဗိုလ်မင်းထက်ခေတ္တ ၏ တန်ဆောင်တိုင်အထူးခရီးစဉ်များ
◇ မြိုင်ကြီးငူဆရာတော်ဘုရားနှင့် ကျိုက်ထီးရိုး ဘားအံ 30000
◇ မြစ်ကြီးနား၊ မြစ်ဆုံ၊ အင်းတော်ကြီး၊ ဇလွံတောင်၊ ရွှေဘို၊ မိုးကုတ် 120000
◇ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်းစင်၊ လှိုင်ကော်၊ ထီးစံ့ 65000
◇ ထားဝယ်ရှင်ကိုရှင်၊ မောင်းမကန်ကမ်းခြေ၊ မြိတ်၊ မထော် 80000
◇ မြဝတီ၊ မဲဆောက်၊ ဖဒေါ၊ သံလိုက်တောင်၊ ဘားအံ (၅)ရက် 35000 Nov 16,20,23,30
09-450666544,09-777712808,09-777717320,09-767676340

Asia Dragon အာရှနဂါး
❖ ကျိုက်ထီးရိုး တောင်ကြီး၊ အင်းလေး၊ ပင်းတယ မန္တလေး၊ ပြင်ဦးလွင်
❖ ချောင်းသာ ပုဂံ၊ ပုပ္ပါး မန္တလေး၊ ဖားကန့်၊ အင်းဝ
❖ ငွေဆောင် မြဝတီ၊ မဲဆောက်၊ ဘားအံ
01 707062, 09 799 100 100, 09 300 300 30

ရခိုင်ဘုရားဖူးသီးသန့် ကောင်းထက်စံနှင့်အဖွဲ့ 21-11-2018
220000/150000
Ph:09448003431,0949660481

ရွှေခင်းသာ FULLY AIR-CON (Nov 19 ထွက်မည်)
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ (၄)ရက် 45000
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ ကျောက်ဆည် (၄)ရက် 45000
ထားဝယ် (ရှင်ကိုရှင်)၊ မောင်းမကန်၊ မြိတ်၊ ကျိုက္ကမီ (၆)ရက် 90000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲ၊ လှိုင်ကော် (၅)ရက် 70000
Ph: 09-420046635, 09-772845260, 09-445328806

A-BEST TOUR December Promotion ခရီးစဉ်များ
Best
Korea Package
Seoul - Jeju - Nami
16-Dec (၈)ရက်(၇)ညခရီးစဉ်
23-Dec (၈)ရက်(၇)ညခရီးစဉ်
Europe
10-Dec
(5 Country) (၁၀)ရက်(၉)ညခရီးစဉ်
Taiwan (၆) ရက် (၅) ညခရီးစဉ်
25-Dec Taipei · Taichung · Kaohsuing
(Include Taichung World Flora Exposition)
Vietnam (၅)ရက်(၄)ညခရီးစဉ်
(Hanoi-Halong) 27-Dec
Bangkok (၅)ရက်(၄)ညခရီးစဉ်
(Pattaya) 26-Dec
ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အမှတ်/ ၁၀-၁၁၃၆
အမှတ်-295၊ အခန်း(5/5FG)၊ မြို့မကွန်ဒို၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ 09 767298800 ~ 33

GOLDEN EDEN®
SLEEP SOLUTIONS
စင်္ကာပူနိုင်ငံမှ တင်သွင်းသော အိပ်ခန်းသုံး ပစ္စည်းများ
Imported from Singapore
နိုဝင်ဘာတစ်လလုံး
PROMOTION
မန္တလေး ၊ မော်လမြိုင်
PRO1 Global
"One Place,Get All."
01 203671
01 205756
Kaday Myaing Co., Ltd
Authorized Sole Distributor in Myanmar
Bldg 31, Rm.no 5, Sabai St, Near Yuzana Plaza.
www.goldenedensleepsolutions.sg

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။
09 - 5059821
09 - 43117680

မြေကွက်များ ဝယ်လိုသည်
အုံ့ဆိပ်ကမ်း၊ အုံ့တောင်၊ အုံ့မြောက်၊ အုံ့အရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
09 400940041
09 260664490

ဂုဏ်ထူးဦးအောင်ခိုင်
2019
ENGLISH QUESTION 5 SETS
၂၀၁၉ တက္ကသိုလ်ဝင် အင်္ဂလိပ်စာ
မေးခွန်းတည်ဆောက်ပုံ အတိအကျ
အမှတ်ပေးစည်းမျဉ်း အသေးစိတ်
နမူနာမေးခွန်းနှင့် အဖြေအပြည့်အစုံ
ထွက်ပြီ
၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ ၀၁ ၂၅၂၉၁၉ ၊ ၀၉ ၉၆၄၂၅၂၉၁၉




smart
FREE
smart အချင်းချင်း
ငွေပေးပို့မှုများအတွက် ဝန်ဆောင်ခ အခမဲ့
ATM
MPU logo ပါ ATM စက်တိုင်းမှာ
ဝန်ဆောင်ခ အခမဲ့
smart နဲ့ Mobile Banking မှတစ်ဆင့်
ဖုန်းဘေလ်ဖြည့်လျှင် ၄% discount
smart နဲ့ ဘယ် Wave Money
အကောင့်ကိုမဆို ငွေလွှဲခ အခမဲ့
MPU logo ပါ POS စက်တိုင်းမှာ
ဝန်ဆောင်ခ အခမဲ့
smart အကောင့်ကို
အွန်လိုင်းပေါ်မှတစ်ဆင့် လျှောက်ထားပြီး
မြန်မာတစ်နိုင်ငံ တစ်ဝန်းလုံးရှိ ရိုးမဘဏ်ခွဲများတွင်
smart MPU Debit Card ကို
သွားရောက်ထုတ်ယူနိုင်ပါပြီ။
အောက်ပါ QR ကို Scan လုပ်ပြီး smart ကို
အွန်လိုင်းမှ အခုပဲ လျှောက်ထားလိုက်ပါ။
applysmart.yomabank.com
YOMA BANK
CALL
CENTER
9662 (သို့မဟုတ်)
097-9662-9662
YOMA BANK
The Responsible Bank.

ဂလသာရွှေပြည် ဗုဒ္ဓဂယာ-သီရိလင်္ကာဘုရားဖူးအဖွဲ့
ဒေါ်ဝင်းဝင်းမွေးနေ့ကုသိုလ် $ 700 + 1 သိန်း
Dec-15,Jan-5 (15)ရက်ခရီး ကုသိုလ်ယူပို့ဆောင်ပေးပါမည်။
သီရိလင်္ကာ(7)ရက်ခရီးစဉ်- Dec -1,23 (Hotel) $ 1350
အမှတ်(၂၀)၊၁၀-လမ်း(လယ်)၊လမ်းမတော်မြို့နယ်။
ဖုန်း ၀၁-၂၂၁၅၈၆၊၀၉-၈၅၃၈၃၈၀၇၀၊ ၀၉-၄၂၃၈၄၃၈၅၄

OD TOUR Since 1997
ORIENTAL DRAGON TRAVELS & TOURS Co.,Ltd
Japan Style
(၂)ဦးမှစ၍ မိသားစုသီးသန့်ခရီးစဉ်များကို စီစဉ်ပေးလျက်ရှိပါသည်။

| | |
|---|---|
| ဟန်ချင်းဟာလောင်း၊Sun World Park | Nov.22,Dec.28 |
| ကမ္ဘောဒီးယားခရီးစဉ် | Nov.22,Dec.29 |
| စင်္ကာပူခရီးစဉ် | Nov.22,Dec.29 |
| ချင်းမိုင်၊ချင်းရိုင်ခရီးစဉ် | Nov.21,Dec.28 |
| ဗန်ကောက်၊ပတ္တရားခရီးစဉ် | Nov.21,Dec.28 |
| ဂျပန်ခရီးစဉ် | Nov.21,Dec.30 |
| ကိုရီးယားခရီးစဉ် | Nov.21,Dec.30 |
| ထိုင်ဝမ်ခရီးစဉ် | Nov.21,Dec.28 |

ဗုဒ္ဓဂယာခရီးစဉ်
ဟိုတယ်တည်းခရီးစဉ်
Dec.22,29
မြန်မာကျောင်းတည်းခရီးစဉ်
Dec.02,Jan.25
www.facebook/ODTour www.odtourmyanmar.com
01-523187,09-5187045,09-444477129,09-774554205

နိုင်ငံတကာ အသိအမှတ်ပြု ဖွံ့ဖြိုးမှု(၅)ရပ်ကို အခြေခံသည့် မူကြိုပညာရေး
EMOTIONAL Development (EQ)
INTELLECTUAL Development (IQ)
MORAL Development
PHYSICAL Development
SOCIAL Development



nurture preschool
We nurture tomorrow leaders!
သာကေတနှင့် လမ်းမတော် (၅)လမ်းကျောင်းခွဲ ဖွင့်ပြီနော်
www.nurturepreschoolmm.com
အသက် (၂) နှစ်မှ (၅) နှစ် ကလေးငယ်များ လစဉ် ကျောင်းအပ်လက်ခံနေပါပြီ

| စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မြောက်ဒဂုံ | သာကေတ | လမ်းမတော် |
|---|---|---|---|---|---|---|
| 09262963774 | 09254148005 | 01-549590 | 09259822226 | 01-8011315 | 09425888846 | 01-225341 |
| 09262963775 | 09450694035 | 09254148006 | 09259822227 | 09259822220 | 09425888847 | 09426888977 |



ကလေးနာမည်ပေး ဆရာကြီး ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
01-394727,01-399426,09-73009994
01-399426

iGREEN PAE ဖြင့် ဆောက်လုပ်ပေးမည်



နှစ် (၄၀)ပြည့် ဂန္ထဝင်ရုပ်ပြဝတ္ထုကြီး
မင်းသိင်္ခ မနုဿရီ
ထွက်ပြီ
ဖြန့်ချိရေး-ဘက်စုံစာပေ၊ ၁၁၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၀၁၃၇၃၂၂၁၀၊ ၀၉ ၅၁၆ ၂၀၆၄

Air.con ရေကျလို့လား?
Servicing လုပ်လိုက်ရင် ကောင်းသွားမှာပါ။



AAS Air.con Services
- သယ်န်းကျွန်း ဆိုင်ခွဲ 01-573811,578957
- တာမွေ ဆိုင်ခွဲ 09-5054228
- မြောက်ကုန်း ဆိုင်ခွဲ 09-8614140
- လမ်းမတော် ဆိုင်ခွဲ 09-420033454
- မန္တလေး ဆိုင်ခွဲ 09-450236294 09-772013711

အမျိုးသမီးအလှကုန်ဆိုင် အရောင်းဝန်ထမ်း အလိုရှိသည်။
နေစရာ အဆောင်စီစဉ်ပေးသည်။
ပြည်တွင်း၌သာ ခန့်ထားမည်။
မြန်မာကျပ်ငွေဖြင့်သာ ခန့်ထားမည်။
အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ ပါရမည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၇၂၃၄၀၊
၀၉-၅၁၉၅၇၂၁
(ရုံးချိန်အတွင်းသာ ဆက်ရန်)

စာအိတ်ထဲ ပိုက်ဆံထည့်ပြီး လက်ဖွဲ့နေတုန်းလား
MAB MOBILE BANK
Available on the App Store
GET IT ON Google Play
မြန်မာ့ရှေ့ဆောင်ဘဏ်
Call Centre +95 (1) 861 0612

**ဆရာအာသာ** ၏သင်ကြားမှု(၂၇)နှစ်ပြည့်(1991-2018)အထိမ်းအမှတ် အထူးအစီအစဉ်

**SUCCESS** Language Academy
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းသင့်တိုက်)
Ph: 09 443001453,01-503472, 09 30775232

ကျောင်းသားသစ် (15% Discount ) နှင့်
ကျောင်းသားဟောင်း ( ပုံမှန် Discount + 15% )

(မြို့လယ်ကျောင်း) Ph:392048,256954,202046
အမှတ်(၁၁၉)Y.W.C.A အိုကလေးမွေးထပ်၊

BASIC ENGLISH SPEAKING
9 - 12:00 (Sat + Sun) 17 Nov
1 - 2:30 (Mon -Thurs) 19 Nov
10-11:30 (Mon -Thurs) 26 Nov
7:30 - 9 (Mon -Thurs) 3 Dec

BASIC FOUR SKILLS ENGLISH
10-11:30 (Mon ~ Thurs) 19 Nov
3:30 - 5 (Mon ~ Thurs) 27 Nov
1 - 4:00 (Sat + Sun) 8 Dec

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 4:00 (Sat + Sun) 25 Nov
7:30 - 9 (Mon~Thurs) 26 Nov

INTERMEDIATE (ACADEMIC ENGLISH)
2 - 5:00 (Sat + Sun) 25 Nov

VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 1 Dec
10 - 11:30 (Mon ~Thurs) 10 Dec

BASIC GRAMMAR
3:30 - 5 (Mon~Thurs) 26 Nov

BASIC WRITING
9 - 12:00 (Sat + Sun) 30 Dec

BASIC ENGLISH SPEAKING
1 - 2:30 (Mon~Thurs) 19 Nov
6 - 7:30 (Mon~Thurs) 26 Nov

IELTS (Preparation)
1 - 4:30 (Sat + Sun) 17 Nov
7:30-9:30 (Mon~Thurs) 17 Dec

IELTS (Reading+Vocab)
1 - 3:00 (Mon~Thurs) 24 Dec

IELTS (Speaking+Vocab)
10-11:30 (Mon~Thurs) 10 Dec

IELTS (Writing+Grammar)
1 - 3:00 (Mon~Thurs) 17 Dec

BASIC FOUR SKILLS ENGLISH
1 - 4:00 (Sat + Sun) 24 Nov
7:30 - 9 (Mon~Thurs) 26 Nov
10 - 11:30 (Mon~Thurs)26 Nov

BASIC GRAMMAR
7:30-10:30 (Sat + Sun) 17 Nov

VOCAB ENRICHMENT
10-11:30 (Mon~Thurs) 27 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30-10:30 (Sat + Sun) 17 Nov
3:30 - 5 (Mon~Thurs) 19 Nov

INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 17 Nov
7:30 - 9 (Mon~Thurs) 26 Nov



Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည့်
**သာကီနွယ်** ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
နှစ်သစ်အထူးထပ်ဆင့် Promotion - ၁၁.၂သိန်းကျပ်စရိတ်ငြိမ်း (၁၅)ရက်ခရီး(၅. ၁. ၂၀၁၉)
ဒီဇင်ဘာကျောင်းပိတ်ရက်အထူးခရီးစဉ် - ၁၂သိန်းကျပ်စရိတ်ငြိမ်း (၁၅)ရက်ခရီး
- ပုံမှန်ခရီးစဉ်များ
(၈)ရက် (လေယာဉ်နှင့်သွား) - ၁၀.၅သိန်း
(၁၂)ရက် (လေယာဉ်နှင့်သွား) - ၁၁.၅သိန်း
(၁၅)ရက် (လေယာဉ်နှင့်သွား - ၁၂.၅သိန်း
ဂင်္ဂါမြစ်တင်ဆုံမဟာကုမ္ဘမေလာ)
(၈)ရက် - Dec - 22/ Jan -19/ Feb -22/ Mar-22
(၁၅)ရက် - Dec - 21/ Jan - 5,19/Feb - 1,9,16,22/ Mar - 2,9,16,22
- သံယာတော်၊သီလရှင်(၅၀၀၀၀)လျှော့
- (၁၀ဦး+၁ဦးအခမဲ့ - ၅ဦး+၁ဦး ၁၀%)
- ဘုရားဖူးနေရာအစုံ၊ ခရီးသွားအာမခံပါရှိခြင်း
- ဝန်ဆောင်မှုအပြည့် (စား၊ တည်း၊ ဝင်ကြေး) စရိတ်ငြိမ်း
- ဟိုတယ်(၃)ညအိပ်၊ ကျန်းမာရေးစောင့်ရှောက်မှု
- မြန်မာကျပ်ငွေဖြင့် အသက်သာဆုံးဈေးနှုန်း
ရန်ကုန်ရုံးချုပ် - အခန်းနံပါတ်(2Y)၊ ၂ လွှာ၊ ၁၂၃ လမ်းအပေါ်ဆိပ်
Shine(Golden View Condo) မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း - ၀၉- ၇၇၈၈၂၂၂၈၀
မန္တလေးရုံးဖုန်း - ၀၉ - ၇၇၈၈၂၂၂၅၀ / တောင်ကြီးရုံးဖုန်း - ၀၉ - ၇၇၈၈၂၂၂၆၀
Hot Line 01- 200952



ဆွေးချို+ဆီးချို အတွက် အကောင်းဆုံးဆေး



ဟံသာအေး
အံ့ဩလောက်
အောင်ကောင်းသည်။
ဆရာဦးဇော်ဝင်း၊ (တိုင်းရင်းဆေးသမားတော်) ပင်ရင်း - ၅၇၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဆေးခန်း - အမှတ် ၈၂၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ (တ.ဆ ၅၀၀၄) PH - 09 7320 7711



Konica ရွှေရာဇ Wedding Dress Photo Studio



စိုင်းစိုင်းခမ်းလှိုင်

မင်္ဂလာ ဓါတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်
ဘွဲ့ ဓါတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်
* အမှတ် (၇၀)၊ လမ်းမတော် လှည်းတန်းလမ်း၊ ၁၀ လမ်း နှင့် ၁၁ လမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၂၅၀၈၄
* အမှတ် (၃၆)၊ လှည်းတန်းဓါးပွိုင့်အနီး၊ ရန်ကုန်အင်းစိန်လမ်းမ၊ တမာရွှတ်၊ ဖုန်း - ၅၂၅၃၈၄



မြင့်မိုရ် CAR RENTAL
ခြိုတွင်း၊မြို့ပြင်နယ်ခရီးစဉ်များအတွက်
ALPHARD,HIACE (အစရှိသည်)
ကားအမျိုးမျိုး ငှားရမ်းနိုင်ပါသည်။
09-5191361,09-765191361



iGREEN PILE ရိုက်သည် ☎ 09 54 05 79 9





WINGS FOR EVERY ONE
LOIKAW
Starting from
19 November 2018
Yangon - Loikaw - Yangon
Flight No. Destination Departure Arrival
K7 442 Yangon - Loikaw 1200 1300
K7 443 Loikaw - Yangon (via Heho) 1315 1515
Monday, Wednesday, Friday, Sunday
AIR KBZ
WINGS FOR EVERYONE
Hotline: (01) 9670007
www.facebook.com/AIRKBZ
www.airkbz.com


NEW HOLLAND
AGRICULTURE
" လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းဖို့ နယူးဟော်လန် ထွန်စက်များကို သုံးကြစို့ "
မိတ်ဆွေ ထွန်စက်ဝယ်ယူပြီးမှ နောက်တွဲဝယ်ယူဖို့ အခက်အခဲဖြစ်နေသလား ...
ဒါမှမဟုတ် ထွန်စက်ဝယ်ယူပြီး အပိုပစ္စည်းနဲ့ ပြုပြင်ထိန်းသိမ်းမှုလုပ်ဖို့ စိတ်ပူနေသလား
တောင်သူများအဆင်ပြေစေဖို့ အမြဲအားထုတ်နေတဲ့ နယူးဟော်လန် မှ အထူးအခွင့်အရေးပေးနေပါပြီ...
သင်နှစ်သက်ရာ နယူးဟော်လန် ထွန်စက်တစ်စီးဝယ်ယူပြီး လုပ်ငန်းခွင်တွင် အဆင်ပြေဖို့ ကြိုတင်ပြင်ဆင်စို့ ( PMP ) လက်ဆောင်အစီအစဉ် ( သို့မဟုတ် ) အီတလီနိုင်ငံထုတ် Maschio အမှတ်တံဆိပ် ရိုတာဗေတာ တစ်လက် စိတ်ကြိုက် ရွေးချယ်ရယူလိုက်ပါ...( ၃၁.၁၂.၂၀၁၈ ထိ ဝယ်ယူသူများသာ )
နာရီ (၁၃၀၀ )
(သို့ ) (၁၈) လ အတွင်း
ထွန်စက်တည်ရှိရာအရောက်
( ၅ ) ခေါက် အခမဲ့ လာရောက်
ပြုပြင် ထိန်းသိမ်းပေးမှု
သို့မဟုတ်
နယူးဟော်လန်ထွန်စက်များကို 45 hp ~180 hp ထိ ရိုးမဘဏ်၊
MADB ဘဏ်တို့နှင့်ငှင်း၊ TT75, TD90 မော်ဒယ်(၂)မျိုးအား
စက်မှုလယ်ယာနှင့်ငှင်း စိတ်တိုင်းကျ ချိတ်ဆက်ဝယ်ယူရရှိနိုင်ပါသည်။
အသေးစိတ်လိုက်နာရမည့်
စည်းကမ်းချက်များကို သေချာစွာ
မေးမြန်းဆောင်ရွက်ပေးပါရန်။
YOMA BANK
The Responsible Bank.
MADB
AMD
အရစ်ကျစနစ်များစွာရွေးချယ်ဝယ်ယူနိုင်ခြင်း
အပိုပစ္စည်းများ အလွယ်တကူရရှိနိုင်ခြင်း
အကောင်းဆုံးသော ဝန်ဆောင်မှုများ
အကောင်းဆုံးသော အရည်အသွေး
Yoma Heavy Equipment (CPCL)
ရန်ကုန်ရုံးချုပ် : အမှတ်(၁၁၅၉)၊ (အက်ဖ်အမ်အိုင်)ပဒေသာပင်မြို့တော်၊ ဂိတ် (၂)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
The Legend continues..... New Branches now open..... More products coming..... !!!

# အာဆီယံဒေသတွင်း ပထမဆုံးအကြိမ် ငါးနိုင်ငံဖိတ်ခေါ် ကွင်းပတ်စက်ဘီးစီးပြိုင်ပွဲ မန္တလေးမြို့၌ ကျင်းပ



**မန္တလေး နိုဝင်ဘာ ၁၁**
အာဆီယံဒေသတွင်း ပထမဆုံးအကြိမ် ငါးနိုင်ငံဖိတ်ခေါ် ကွင်းပတ် စက်ဘီးစီးပြိုင်ပွဲ (Criterium Bike Race)ကို မန္တလေးကျုံးမြောက်ဘက်ခြမ်း ၁၂ လမ်း၊ ၆၈ လမ်းနှင့် ၇၃ လမ်းအကြားတွင် ယနေ့နံနက် ၇ နာရီမှ မွန်းလွဲပိုင်းအထိ ပြုလုပ်ခဲ့ပြီး ဆုရရှိသော အားကစားသမားများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စက်ဘီးစီးအားကစားသမား ၄၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်သော အဆိုပါပြိုင်ပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မြန်မာနိုင်ငံ စက်ဘီးစီးအားကစားအဖွဲ့ချုပ်၊ MSP CAT တို့ပူးပေါင်း၍ စီစဉ်ကျင်းပခြင်း ဖြစ်သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**

**မန္တလေးမြို့တွင် အာဆီယံဒေသတွင်း ပထမဆုံး အကြိမ် ငါးနိုင်ငံဖိတ်ခေါ် ကွင်းပတ်စက်ဘီးစီးပြိုင်ပွဲ ကျင်းပစဉ်။ ဓာတ်ပုံ-အား/ကာ**

# အမျိုးသားအလွတ်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**
(၁၄)ကြိမ်မြောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ခြောက်ပေါက်တန်း အမျိုးသားအလွတ်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲများကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲအဖြစ် အမျိုးသားအလွတ်တန်း ခြောက်ပေါက်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ် ပြိုင်ပွဲတွင် 2TWO(A) ကျောက်မြောင်းအသင်းက မြင်းခြံအသင်းကို ရမှတ် ၁၁၇၇ မှတ်/ ၁၁၄၅ မှတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး မြင်းခြံအသင်းက ဒုတိယ၊ လှုငယ်

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ✻**



(၁၄)ကြိမ်မြောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ခြောက်ပေါက်တန်း အမျိုးသားအလွတ်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပစဉ်။

# မြန်မာအမျိုးသမီးအသင်း နီပေါနှင့် မထင်မှတ်ဘဲ သရေကျ

**ရန်ကုန် နိုဝင်ဘာ ၁၁**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲ အုပ်စု(ဂ)ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်းသည် မထင်မှတ်ဘဲ သရေကျခဲ့သည်။

| | | |
|---|---|---|
| မြန်မာ | - | တစ်ဂိုး |
| နီပေါ | - | တစ်ဂိုး |

အုပ်စုပထမပွဲတွင် အိန္ဒိယအသင်းကို မထင်မှတ်ဘဲ သရေကစားခဲ့သည့် နီပေါအသင်းသည် ယခုပွဲတွင်လည်း အိမ်ရှင်မြန်မာအသင်းထံမှ အမှတ်ခွဲယူနိုင်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုပွဲသရေရလဒ်ကြောင့် ဒုတိယအဆင့်ခြေစစ်ပွဲတက်ရောက်နိုင်မည့် အခွင့်အရေးလက်လွှတ်ခဲ့ရကာ နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ဘင်္ဂလားဒေ့ရှ်အသင်းကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သော်လည်း ခင်မာလာထွန်း၊ ဝင်းသီဂီထွန်း၊ ခင်မိုးဝေစသည့်

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ○**





ရွှေလမင်းဆေးရုံများတွင် သီတင်းကျွတ်/တန်ဆောင်တိုင်အထူးအစီအစဉ်(၁၀.၁၀.၁၈ မှ ၃၀.၁၁.၁၈) ရက်နေ့အတွင်း အခန်းခများကို 15% Discount နှင့် ကျန်းမာရေးစစ်ဆေးခြင်း (Medical Check Up Package) များကို အထူးလျှော့ဈေးပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်သည်။

ရွှေလမင်းဆေးရုံ(၁) : အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ Hot Line : 01-655612

ရွှေလမင်းဆေးရုံ(၂) : အမှတ်(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်။ Hot Line : 01-2301949

ရွှေလမင်းဆေးရုံ(၃) : အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့။ Ph:044-2021375,2022799

ရွှေလမင်းဆေးရုံ(၄) : အမှတ်(၁)၊ ရှမ်းစုလမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။ Ph-057-2026202,2026855

APOLO®

စက္ကူ၊ စာအုပ်နှင့် စာရေးကိရိယာ အမျိုးမျိုး

အမြို့မြို့အနယ်နယ်ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

Hot Line - 01 3684292
Facebook - www.facebook.com/apolostio
website - www.decolandgroup.com



